# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ တနင်္လာနေ့၊ (22-9-2014) (၇၉၇၁)


**အပ္ပမာဒေါ ဓမ္မေသု စေတမင်္ဂလ မုတ္တမံ**

ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

**မိုးရွာသွန်းမှု**

၂၁-၉-၂၀၁၄

| | |
|---|---|
| ညောင်တုန်း | ၂ ဒသမ ၄၇ လက်မ |
| ခန္တီး | ၂ ဒသမ ၃၆ လက်မ |
| ဘီးလင်း | ၂ ဒသမ ၂၀ လက်မ |
| ကျောက်တော် | ၂ ဒသမ ၀၅ လက်မ |
| မြစ်ကြီးနား | ၁ ဒသမ ၃၄ လက်မ |
| ပလက်ဝ | ၁ ဒသမ ၃၀ လက်မ |

# သာကေတ ကမ်းလွန်အခြေစိုက်စခန်း၌ ဆိပ်ခံတံတားဖွင့်



စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သာကေတကမ်းလွန်အခြေစိုက်စခန်း၌ တည်ဆောက်ပြီးစီးသော Offshore Ferry terminal အား အဝေးမှတွေ့မြင်ရစဉ်။ (စွမ်းအင်)

**ရန်ကုန် စက်တင်ဘာ ၂၁**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ သာကေတကမ်းလွန်အခြေစိုက်စခန်း၌ စက်တင်ဘာ ၂၀ ရက် ညနေပိုင်းတွင် ကျင်းပသော Offshore Ferry terminal လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် တက်ရောက်သည်။

ရှေးဦးစွာ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အခြေစိုက်စခန်းအစည်းအဝေးခန်းမ၌ ကျင်းပရာ စခန်းတာဝန်ခံအထွေထွေမန်နေဂျာက ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းများအား ရှင်းလင်းတင်ပြ၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက နှုတ်ခွန်းဆက်စကားပြောကြားပြီး Total E & P Myanmar ကုမ္ပဏီ အထွေထွေမန်နေဂျာက Offshore Ferry terminal နှင့်ပတ်သက်သော စာရွက်စာတမ်းများကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ဆိပ်ခံတံတားကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလက စတင်တည်ဆောက်ခဲ့ရာ တည်ဆောက်ချိန်ကာလ ၆ လခန့်ကြာမြင့်ခဲ့သည်။ ဆိပ်ခံတံတားမှာ အလျား ၄၅ မီတာ၊ အကျယ် ၁၅ မီတာရှိပြီး American Bureau of Shipping class ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဆိပ်ခံအား Pile Guide System ဖြင့် ထိန်းချုပ်သည့်စနစ်အား အသုံးပြုတည်ဆောက်ခြင်းဖြစ်သည်။

ဆိပ်ခံတံတားတည်ဆောက်ခြင်းဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသောကုမ္ပဏီများမှ ကမ်းလွန်ရေနံလုပ်ကွက်များတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများ တာဝန်လဲလှယ်ရာတွင်လည်းကောင်း၊ အရေးပေါ်အထောက်အကူပြုပစ္စည်းများ ပို့ဆောင်ရာတွင်လည်းကောင်း၊ ယခင်က ရဟတ်ယာဉ်တစ်မျိုးတည်းကိုသာ မှီခိုအသုံးပြုရာမှ ယခုအခါ ဆိပ်ခံတံတားအားအသုံးပြု၍ ရေကြောင်းမှလည်း လွယ်ကူလုံခြုံစွာ ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## လေဖိအားနည်းရပ်ဝန်း ဩရိဿကမ်းခြေသို့ ဝင်ရောက်ခဲ့ပြီးဖြစ်

ယနေ့နံနက် ၆ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေသို့ ရွေ့လျားဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ (ကြေးမုံ)

# နှစ်စဉ်တူပျော် မြို့ရွှေကျောင်းရဲ့ သီတင်းကျွတ်မီးမျှောပွဲတော်

မြန်မာနိုင်ငံတစ်ဝန်း၌ ဒေသအလိုက် ကျင်းပဆင်နွှဲသည့်ပွဲတော်များအနက် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်းရှိ ရွှေကျင်သီတင်းကျွတ် မီးမျှောပူဇော်ပွဲသည် နာမည်ကျော်ကြားလှပြီး ကာလရှည်ကြာစွာ ကျင်းပသည့်ပွဲတော်ကြီးလည်းဖြစ်သည်။

၁၂ ရာသီ ပွဲတော်များအနက် ရွှေကျင်သီတင်းကျွတ်မီးမျှောပူဇော်ပွဲသည် ဒေသတွင်း၌သာမက မြန်မာနိုင်ငံအရပ်ရပ်သို့ပင် ပျံ့နှံ့ကျော်ကြားသည်။

ကုန်းဘောင်ခေတ် နှောင်းပိုင်းမှစ၍ ကျင်းပလာခဲ့သော ရွှေကျင်မီးမျှောပူဇော်ပွဲသည် မြတ်စွာဘုရားအားအမျှုးထား၍ တောင်သမုဒ္ဒရာ၌ ကြွေးပြာသာဒ်ဖြင့် စံမြန်းနေသည့်

စာမျက်နှာ ၃ ကော်လံ ၅ သို့




ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ် ကိန်းဝပ်စံပယ်ရာ ကရဝိက်ဖောင်တော် လှည့်လည်အပူဇော်ခံနေစဉ်။




ကြေးမုံ စာ တည်း ရှု ထောင့် ၂၂-၉-၂၀၁၄၊ တနင်္လာနေ့

# မြစ်ကြီး ဧရာဝတီ

ဧရာဝတီမြစ်သည် အမိမြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သည်။ အမိမြန်မာနိုင်ငံတော်စတင်ဖြစ်တည်စ အချိန်ကတည်းက ဧရာဝတီမြစ်ကြီး ပေါ်ထွန်းနေပြီး ဧရာဝတီကိုအမှီပြုကာ မြန်မာပြည်သူပြည်သားများ အသက်ရှင်သန်ခဲ့ကြရသဖြင့် ဧရာဝတီသည် မြန်မာနိုင်ငံ၏အသက်၊ မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့၏ ပင်မသွေးကြောကြီးဟု ခေါ်ဆိုထိုက်ပါသည်။

ဧရာဝတီမြစ်ကြီးသည် ရေမခြား၊ မြေမခြားဘဲ မြန်မာတိုင်းရင်းသား အားလုံးပိုင်ဆိုင်သော ထူးခြားသည့် အသွင်ဆောင်သော မြစ်ကြီးဖြစ်သည်။ မြန်မာပြည်မြောက်ဖျား ကချင်ပြည်နယ်မှတိုင်းရင်းသားများနေထိုင်ရာ မေခ၊ မလိခမြစ်မှ စတင်အခြေတည်ခဲ့ပြီး မြန်မာပြည်အလယ်ပိုင်းမှ အောက်ပိုင်း မြစ်ဝကျွန်းပေါ်အထိ မိုင်ပေါင်း ၁၃၅၀ ရှည်လျားသည်။

မြောက်ဖျားမှ ဂျိန်းဖောတို့ မေခ၊ မလိခမြစ်ရေကို သောက်သုံးချိန်ဝယ် ဖြတ်သန်းစီးဆင်းရာ မြန်မာပြည်အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသ၊ တောင်ပိုင်းမြစ်ဝကျွန်းပေါ်ဒေသတို့မှ တိုင်းရင်းသားများအားလုံး အတူတကွ သောက်သုံးခဲ့ကြသည်။ ထို့ကြောင့် တစ်မြေတည်းနေ၊ တစ်ရေတည်း သောက်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။

ထိုအချိန်ကာလမှစပြီး နှစ်ပေါင်းမြောက်မြားစွာကြာမြင့်သည့်တိုင်အောင် တိုင်းရင်းသားပြည်သူများအား အလုပ်အကျွေးပြုခဲ့သည့် အမိဧရာဝတီမြစ်ကြီးသည် နှစ်ကာလရှည်ကြာလာသည်နှင့်အမျှ အကြောင်းအမျိုးမျိုးကြောင့် တိမ်ကောမှုများ ရှိလာခဲ့ရသည်။

ယနေ့ကာလတွင် ဧရာဝတီမြစ်ဖြတ်သန်းစီးဆင်းရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း သောင်ထွန်းခြင်း၊ ရေတိုက်စားကမ်းပါးပြိုခြင်းများကို မြင်တွေ့နေရသည်။ မူလကကြည်လင်သော ရေအလျဉ်မှာ နောက်ကျိလာသဖြင့် သောက်သုံးရန်ခက်ခဲလာပြီး ရေစားကမ်းပြို ရေကြီးရေလျှံမှုများ နှစ်စဉ်ဖြစ်ပေါ်လာသောကြောင့် တိုင်းရင်းသားပြည်သူများ အခက်အခဲနှင့် ကြုံတွေ့လာကြရသည်။

ပြည်သူများ၏ အသက်သွေးကြောဖြစ်သော စိုက်ပျိုးရေရရှိရေး၊ ဒေသတစ်နေရာမှ တစ်နေရာသို့ ရေလမ်းကြောင်းအသုံးပြုသွားလာနိုင်ရေး၊ မြန်မာပြည်အလယ်ပိုင်းရှိ သောက်သုံးရေရှားပါးသည့် ဒေသများတွင် ရေချိုအရင်းအမြစ်များ ဖြည့်ဆည်းပေးနိုင်ရေး စသည့်မြစ်ကြောင်းတစ်လျှောက်တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအတွက် ဖြည့်ဆည်းပေးရန် ကြံဆစီမံဆောင်ရွက်ပေးကြတော့မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် တစ်နှစ်လျှင် မိုးရေချိန် ၉၈ လက်မရရှိသည်။ တစ်နှစ်လုံးရွာသွန်းသည့် ထိုမိုးရေထုကြီးကို ထိရောက်စွာအသုံးမချနိုင်သည့်အပြင် မြစ်ကြောင်းများတိမ်ကောလာမှုကြောင့်လည်း ရေကြီးရေလျှံမှုများနှင့် ကြုံတွေ့ကြရသည်။ ခေတ်မီအင်ဂျင်နီယာနည်းပညာများနှင့် ဧရာဝတီမြစ်ရေကို ထိန်းချုပ်ကြမည်၊ ပြုပြင်ထိန်းသိမ်းပေးမည် စသည့် အစီအမံများကို အကောင်အထည်ဖော်ကြတော့မည်ဖြစ်ရာ တိုင်းရင်းသားပြည်သူများအတွက် ဝမ်းမြောက်ဖွယ်ဖြစ်သည်။

မြန်မာနိုင်ငံမှ တာဝန်ရှိသူများနှင့် ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင်ပညာရှင်များ တွေ့ဆုံဆွေးနွေးပြီး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ကြတော့မည်။ မြစ်ကြောင်းရေးရာနှင့်ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာနအတွက် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာသန်း ၁၀၀ ချေးယူရန်ကို လွှတ်တော်ကလည်း အတည်ပြုဆုံးဖြတ်ပေးခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် ဧရာဝတီမြစ်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ မြစ်ကြီးများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတော့မည်ဟု ယုံကြည်ပါသည်။ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအတွက် အသက်တမျှအရေးကြီးသော မြစ်ကြီးများကို ပြန်လည်စောင့်ရှောက်နိုင်ကြပါမှ အားထားအသုံးပြုကြသည့် ပြည်သူများ၏ လူမှုဘဝများလည်း အဆင်ပြေချောမွေ့ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသို့ ရှေးရှုနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ဧရာဝတီကိုချစ်ပါ၊ ဧရာဝတီကို စောင့်ရှောက်ပါဟု တိုက်တွန်းနှိုးဆော်ရင်း မကြာမီ အမိပြည်ထောင်စုကြီးနှင့်အတူ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် သာယာလှပလာတော့မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

# ဆိုလာစနစ်ပါ ရေဒီယိုများ သန်လျင်မြို့နယ်၌ ပေးအပ်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Burmet Institute Medical Research Practical Action တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဝေးလံခေါင်းပါး၍ လျှပ်စစ်မီးမရရှိသော ကျေးရွာများသို့ ဆိုလာစနစ်ပါ ရေဒီယိုများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက သန်လျင်မြို့နယ် ကဒက်ဖြာကျေးရွာ၌ ကျင်းပသည်။



အဆိုပါ လှူဒါန်းပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး(အသံလွှင့်) ဦးဇေယျာနှင့် ဒေါ်ခင်မာဝင်း(မြန်မာပိုင်းအသံလွှင့်ဌာန ABC မြန်မာ့အသံအကြံပေး) တို့က ကျေးရွာအရောက်လာရောက်လှူဒါန်းရခြင်း၏ အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး သန်လျင်မြို့နယ်အတွင်းရှိ ကဒက်ဖြာ၊ ပြည်တော်သာနှင့် သာယာကုန်းကျေးရွာများသို့ တစ်ရွာလျှင် ဆိုလာစနစ်ပါ ရေဒီယိုအလုံး ၂၀ စီနှင့် ပညာပေးပိုစတာများ ပေးအပ်ကြသည်။

**သန်းဝင်း (သန်လျင်)**

# ဒဂုံမြို့သစ် (တောင်ပိုင်း)၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းလှိုင်၊ စခန်းမှူး ဒုတိယရဲမှူးမောင်မောင်ဦးတို့ ကြီးကြပ်၍ မြို့နယ်စခန်းမှ ရဲတပ်ဖွဲ့ဝင်အင်အား ၈၀ ခန့်သည် စက်တင်ဘာ ၂၁ ရက် နံနက် ၇ နာရီတွင် မြို့နယ်ပြည်သူ့ဆေးရုံကြီးအတွင်း၊ အပြင်ရှိ ပေါင်းမြက်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဆေးရုံအတွင်းရှိ ရေမြောင်းများတူးဖော်ခြင်းစသော အကျိုးပြုလုပ်ငန်းများကို နှစ်(၅၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုအထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်တိုက်အားတိုက် တပျော်တပါး ဆောင်ရွက်ခဲ့ကြသည်။

**(၅၄၈)**

# မှူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၂၁**

မွန်ပြည်နယ် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးကျင်းပသော မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၈ ရက်က မုဒုံမြို့ မြို့မ(၃)ရပ်ကွက် ပိန္နဲတိုက်ရပ်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ရွှေသံလွင်ခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေသိန်း၊ မော်လမြိုင်မြို့ အမှတ်(၉) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ တပ်ဖွဲ့စု(၃၈)မှ ဒုတိယရဲမှူးနိုင်ထန်းမနား၊ မော်လမြိုင် အမှတ်(၉)ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးငွေရွှေနှင့် မော်လမြိုင် အမှတ်(၉) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ရဲအုပ်သန်းငွေဝင်းတို့က ဟောပြောခဲ့ကြသည်။

အလားတူ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၉)ယာဉ်ထိန်းတပ်ဖွဲ့ခွဲရုံးမှ ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကို ဩဂုတ်လမှ စက်တင်ဘာ ၁၈ ရက်အထိ မော်လမြိုင်ရှိ အထကနှင့် အလကကျောင်းများတွင်လည်း ကျင်းပခဲ့ကြောင်း သိရသည်။

**(၃၀၇)**




## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၂-၉-၂၀၁၄ (တနင်္လာနေ့)

| | |
|---|---|
| ၅း၁၀ | ပဋ္ဌာန်းပါဠိတော်၊ ရတနာသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၄၀ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၄၅ | အနုပညာမိုးကောင်းကင် |
| ၁၁း၂၅ | Forever Music Tribute ထူးအိမ်သင်ဂီတပွဲတော် (အပိုင်း-၄) (ဒုတိယပိုင်း) |
| ၅း၁၀ | Minute to Win It |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိန်းမသားလေးကျွန်မ" (အပိုင်း-၁၁၉) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၁၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "နူးညံ့သောပျော်ရွှင်မှု" (အပိုင်း-၇၈) |
| ၉း၄၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "မာယာနန်းတော်" (အပိုင်း-၇၅) |

ဂဲ ဘယ်လိုလဲ? ပရိုက်သက်ကြီးရေ 6 & 6+ ကြိုက်တဲ့ဆိုဒ်သာ ရွေးပေတော့
ကြိုတင်အော်ဒါ မှာမလား? ဈေးသက်သာမယ်။
လက်ကိုင်မလား? လန်းသွားမယ်။
NEOTECH Life Mark
(၇၈×၃၂လမ်း)၊ ဘုတာကြီးတောင်ဘက်၊ မန္တလေးမြို့။ ၀၉-၉၁၀၁၉၅၆၀၊ ၀၉-၅၀၄၃၁၂၀
အမှတ်(၁၆၆)၊ ဆိပ်ကမ်းသာလမ်း (အောက်)၊ ရန်ကုန်မြို့။ ၀၁-၃၉၈၁၉၉၊ ၇၁၀၇၅၂
အမှတ်-၂၂၁၊ ဆိပ်ကမ်းသာလမ်း (အလယ်)၊ ရန်ကုန်မြို့။ ၀၁-၃၉၁၆၉၀၊ ၃၉၁၆၉၁
LINN IT Solution Co.,Ltd.
အမှတ် (၁၁/၇)၊ ဗိုလ်ချုပ်လမ်း၊ ပျဉ်းမနားမြို့။ ၀၆၇-၂၂၈၈၄၊ ၂၃၈၈၄
အမှတ် (၁၁၇)၊ သပြေကုန်း၊ နေပြည်တော်။ ၀၆၇-၄၁၄၈၈၄၊ ၄၁၄၈၈၅

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်
နဂါးအမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၀၀၂၇၆၇ (၀၅၁၃)
လေငန်းဖမ်း၍ကိုယ်တစ်ခြမ်းသေခြင်း၊ ပါးရွဲ့ခြင်း၊ လေဖြန်းခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း ဖြစ်လျှင်လိမ်းနိုင်ပါသည်။
Certificate TH09/3125
Certificate TH06/3966.01
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။

# ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်မှာကြား

**နေပြည်တော် စက်တင်ဘာ ၂၁**

ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ သည် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ ထူပါရုံဘုရားကျောက်စာရုံ၌ ထူပါရုံဘုရားသမိုင်းမှတ်တမ်းကျောက်စာ အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး တစ်ဝိုက်ရှိ ဒေသအနှံ့ အပြားမှရရှိသော ပင်းယခေတ်မှ ကုန်းဘောင်ခေတ်ဦးပိုင်း အေဒီ (၁၄) ရာစုမှ (၁၈)ရာစုအထိ ရေးထိုးထားသော ကျောက်စာ ၂၄ ချပ်ကို ၁၉၀၅ ခုနှစ်ကတည်းက ကျောက်စာရုံတည်ဆောက်ထိန်းသိမ်းစောင့်ရှောက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လေ့လာသူများ၊ သုတေသီများ အလွယ်တကူဖတ် ရှုလေ့လာသိရှိနိုင်ရေးအတွက် ကျောက်စာချပ်များတွင် ရေးထိုးထားသည့် အကြောင်းအရာရှင်းလင်းချက်များ စနစ်တကျရေးသား ပြသထားရေး မှာကြားသည်။

ဆက်လက်၍ တိလောကဂုရုလိုဏ်ဘုရားသို့ သွားရောက်ပြီး ညောင်ရမ်းခေတ် နံရံဆေးရေးပန်းချီများ သန့်စင်ထိန်းသိမ်းထားမှု၊ ထုံးသုတ်ထားသည်များကို ဓာတုဗေဒဆေးဝါးဖြင့် ချေးချွတ်ဖယ်ရှား၍ လေ့လာသူများ မြင်တွေ့နိုင် ရန်အတွက် UV Filter တပ်ဆင်ထားသည့် LED မီးများဖြင့် နံရံပန်းချီများ ထိခိုက်မှုမရှိအောင် ပညာရှင်များနှင့်ညှိနှိုင်း၍ တွက်ချက်ဆောင်ရွက်ရန်နှင့် အမိုးရေပိတ်လွှာပြုပြင်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် စစ်ကိုင်းဗုဒ္ဓပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိပြီး နှစ်စဉ်မွမ်းမံပြုပြင်ထားမှု၊ ပြန်လည်ခင်းကျင်းပြသရန် ဆောင်ရွက်နေမှုများအပေါ် စနစ်တကျဆောင်ရွက်ရေး၊ ကဏ္ဍအလိုက်ခွဲခြားပြသရေး၊ စုဆောင်းမှုနှင့်ပြသမှုတို့ကို အဂါရဝ မဖြစ်စေအောင် စီစဉ်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားခဲ့သည်။



**ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ စစ်ကိုင်းဗုဒ္ဓပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက်ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ဆက်လက်၍ မင်းကွန်းပုထိုးတော်ကြီး၊ မင်းကွန်းခေါင်းလောင်းကြီးနှင့် မြသိန်းတန်ဘုရားများသို့ သွားရောက်ကာ မိုးရာသီတွင် ပေါက်ရောက်ခဲ့သော ပေါင်းမြက်ရှင်းလင်းခြင်းကို ဒေသခံများ၊ လုပ်အားဒါန အလှူများ၊ ဌာနရန်ပုံငွေများဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ နောင်တွင် ရှေးဟောင်းအဆောက်အအုံများ၏ မြင်ကွင်းကို ထိခိုက်လာနိုင်သဖြင့် ကြိုတင်၍ ခြံစည်းရိုးများစနစ်တကျ ကာရံသွားရန်၊ ရှေးဟောင်းအဆောက်အအုံဝင်ကြေးကို စနစ်တကျကြီးကြပ်ကောက်ခံရန်၊ ရှေးဟောင်းအမွေအနှစ်များကို ဒေသခံများအားလုံး ချစ်မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်သွားရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားရန်စသည်ဖြင့် ဆွေးနွေးမှာကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်သို့ ရောက်ရှိကာ မြနန်းစံကျော်ရွှေနန်းတော် သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ ပေါင်းမြက်ရှင်းလင်းရေးများကို နှစ်စဉ်လျာထားဆောင်ရွက်သွားရန်၊ ပြုပြင်ထိန်းသိမ်းရန် လိုအပ်သည့် အပိုင်းလိုက်ကို ကြံ့ခိုင်မှုရှိအောင် ပြုပြင်ရန်၊ ရှင်းလင်းပြသရေးအတွက် ဒေသခံ Volunteer များ ခေါ်ယူ၍ လေ့ကျင့်သင်ကြားပေးပြီး လာရောက်လေ့လာသည့် ပြည်တွင်း၊ ပြည်ပဧည့်သည်များကို ဝန်ဆောင်မှုပေးရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စက်မှုဇုန်များတွင် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာများ ဆွေးနွေး

**မြစ်ကြီးနား စက်တင်ဘာ ၂၁**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိန်ချုံးခရိုင် ပြည်နယ်ချစ်ကြည်ရေးအသင်းကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ခရိုင် ပြည်ပချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ခရိုင်ပါတီအတွင်းရေးမှူး Mr.He Wei ပါဝင်သောအဖွဲ့တို့သည် စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ကချင်ပြည်နယ်နှင့် ထိန်ချုံးခရိုင် ဒေသနှစ်ခုအတွင်း နယ်စပ်ကုန်သွယ်ရေးဇုန်များတည်ထောင်ရေး၊ နယ်စပ်ဂိတ်များအဆင့်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဂိတ်များ၌ ဖြတ်သန်းသွားလာရာတွင် ယခုထက်ပိုမို၍ အဆင်ပြေချောမွေ့စေရေး၊ ဒေသနှစ်ခုအတွင်း လယ်ယာစိုက်ပျိုးရေးကို စက်မှုလယ်ယာအဆင့်သို့ မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ ကုန်သွယ်ရေးဇုန်၊ စက်မှုဇုန်များတွင် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာကိစ္စရပ်များနှင့် ထိန်ချုံး-မြစ်ကြီးနား - ပန်ဆောင်လမ်းမကြီး ဖောက်လုပ်နိုင်ရေးတို့အတွက် အပြန်အလှန်ဆွေးနွေးကြကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

❒ **ရွှေဖုံးမှ**

ရှင်ဥပဂုတ္တမထေရ်မြတ်အားရည်စူး၍ နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် ရွှေကျင်ချောင်းအတွင်း၌ ဆီမီးရောင်စုံ မီးကြာခွက်များ ရေမျှော ပူဇော်သည့်ပွဲတော်တစ်ခုဖြစ်ပြီး ခေတ်အဆက်ဆက် လက်ဆင့်ကမ်းကျင်းပလာသည်မှာ ယနေ့တိုင်ဖြစ်သည်။

ယခုနှစ်ကျင်းပမည့် (၁၆၃)နှစ်မြောက် ရွှေကျင်မြို့နယ် သီတင်းကျွတ်မီးမျှောပူဇော်ပွဲကိုလည်း သီတင်းကျွတ်လဆန်း ၈ ရက်မှ လပြည့်ကျော် ၁ ရက်အထိ ကုန်းပွဲ၊ ရေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ သီတင်းကျွတ်မီးမျှောပွဲကို ရွှေကျင်မြို့ ပျဉ်းမရပ်ရှိ ချောင်းနံဘေးနှင့် ရွှေကျင်ချောင်းအတွင်း၌ ကျင်းပပြီး ရွှေကျင်သီတင်းကျွတ်မီးမျှောပူဇော်ပွဲကို နှစ်စဉ်သီတင်းကျွတ်လဆန်း ၈ ရက် သတ်မှတ်ထားသည့် မင်္ဂလာအချိန်မှ စတင်ကာ သီတင်းကျွတ်လဆန်း ၁၂ ရက်တွင် ရွှေကျင်မြို့ လေးထပ်ကျောင်းဓမ္မာရုံကြီး၌ ရှင်ဥပဂုတ္တမထေရ်မြတ်အား အမှူးထား၍ သံဃာတော်အရှင်သူမြတ်များအား ရွှေကျင်မြို့သူမြို့သားများက နေ့ဆွမ်းဆက်ကပ်ပူဇော်ပြီး နောက်တစ်နေ့တွင် ရွှေကျင်မြို့အတွင်းသို့ ရဟန္တာအရှင်မြတ်ကြီးအား လှည့်လည်ပူဇော်ခံကျင်းပခြင်းတို့ကို ဆောင်ရွက်ပါသည်။ ထိုမှတစ်ဆင့် ရွှေကျင်ချောင်းအတွင်းရှိ ကရဝိက်ဖောင်တော်ပေါ်သို့ ရှင်ဥပဂုတ္တမထေရ်မြတ်ရုပ်ပွားတော်အားပင့်ဆောင်၍ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။ ထိုအခမ်းအနားမှ စတင်၍ သီတင်းကျွတ်မီးမျှောပူဇော်ပွဲ၏ ကုန်းပွဲတော်စတင်ပြီဖြစ်ပြီး ရွှေကျင်မြို့သည် လှုပ်ရှားသက်ဝင်လာကာ ပွဲတော်ကျင်းပရာနေရာတစ်ဝိုက်၌ ဓမ္မတေးသံများ လွှမ်းခြုံနေမှုကို တွေ့မြင်ရမည်ဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းတွင် ရွှေကျင်မြို့အရှေ့ဘက် တောင်စွယ်ပေါ်ရှိ အရှေ့မဟာဗုဒ္ဓဘုရားကြီး၌ နံနက်အရုဏ်တက်ချိန်မှစ၍ ရွှေကျင်မြို့နယ်အတွင်းနှင့် ရပ်ဝေးမှ ဘုရားဖူးပြည်သူများက သဒ္ဓါထက်သန်စွာဖြင့် ဆွမ်းတော်ကြီးတင်လှူပွဲကိုလည်း နှစ်စဉ် ကျင်းပကြသည်။

ပွဲတော်၏ အထွတ်အထိပ်ဖြစ်သည့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက် နံနက်ပိုင်းမှစတင်ကာ ရွှေကျင်ချောင်းအတွင်း၌ တက်ခုတ်ယိမ်း၊ တက်ပျံ့ယိမ်း၊ ယိမ်းအဖွဲ့၊ ကရင်ရိုးရာ ဒုံးယိမ်း၊ ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့များက စက်တပ်လှေဖောင်များဖြင့် ကပြဖျော်ဖြေပြိုင်ပွဲဝင်ကြသည်ကို ဒေသခံတိုင်းရင်းသားများနှင့် ပွဲတော်လာပရိသတ်များက ကမ်းလုံးညွတ်မျှကြည့်ရှုအားပေးကြပြီး အထူးစည်ကားလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

ယင်းနေ့ ညနေ ၄ နာရီမှစ၍ ဗဟိုမဏ္ဍပ်၌ ယိမ်းပြိုင်ပွဲအသီးသီးနှင့် တက်ခုတ်၊ တက်ပျံ့ယိမ်းပြိုင်ပွဲများမှ ဆုရရှိသည့် အသင်းများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ပြီး ညနေ ၆ နာရီတွင် မီးမျှောပူဇော်ပွဲမစတင်မီ လှော်ကားတော်ကြီးလှေဦးဆောင်၍ ရှင်ဥပဂုတ္တမထေရ်မြတ်စံမြန်းတော်မူသည့် ကရဝိက်ဖောင်တော်သည် ဝတ်ရွတ်အသင်းဝင်လှေများခြံရံကာ ရွှေကျင်ချောင်းအထက်အောက်သို့ လက်ယာရစ်သုံးကြိမ်လှည့်လည် အပူဇော်ခံသည်။

သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ညနေချမ်းနေခြည်အကျ မှောင်စပျိုးချိန်တွင် ရွှေကျင်ချောင်း၏ မှန်သားပြင်တမျှ ကြည်လင်ငြိမ်သက်သော ရေအလျဉ်တွင် မီးမျှောပူဇော်ခြင်းတို့ကြောင့် ထူးခြားသည့် အသွင်ဆောင်လျက်ရှိသည်။

အနယ်နယ်အရပ်ရပ်ရှိ ဘုရားဖူးပြည်သူအပေါင်းသည် မိသားစုအလိုက် ပျော်ရွှင်စွာဖြင့် ကုသိုလ်လည်းရ အပန်းလည်းဖြေနိုင်ရန် ရွှေကျင်သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော်သို့ ဘုရားဖူးကြွရောက်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ ဖိတ်ခေါ်ရေးသားလိုက်ရပါသည်။ ။


## ဒဂုံတက္ကသိုလ် သချာင်္မိသားစု (၁၂)ကြိမ်မြောက်သက်ကြီးအာစရိယပူဇော်ပွဲ

ဒဂုံတက္ကသိုလ်သချာင်္ဌာနနှင့် သချာင်္ကျောင်းသားဟောင်းများ စုပေါင်း၍ ၂၀၁၄ ခုနှစ်၊ သက်ကြီး အငြိမ်းစားဆရာကြီး၊ ဆရာမကြီး(၃၄)ဦးတို့အား(၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ(၂၅)ရက် (စနေနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့၊ လှည်းတန်းရှိ တက္ကသိုလ်များဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်၍ ဒဂုံတက္ကသိုလ် သချာင်္ဆရာ၊ ဆရာမများနှင့် ကျောင်းသားဟောင်းများ စုံညီစွာ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲကျင်းပရေးကော်မတီမှ အလှူငွေများကို ကမ္ဘောဇဘဏ် ငွေစာရင်းအမှတ် (၀၂၁၁၂၂၀၁၀၂၇၀၄)ဖြင့် ဖွင့်လှစ်ထားပြီး ဒဂုံတက္ကသိုလ်သချာင်္ဌာနမှူး၊ ပါမောက္ခဒေါက်တာသိန်းအောင် (၀၉ ၅၁၄၂၂၃၈)၊ ပါမောက္ခဒေါက်တာသန်းမြင့်ဆွေ (၀၉ ၄၀၃၇၃၃၅၁၂)၊ ဒေါ်ဥမ္မာပိုင် (၀၉ ၅၀၀၇၉၅၁)၊ ဒေါ်ခင်သစ်လွင် (၀၉ ၅၀၀၅၂၇၂)၊ ဒေါ်လှလှနု (၀၉ ၅၀၅၉၀၄၇)၊ ဒေါ်ခင်အေးမြင့် (၀၉ ၂၅၉၀ ၄၀၃၈၃)၊ ဒေါ်မီမီချော (၀၆ ၅၀၅၄၇၆၅)၊ သချာင်္ကျောင်းသားဟောင်းများအဖွဲ့မှ ကိုဘုန်းနိုင် + မစုနန္ဒာကျော် (အေးငြိမ်းချမ်းသာထီဆိုင်) (၀၉ ၇၃၀၈၇၈၀၉၊ ၀၉ ၅၁၂၁၉၃၂)၊ မထွန်းစန္ဒာထွန်း (၀၉ ၅၁၀၀၃၆၇)၊ ကိုကျော်ဌေး (၀၉ ၅၁၉၅၃၇၅)၊ ကိုဆန်းဝင်းထွန်း (၀၉ ၄၃၀၈၅၅၉၉)၊ ကိုဇော်မင်းအောင် (၀၉ ၄၅၀၀၃၂၀၄၃)၊ ဒေါက်တာဇော်မင်းထွန်း (၀၉ ၂၅၄၁၀၄၈၆၂)၊ မတင်စုမွန် (၀၉ ၃၁၃၅၃၄၄၆)တို့ထံ ကိုတိုးလှိုင်အောင် (၀၉ ၂၅၄၁၇၉၄၃၀)၊ ကိုတင်မျိုးနိုင် (၀၉၅၀၈၇၇၃၂)၊ ကိုထင်ကျော် (၀၉၇၃၁၄၇၅၂၈)ဆက်သွယ်ကြရန်ဖြစ်ပါသည်။ **သချာင်္မိသားစုပူဇော်ပွဲကျင်းပရေးကော်မတီ**



## တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ





# ဆီးရီးယားစစ်ဘေးရှောင်ဒုက္ခသည် ၆၆၀၀၀ ခန့် တူရကီနိုင်ငံတွင်းသို့ ဝင်ရောက်

အစ္စတန်ဘူလ် စက်တင်ဘာ ၂၁

**ဆီးရီးယားနိုင်ငံမြောက်ပိုင်း၌ အိုင်အက်စ်စစ်သွေးကြွတပ်ဖွဲ့ဝင်များက နယ်မြေများတိုးချဲ့သိမ်းပိုက်စဉ် ဆီးရီးယားနွယ်ဖွားကာ့ဒ်လူမျိုးများ အများအပြားပါဝင်သည့် စစ်ဘေးဒုက္ခသည်ဦးရေ ၆၆၀၀၀ ခန့်သည် နယ်စပ်ဒေသအား ဖြတ်ကျော်၍ တူရကီနိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း တူရကီအစိုးရတာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၂၀ ရက်တွင် ပြောကြားသည်။**



တူရကီနယ်စပ်ကို ဖြတ်သန်းဝင်ရောက်ရန် စောင့်ဆိုင်းနေသည့် ဆီးရီးယားစစ်ဘေးဒုက္ခသည်များအား တွေ့ရစဉ်။

အိုင်အက်စ်လက်နက်ကိုင်တပ်ဖွဲ့များ၏ ခြိမ်းခြောက်မှုများကြောင့် ယင်းဒေသတွင်း ကိုဘိန်းမြို့မှ ကာ့ဒ်လူမျိုး ဒုက္ခသည်များ ဝင်ရောက်နိုင်ရေးအတွက် တူရကီနိုင်ငံက ၎င်း၏ နယ်စပ်ဒေသကို စက်တင်ဘာ ၂၀ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။

**တိုးမြှင့်လုပ်ဆောင်**

စစ်ဘေးရှောင်ဒုက္ခသည်များ ထောင်နှင့်ချီ ဝင်ရောက်လာမှုကြောင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ကယ်ဆယ်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်သွားမည်ဟု ပြောကြားသည်။

အီရတ်နှင့် ဆီးရီးယားနိုင်ငံများအတွင်းရှိ ကြီးမားကျယ်ပြန့်သော ဒေသများအား အိုင်အက်စ်စစ်သွေးကြွအဖွဲ့က သိမ်းပိုက်ခဲ့ကြောင်း၊ ကိုဘိန်းမြို့ဝန်းကျင်မှ ဒါဇင်နှင့်ချီသော ကျေးရွာများကိုလည်း အိုင်အက်စ်တပ်ဖွဲ့ဝင်များက သိမ်းပိုက်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖော်ပြသည်။

တူရကီနိုင်ငံသည် ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေပြီး လွန်ခဲ့သည့် သုံးနှစ်ကတည်းက ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်အား ဆန့်ကျင်ပုန်ကန်မှုဖြစ်ပွားချိန်မှစ၍ ယနေ့အထိ ဆီးရီးယားစစ်ဘေးဒုက္ခသည်ဦးရေ ၈၄၇၀၀၀ အား လက်ခံထားခဲ့ပြီးဖြစ်သည်။

လွန်ခဲ့သော ၂၄နာရီအတွင်း တူရကီနယ်ခြားဒေသများအား ဖွင့်လှစ်ထားပြီးနောက် ၎င်းနိုင်ငံအတွင်း လက်ခံထားရှိမည့် ဒုက္ခသည် ဦးရေမှာ မယုံနိုင်လောက်စရာမြင့်တက်လာခဲ့သည်ဟု ဆိုသည်။

**ဘီဘီစီ။**

# ဂူနီယာနိုင်ငံတွင် ကျန်းမာရေးအသိပညာပေး အဖွဲ့ဝင်များ သတ်ဖြတ်ခြင်းခံရ

**အန်ဇီးရီကိုရီး(ဂူနီယာ) စက်တင်ဘာ ၂၁**

ဂူနီယာနိုင်ငံတွင် အီဘိုလာ ရောဂါအကြောင်း အသိပညာပေးရန် ကြိုးစားလျက်ရှိသည့် ကျန်းမာရေးအဖွဲ့၏ အဖွဲ့ဝင်ရှစ်ဦးသည် ရွာသူရွာသားများ၏ တုတ်များ၊ မြက်ခုတ်ဓားများဖြင့် ရိုက်နှက်ထိုးခုတ်သတ်ဖြတ်ခြင်းကို ခံခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကျန်းမာရေးအလုပ်သမားများ၊ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ဂျာနယ်လစ်တို့၏ ရုပ်အလောင်းအချို့ကို အန်ဇီးရီကိုရီးမြို့အနီး ကျေးလက်ကျောင်းတစ်ကျောင်းမှ မိလ္လာကန်တစ်ခုအတွင်း၌ တွေ့ရှိခဲ့ရသည်။

တာဝန်ရှိသူများက အီဘိုလာရောဂါကို တိုက်ဖျက်ရန် ကြိုးစားနေခြင်းအား ရွာသူရွာသားအချို့ကသံသယရှိနေကြောင်း သတင်းထောက်များက ပြောသည်။

အနောက်အာဖရိကတွင် အီဘိုလာရောဂါဖြစ်ပွားခြင်းကြောင့် လူဦးရေ ၂၀၀၀ ကျော်သေဆုံးခဲ့ပြီးဖြစ်သည်။ ကမ္ဘာပေါ်တွင် အဆိုးရွားဆုံး အီဘိုလာ ရောဂါဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ရောဂါကူးစက်၍ လူဦးရေ ၂၀၀၀၀ ကျော်သေဆုံးနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးလျက်ရှိသည်။

**ပျောက်ဆုံးသွား**

အီဘိုလာရောဂါ စတင်ဖြစ်ပွားသော နေရာဒေသအဖြစ် မှတ်တမ်းတင်ထားသည့် ဂူနီယာနိုင်ငံတောင်ပိုင်း ဝါမီးကျေးရွာသို့ ကျန်းမာရေးအဖွဲ့ ရောက်ရှိသွားသောအခါ ရွာသူရွာသားများ၏ ကျောက်တုံးကျောက်ခဲများဖြင့် ပစ်ပေါက်ခြင်းခံခဲ့ရသည်။ ထို့နောက် ၎င်းတို့ပျောက်ဆုံးသွားခဲ့သည်။

ရွာသူရွာသားများ၏ အန္တရာယ်မှ ထွက်ပြေးလွတ်မြောက်လာသည့် ဂျာနယ်လစ်တစ်ဦးက သတင်းထောက်များကို ပြန်ပြောပြရာတွင် သူမပုန်းနေစဉ်၌ ရွာသားများက ၎င်းတို့ကို ရှာဖွေနေသည့်အသံများအား ကြားခဲ့ရသည်ဟု ဆိုသည်။

ကျန်းမာရေးဝန်ကြီး ဦးဆောင်သည့် အစိုးရကိုယ်စားလှယ်အဖွဲ့သည် အဆိုပါဒေသသို့ ရောက်ရှိနေပြီဖြစ်သည်။ သို့သော် ရွာသွားရာ လမ်းပေါ်ရှိ အဓိကတံတားကြီးကို ပိတ်ဆို့ထားသဖြင့် အဆိုပါရွာသို့ မရောက်နိုင်ဘဲရှိနေသည်။

**သွေးအေးအေးဖြင့်သတ်**

ရွာသားများသည် သေဆုံးသူများကို သွေးအေးအေးဖြင့် သတ်ခဲ့ခြင်းဖြစ်သည်ဟု အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အဲလ်ဘတ်ဒါစန်တန်ကာမားနားက ကြာသပတေးနေ့ညတွင် ပြောကြားခဲ့သည်။

အလောင်းများကို စစ်ဆေးရာတွင် တုတ်များ၊ မြက်ခုတ်ဓားများဖြင့် တိုက်ခိုက်ခြင်းခံထားရသည့်လက္ခဏာများ တွေ့ရကြောင်း တာဝန်ရှိသူများက ပြောသည်။

လူခြောက်ဦးကို ဖမ်းဆီးထားခဲ့သည်။ ယင်းကျေးရွာမှာ ယခုအခါ သတင်းများအရ လူသူကင်းမဲ့လျက်ရှိသည်။ ယင်းသို့သတ်ဖြတ်ရခြင်း၏ အကြောင်းရင်းကို အတည်ပြုနိုင်ခြင်း မရှိသေးပေ။ သို့သော် ရွာသူရွာသားများက ကျန်းမာရေး ဝန်ထမ်းများကို ရောဂါဖြန့်လျက်ရှိသည်ဟု စွပ်စွဲကြသည်။

အချို့သော သူများက အီဘိုလာရောဂါရှိကြောင်းကို ယခုထက်တိုင် ယုံကြည်မှုမရှိကြသေးပေ။

**ဘီဘီစီ။**

# အီဂျစ်နိုင်ငံခြားရေး ဝန်ကြီးဌာနရုံးအနီး၌ ဗုံးပေါက်ကွဲ လေးဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

**ကိုင်ရို စက်တင်ဘာ ၂၁**

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့အလယ်ပိုင်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာနအနီးတွင် စက်တင်ဘာ ၂၁ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး အပါအဝင် လေးဦးသေဆုံး၍ သုံးဦးဒဏ်ရာရရှိကြောင်း နိုင်ငံပိုင်သတင်းစာ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မျက်နှာချင်းဆိုင်ရှိ တံတားတစ်စင်းအောက်မှ မြေအောက်မီးရထားဘူတာရုံဝင်ပေါက်အပြင်ဘက်တွင် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။

အစ္စလမ်မစ်ဝါဒီသမ္မတ မိုဟာမက်မော်စီအား ဖယ်ရှားပြီးတစ်နှစ်အကြာ အဆိုပါဗုံးခွဲမှု၊ တိုက်ခိုက်မှုများ တိုးပွားလာခဲ့ကြောင်း၊ အများအားဖြင့် ဆိုင်းနိုင်းကျွန်းဆွယ်တွင် ဖြစ်ကြောင်း၊ အီဂျစ်နိုင်ငံ မြို့တော်နှင့် မြစ်ဝကျွန်းပေါ်ဒေသအချို့တွင် မော်စီအား ထောက်ခံသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွဲနှိမ်နင်းမှုများ ပြုလုပ်ခဲ့သဖြင့် တန်ပြန်လက်တုံ့ပြန်သည့်အနေဖြင့် ယင်းသို့သော တိုက်ခိုက်မှုများ ပေါ်ပေါက်လာခြင်း ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**



အီဂျစ်နိုင်ငံတွင်း၌ ဗုံးခွဲတိုက်ခိုက်မှုများ တိုးတက်ဖြစ်ပွားလျက်ရှိရာ မြို့တော်ကိုင်ရို အလယ်ပိုင်း၌ တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားအပြီး တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံ မြောက်ပိုင်းတွင် လေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်

**နယူးဒေလီ စက်တင်ဘာ ၂၁**

အိန္ဒိယနိုင်ငံ မြောက်ပိုင်း ချန်ဒီဂတ်မြို့တွင် စက်တင်ဘာ ၂၀ ရက် ညနေပိုင်းက အိန္ဒိယရေတပ်မှ လေယာဉ်တစ်စင်းအရေးပေါ် အခြေအနေဖြစ်ပေါ်သဖြင့် လေယာဉ်ဝမ်းဖြင့် ရှပ်ဆင်းခဲ့ရကြောင်း သတင်းတွင် ဖော်သည်။

အရေးပေါ်ဆင်းသက်ခဲ့သည့် လေယာဉ်မှာ အေအင်န်-၃၂ အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြစ်ကြောင်း၊ လူ ၁၁ဦး လိုက်ပါလာကြောင်း၊ တစ်စုံတစ်ဦးမှ သေဆုံးမှုမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ဖော်ပြ**

အဆိုပါလေယာဉ်ပျံသန်းစဉ် မီးလောင်မှုဖြစ်ပွားကြောင်း သို့ဖြစ်၍ ဝမ်းဖြင့် ရှပ်ကာအရေးပေါ် ဆင်းသက်ခဲ့ရကြောင်း၊ လေဆိပ်တွင်းရှိ မီးသတ်သမားများက ဝိုင်းဝန်းမီးငြိမ်းသတ်လိုက်သဖြင့် မီးငြိမ်းသွားကြောင်း အင်ဒို-အာရှ သတင်းဌာနက ဖော်ပြသည်။

လေယာဉ်မီးငြိမ်းသွားသော်လည်း လေယာဉ်ပေါ်ပါလူအချို့ မီးလောင်ဒဏ်ရာအနည်းငယ်ရရှိသွားကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# မက္ကဆီကို မူးယစ်ဂိုဏ်းခေါင်းဆောင်တစ်ဦး အသတ်ခံရ

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၁**

"နိုက်စ်တင်ပလာ" မူးယစ်ဆေးဝါးဂိုဏ်း အဖွဲ့ကြီး၏ အဓိကခေါင်းဆောင်များတွင် တစ်ဦးအပါအဝင်ဖြစ်သည်ဟု ယူဆရသော အကွီလိစ်ဂိုမက်(ဇ်)၏ ရုပ်အလောင်းကို မက္ကဆီကိုရဲတပ်ဖွဲ့က တွေ့ရှိခဲ့ကြောင်း မကြာသေးမီက ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မီချိုယာကန်ပြည်နယ် အလယ်ပိုင်းရှိ နေအိမ်တစ်လုံးအတွင်း၌ သေနတ်မှန်ထားသည့် ဒဏ်ရာတစ်ခုနှင့်အလောင်းကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

၎င်းသည် "နိုက်စ်တင်ပလာ" အဖွဲ့၏ ခေါင်းဆောင်ဖြစ်သူ ဆာမန်ဒိုလာတူတာ ဂိုမက်(ဇ်)၏ ညီဖြစ်သည်ဟု ယုံကြည်ရသည်။

၎င်းအဖွဲ့၏ ထိပ်ပိုင်းခေါင်းဆောင် အများအပြားမှာ မကြာမီက အသတ်ခံခဲ့ရသည်။ သို့သော် လာတူတာမှာ လွတ်မြောက်နေဆဲဖြစ်သည်။

မက္ကဆီကိုနိုင်ငံအနောက်ပိုင်း၌ တရားမဝင် မက်သာဖက်တမင်းနှင့် ဆေးခြောက်ရောင်းဝယ်ခြင်းလုပ်ငန်းအများစုကို "နိုက်စ်တင်ပလာ" က ထိန်းချုပ်ထားသည်။

အကွီလိစ်ဂိုမက်(ဇ်)သည် ၎င်း၏ အစ်ကိုများဖြစ်သော ဖလာဗီယို၊ လူးဝစ်ဖိလစ်ဂိုမက်(ဇ်) တို့နှင့်အတူ အဓိကလှုပ်ရှားသူများအနက် တစ်ဦးဖြစ်သည်ဟု အစိုးရရှေ့နေများက ပြောသည်။

ပစိဖိတ်ကမ်းခြေ၏ ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်ပြီး မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်ရာ မြို့ဖြစ်သော လာဇာရိုကာဒီးနတ်(စ်)ရှိ ၎င်း၏ နေအိမ်တွင် ၎င်း၏အလောင်းကို သောကြာနေ့တွင် ရဲတပ်ဖွဲ့က တွေ့ရှိခဲ့ခြင်းဖြစ်သည်။

**ဘီဘီစီ။**

# အာရှသားတို့ အိပ်မက်ဆုံရာ ငြိမ်းချမ်းရေး နိမိတ်ပုံပမာ

■ ကိုရင်ဩ

အာရှနိုင်ငံများအတွင်း ရင်းနှီးချစ်ကြည်မှုနှင့် သဟဇာတဖြစ်မှုတို့ကို ဆောင်ကြဉ်းပေးမည့် အားကစားပွဲတော်အဖြစ် '၂၀၁၄ ခုနှစ် အာရှအားကစားပြိုင်ပွဲ' ကို တောင်ကိုရီးယားနိုင်ငံ အင်ချွန်မြို့၌ စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကျင်းပလျက်ရှိလေသည်။

အာရှတိုက်သားတို့၏ အားမာန်ကို ကမ္ဘာက သိရှိနိုင်ရန် ဥဒါန်းကျူးနိုင်မည့် အားကစားပွဲတော်အဖြစ် ၁၇ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ဆင်ယင်နွှဲလျက်ရှိသည်။

ကမ္ဘာ့အကြီးဆုံး တိုက်ကြီးဖြစ်သည့် အာရှတိုက်တွင် ကျင်းပသော အားကစားပြိုင်ပွဲကြီးကို တောင်ကိုရီးယားနိုင်ငံ အနောက်မြောက်ပိုင်းရှိ အင်ချွန်မြို့၌ ကျင်းပလျက်ရှိရာတွင် နိုင်ငံပေါင်း ၄၅ နိုင်ငံမှ အားကစားမောင်မယ်များက တစ်သိုက်တစ်ဝန်း ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသည်။

"အမျိုးစုံစွာ တောက်ပရာ ဤနေရာမှာ" (Diversity Shines Here) ဟူသော ဦးတည်ချက် ဆောင်ပုဒ်ဖြင့် ကျင်းပလျက်ရှိသည့် အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၃၆ မျိုးအနက် ပွဲပေါင်း ၄၃၉ ပွဲ ကျင်းပမည်ဖြစ်ပြီး အားကစားမောင်မယ် ၉၅၀၁ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသည်။

ပင်လယ်ဆိပ်ကမ်းမြို့ကြီးဖြစ်သည့် အင်ချွန်မြို့၌ နိုင်ငံတကာ အားကစားပြိုင်ပွဲ ကျင်းပနိုင်ခြင်းဖြင့် အာရှကို ကမ္ဘာက ပိုမိုစိတ်ဝင်စားလာနိုင်စေပြီး ချစ်ကြည်ရေး ပြယုဂ်တစ်ရပ်အဖြစ် မြောက်ကိုရီးယားအားကစားသမားများကို တောင်ကိုရီးယားနိုင်ငံသားများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ကြလေသည်။

လူဦးရေ သုံးသန်းခန့် နေထိုင်ရာ အင်ချွန်မြို့မှ မြို့သူမြို့သားများက နိုင်ငံတကာမှ ရောက်ရှိလာကြသည့် ဧည့်သည်များကို ပျူပျူငှာငှာ ကြိုဆိုလျက်ရှိကြသည်။ အင်ချွန်မြို့သည် တောင်ကိုရီးယားနိုင်ငံ၌ မြို့တော်ဆိုးလ်နှင့် ဘူဆန်မြို့တို့ပြီးလျှင် တတိယ လူဦးရေ အများဆုံးမြို့ကြီးဖြစ်ပြီး မြို့တော်ဆိုးလ်နှင့် နယ်နိမိတ်ချင်း ထိစပ်ကာ နီးနီးကပ်ကပ်တည်ရှိနေသော ပင်လယ်ကမ်းရိုးတန်းမြို့လည်းဖြစ်သည်။

အင်ချွန်မြို့သည် ပြင်ပကမ္ဘာနှင့် ထိတွေ့ဆက်ဆံခဲ့ချိန်မှစ၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရှိလာခဲ့ပြီး တောင်ကိုရီးယားနိုင်ငံ၏ ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းတွင် ရှေ့တန်းမှ မားမားမတ်မတ် ရပ်တည်နေသော စံပြမြို့တစ်မြို့လည်းဖြစ်သည်။

၁၆ ရက်ကြာ ကျင်းပလျက်ရှိသော အာရှအားကစားပြိုင်ပွဲသို့ အာရှအိုလံပစ်ကောင်စီ၏ အဖွဲ့ဝင်နိုင်ငံ ၄၅ နိုင်ငံစလုံးက အားကစားကိုယ်စားလှယ်အဖွဲ့များကို စေလွှတ်ပေးခဲ့ကြသည်။

"သည်နှစ်မှာကျင်းပတဲ့ အာရှအားကစားပြိုင်ပွဲရဲ့ ထူးခြားချက်ကတော့ ငြိမ်းချမ်းရေးကို အလေးပေးခြင်းဖြစ်တယ်။ ဝါဒသဘောတရားရေးအရ၊ ဘာသာရေး၊ လူမျိုးရေးအရ မတူကွဲပြားမှုတွေရှိနေပေမယ့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးကို ထင်ဟပ်တဲ့ အားကစားပြိုင်ပွဲကြီးဖြစ်ပါတယ်" ဟု အင်ချွန် အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ကင်ယောင်စူးက ပြောကြားသည်။



တောင်ကိုရီးယားနိုင်ငံသည် အာရှအားကစားပြိုင်ပွဲကို တတိယအကြိမ် လက်ခံကျင်းပခွင့်ရရှိခြင်းလည်း ဖြစ်သည်။ ၁၉၈၆ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်တို့က အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် တောင်ကိုရီးယား နိုင်ငံက တာဝန်ယူခဲ့သည်။

အာရှအားကစားပြိုင်ပွဲ၏ သမိုင်းတွင် ပထမဆုံး အကြိမ်အဖြစ် အာရှအားကစားပွဲတော်၏ မီးရှူးတိုင်ကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဩဂုတ် ၉ ရက်က ပထမဆုံး ထွန်းညှိခဲ့သည်။ အိန္ဒိယနိုင်ငံသည် ပထမဆုံးသော အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် နိုင်ငံဖြစ်သည်။ ၁၉၅၁ ခုနှစ်၊ မတ်လက ပထမဆုံးသော အာရှအားကစားပြိုင်ပွဲကို ဒေလီတွင် ကျင်းပခဲ့စဉ်က နိုင်ငံပေါင်း ၁၁ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

၂၀၁၄ ခုနှစ် အာရှအားကစားပြိုင်ပွဲကို ကမ္ဘာက ပိုမိုသိရှိနိုင်စေရန် အွန်လိုင်း မီးရှူးတိုင် လက်ဆင့်ကမ်းသယ်ဆောင်သည့် အစီအစဉ်တစ်ရပ်ကိုလည်း ပထမအကြိမ် အကောင်အထည်ဖော်ခဲ့သည်။ ယင်းအစီအစဉ်တွင် ပါဝင်လိုသူများအတွက် လျှောက်လွှာကို ကိုရီးယား၊ အင်္ဂလိပ်၊ ဂျပန်နှင့် တရုတ်ဘာသာစကားတို့ဖြင့် ပေးပို့နိုင်ပြီး အင်တာနက်ရှိ လူမှုကွန်ရက်ဝက်ဘ်ဆိုက်များမှတစ်ဆင့် ပါဝင်ဆင်နွှဲနိုင်ကြသည်။

အင်ချွန် အာရှအားကစားပြိုင်ပွဲ၏ ဖွင့်ပွဲနှင့် ပိတ်ပွဲ တို့အတွက် ဦးတည်ချက်ဆောင်ပုဒ်မှာ "အာရှတိုက်သား ၄ ဒသမ ၅ ဘီလီယံ၏ အိပ်မက်ဆုံရာ တစ်ခုတည်းသော အာရှပါ" ဟူ၍ဖြစ်သည်။

မီးရှူးတိုင် လက်ဆင့်ကမ်း သယ်ဆောင်မှု အခမ်းအနားကို ဩဂုတ် ၉ ရက်က နယူးဒေလီမြို့၌ ခမ်းနားစွာ ကျင်းပခဲ့ပြီးနောက် တရုတ်နိုင်ငံသို့ အထူးလေယာဉ်ဖြင့် ဆက်လက်သယ်ဆောင်ခဲ့သည်။ တရုတ်နိုင်ငံ ကွမ်ကျိုးမြို့သည် ၂၀၁၀ ပြည့်နှစ် အာရှအားကစားပြိုင်ပွဲကို လက်ခံကျင်းပခဲ့သည့် မြို့ဖြစ်သည်။

နိုင်ငံတကာ မီးရှူးတိုင် သယ်ဆောင်မှုသာမက ပြည်တွင်း၌လည်း မီးရှူးတိုင်လက်ဆင့်ကမ်း သယ်ဆောင်မှု ပြုလုပ်ခဲ့ရာတွင် တောင်ကိုရီးယားနိုင်ငံတစ်ဝန်းရှိ မြို့ကြီး၊ မြို့ငယ် ၇၀ ကို ဖြတ်သန်း၍ ခရီးလှည့်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၌ အာရှအားကစားပြိုင်ပွဲ ကျင်းပနိုင်ခြင်းဖြင့် နှစ်ပိုင်းကွဲနေသော ကိုရီးယားကျွန်းဆွယ်တွင် ငြိမ်းချမ်းရေး လက္ခဏာတစ်ရပ်ကို ပြသနိုင်ဖွယ်ရှိပေလိမ့်မည်။

အာရှတိုက်၏ ဆီပူအိုးဖြစ်သော အရှေ့အလယ်ပိုင်းဒေသမှ နိုင်ငံများက အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြခြင်းမှာလည်း ကြည်နူးဖွယ်ရာ မြင်ကွင်းဖြစ်ပေလိမ့်မည်။

ပါလက်စတိုင်း အားကစား မောင်မယ်များသည် ၂၀၁၀ ပြည့်နှစ်က တရုတ်နိုင်ငံ ကွမ်ကျိုးမြို့၌ ကျင်းပသော အာရှအားကစားပြိုင်ပွဲတွင်ပါဝင် ယှဉ်ပြိုင်ခြင်းမရှိခဲ့သော်လည်း ယခုနှစ်တွင် ပါလက်စတိုင်းအားကစားမောင်မယ် ၅၆ ဦးတို့က ဘတ်စ်ကက်ဘော၊ ဂျူဒိုနှင့် ပြေးခုန်ပစ်စသည့် အားကစားနည်းများတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသည်။

အိုင်အက်စ် စစ်သွေးကြွအဖွဲ့၏ ခြိမ်းခြောက်မှုကြောင့် ဗလောင်ဆူနေသော အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့ကလည်း အားကစား မောင်မယ်စုစုပေါင်း ၉၃ ဦး စေလွှတ်ပေးခဲ့သည်။

အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ကလည်း အားကစားအဖွဲ့များကို စေလွှတ်ပေးခဲ့ကြသည်။ ပင်လယ်ရေကြောင်းပိုင်နက် အငြင်းပွားနေကြသော တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ကလည်း အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲလျက်ရှိကြသည်။

တရုတ်နိုင်ငံ၏ အားကစားအဖွဲ့မှာ အကြီးဆုံးဖြစ်ပြီး ၁၃၂၂ ဦး၊ တောင်ကိုရီးယား အားကစားအဖွဲ့တွင် ၁၀၆၈ ဦး၊ ဂျပန်အားကစားအဖွဲ့တွင် ၁၀၆၃ ဦး ပါဝင်သည်။

မြန်မာနိုင်ငံသည် အဖွဲ့ဝင် ၆၅ ဦးပါ အားကစားအဖွဲ့ကို စေလွှတ်ခဲ့သည်။

တောင်ကိုရီးယားတွင် ကျင်းပဆဲဖြစ်သည့် အာရှအားကစားပြိုင်ပွဲကို လူဦးရေ ၄ ဒသမ ၅ ဘီလီယံရှိ အာရှပြည်သူများအားလုံး အိပ်မက်ဆုံရာ ငြိမ်းချမ်းရေး နိမိတ်ပုံပမာ ကမ္ဘာကတွေ့မြင်ကြရလေသည်။ ။

သစ်တောနဲ့ သစ်ပင်ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ချို 09-420073607 09-73211079 09-49250637
Car Rental, Sale & Services

ရွှေအိုးစည် AIR-CON EXPRESS အဆင့်မြင့်ဟိုတယ်တည်း၊ဆိုင်ကျွေး 50% ခရီးစဉ် DISCOUNT
■ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (စွယ်တော်လေးဆူ၊ ပြည့်ငါးပြည့်) 55000/-
■ တောင်ကြီး၊ အင်းလေး၊ ဖောင်တော်ဦးဘုရားပွဲ၊ ပင်းတယ၊ ထမ်းဆမ်း Oct7
ကျိုက်ထီးရိုး(နေ့စဉ်)/ ချောင်းသာ(နေ့စဉ်)/ ငွေဆောင်(သောကြာ)
373275, 708342, 0949219404

ခရီးပြည့် 0931815390, 0931815395
တောင်ကြီး၊အင်းလေး(ဖောင်တော်ဦးပွဲ)– ၇၀၀၀၀ Oct 3,7 ထွက်မည်။
ကျိုက်ထီးရိုး(ငြိမ်း)– ၃၅၀၀၀ သီတင်းကျွတ် အထူး Promotion
ချောင်းသာ(ငြိမ်း)– ၄၀၀၀၀ (၆)ဦးဝယ်လျှင် + (၁)ဦးအခမဲ့
ကားမျိုးစုံ စီးလုံးငှားစီစဉ်ပေးသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။

အောင်ပါလေ ရွှေထက် (အဆင့်မြင့်ဘုရားဖူးနှင့်အပန်းဖြေခရီးသွားပို့ဆောင်ရေး)
09250202697, 0931629890, 0949577445
တောင်ကြီးမီးပုံးပျံပွဲ ကလော၊ ထမ့်ဆမ်း၊ အင်းလေး၊ ဖွေတော်ကတ္တူ၊ ပင်းတယ Oct-31
ပြင်ဦးလွင်မီးပုံးပျံပွဲ မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင် Nov-4
ခရီးစဉ်အားလုံး Hotel Package (စရိတ်ငြိမ်း) ကိုတင်လက်မှတ်ဝယ်ယူရရှိနိုင်ပါသည်။

ခရီးပြည့် 0931815390, 0931815395
တောင်ကြီး၊အင်းလေး(ဖောင်တော်ဦးပွဲ)– ၇၀၀၀၀ Oct 3,7 ထွက်မည်။
ကျိုက်ထီးရိုး(ငြိမ်း)– ၃၅၀၀၀ သီတင်းကျွတ် အထူး Promotion
ချောင်းသာ(ငြိမ်း)– ၄၀၀၀၀ (၆)ဦးဝယ်လျှင် + (၁)ဦးအခမဲ့
ကားမျိုးစုံ စီးလုံးငှားစီစဉ်ပေးသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။

အဝေးသင်စာသင်သားများအတွက်....
ငြိမ်း အဝေးသင်
■ မေဂျာစုံ၊ အတန်းစုံ တန်းခွဲသစ်များ
စနေ၊ တနင်္ဂနွေ တစ်နေ့တည်း အပြတ်တန်းခွဲများ
ဖွင့်ပြီ
ရန်ကုန်မြို့လယ်နှင့် လှည်းတန်း နှစ်သက်ရာရွေးချယ် ကျောင်းအပ်နိုင်သည်။
ကျောင်းသားဟောင်းများအတွက် Discount အစီအစဉ်ရှိသည်။
ဆက်သွယ်ရန်
Nyein Center ■ ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၅၆၆၂၁
Nyein လှည်းတန်း ■ ငြိမ်း အဝေးသင် သင်တန်း၊ အမှတ် ၂၃၊ အခန်း B-4၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၇၃၀၀၉၆၂၇

STAR RESOURCES
Tourism & Hospitality Management Academy
ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း



ကိုယ်ပိုင်ဆိုင်နှင့်ဘား ဖွင့်လှစ်လိုသူများအတွက် အထူးသင့်တော်သော
Special Beverage Course
Cocktail / Coffee / Smoothie
Mocktail / Icecream / Juice
သင်တန်းဝင်ခွင့် လျှောက်လွှာပိတ်ရက် ( ၂၉. ၉. ၂၀၁၄ ) လူဦးရေကန့်သတ်ထားသည်။



တိုက် (၂၆၇)၊ အခန်း (၂၀၂)၊ ဒဂုံစင်တာ(၂)ရှေ့၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
☎ 01- 523 200, 230 4020, 230 4021, 523 623, 09 5020 302 | www.star-resourcesacademy.com

***၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့သည် "ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့" ဖြစ်သည်။ ခရီးသွားလုပ်ငန်း၏ အရေးပါမှုနှင့် ၎င်း၏ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ တန်ဖိုးများအား နိုင်ငံတကာအသိုက်အဝန်းမှ သတိပြုမှု မြင့်တက်လာစေရန်ရည်ရွယ်၍ "ကမ္ဘာ့ခရီးသွား လုပ်ငန်းနေ့" အား နှစ်စဉ်ကျင်းပရန် ၁၉၇၉ ခုနှစ်တွင် စပိန်နိုင်ငံ၌ ကျင်းပသည့် UNWTO General Assembly တွင် ဆုံးဖြတ်ခဲ့ကြသည်။ ယင်းနောက် ၁၉၇၀ ပြည့်နှစ် စက်တင်ဘာ ၂၇ ရက်တွင် UNWTO Statutes အား စတင်သတ်မှတ်ပြဋ္ဌာန်းနိုင်ခဲ့သည့်နေ့ရက်ကိုအစွဲပြု၍ ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလ ၂၇ရက်နေ့မှစတင်ကာ "ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့"ကို နိုင်ငံနှင့်အဝှမ်း နှစ်စဉ်ကျင်းပခဲ့ကြသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အဖွဲ့ဝင်ဖြစ်သော မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်မှစတင်၍ "ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့"ကို နှစ်စဉ် ကျင်းပလျက်ရှိသည်။ ယခုနှစ် "ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့" ၏ ဆောင်ပုဒ် (theme)ကို "Tourism and Community Development" "လူမှုဘဝဖွံ့ဖြိုးဖို့ ခရီးသွားလုပ်ငန်းကို အားပေးစို့" ဟု သတ်မှတ်ထားပါသည်။***

# လူမှုဘဝဖွံ့ဖြိုးဖို့ ခရီးသွားလုပ်ငန်းကို အားပေးစို့

**မောင်အောင်သူ(ခရီးသွား)**

ယင်းဆောင်ပုဒ်သည် ခရီးသွားလုပ်ငန်းအနှစ်သာရ၏ ဆိုလိုရင်းကို ထိထိမိမိဖော်ဆောင်ပေးနိုင်သည်ဟု ဆိုချင်မိပါသည်။ မှန်ပါသည်။ နိုင်ငံတကာခရီးသွားလုပ်ငန်းသည် တစ်နှစ်ထက်တစ်နှစ်တိုးတက်ဖြစ်ထွန်းလျက်ရှိရာ ကမ္ဘာပေါ်ရှိ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေပါသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ချက်များအရ ၁၉၉၅ ခုနှစ်တွင် နိုင်ငံတကာခရီးသွားဦးရေ ၅၂၈ သန်းသာရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ၁၀၈၇ သန်းအထိ မြင့်တက်လာခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေသည်လည်း ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ထရီလီယံအထိရှိခဲ့ကြောင်း၊ ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့ပို့ကုန်အားလုံး၏ ၆ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ဝန်ဆောင်မှုဆိုင်ရာပို့ကုန်၏ ၂၉ ရာခိုင်နှုန်းအထိရှိကြောင်း၊ မည်သည့်လုပ်ငန်းအမျိုးအစား ၁၁ ခုတိုင်းတွင်မဆို ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်း အနည်းဆုံးတစ်ခုပါဝင်နေရာ ယင်းသည် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ အလုပ်အကိုင်ဖန်တီးနိုင်မှု၏ ၈ ဒသမ ၉ ရာခိုင်နှုန်း၊ ကမ္ဘာ့ GDP ၏ ၉ ရာခိုင်နှုန်းကို အထောက်အကူပြုကြောင်း ဖော်ပြထားသည်။ ယင်းအပြင် စီးပွားရေးပညာရှင်များကလည်း ခရီးသွားလုပ်ငန်းသည် ၂၁ ရာစုအတွင်း ကမ္ဘာ့အမြင့်ဆုံး စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် တိုးတက်ဖြစ်ထွန်းလာမည်ဟု ခန့်မှန်းထားကြသည်။

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် ထုတ်ပြန်ထားသည့် ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် (Millennium Development Goals-MDGs) (၈)ရပ်ပါ အချက်များမှ (၁) အလွန်အမင်းဆင်းရဲမွဲတေမှုနှင့် ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ရန်၊ (၂) ကျား၊ မ လိင်ခွဲခြားမှုမရှိဘဲ တန်းတူညီမျှမှု၊ အမျိုးသမီးများ လုပ်ပိုင်ခွင့်ရရှိမှု မြှင့်တင်ရန်၊ (၃) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့မှု ခိုင်မာသေချာစေရန်နှင့် (၄)ဖွံ့ဖြိုးရေးအတွက် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်ဆောင်ရွက်မှု တိုးတက်စေရန်ဟူသောအချက်(၄)ရပ်အား ခရီးသွားလုပ်ငန်းကဏ္ဍအနေဖြင့် မြှင့်တင်ဆောင်ရွက်ကြရန် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကလည်း တိုက်တွန်းနှိုးဆော်ထားသည်။ ထို့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ခရီးသွားလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေး အလေးပေးဆောင်ရွက်နေကြပြီး နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများကို သုတေသနပြုလေ့လာကာ မိမိနိုင်ငံနှင့်ကိုက်ညီမည့်မူဝါဒများအား ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအပါအဝင် အဘက်ဘက်မှ ပြုပြင်ပြောင်းလဲမှုများအပေါ် ကမ္ဘာ့နိုင်ငံအသီးသီးမှ အသိအမှတ်ပြုမှုနှင့်အတူ မြန်မာ့ခရီးသွားလုပ်ငန်းသည်လည်း သိသိသာသာဖြင့် တစ်ရှိန်ထိုး ပြန်လည်ဦးမော့လာလျက်ရှိပေသည်။ ၂၀၁၂ ခုနှစ်တွင် နိုင်ငံတကာအဆင့်အဖြစ် World Economic Forum on East Asia၊ ၂၀၁၃ ခုနှစ်တွင် ဒေသတွင်းအဆင့် Southeast Asia Game နှင့် ၂၀၁၄ ခုနှစ်တွင် ASEAN ဥက္ကဋ္ဌ အဖြစ်တာဝန်ရယူပြီး ထိပ်သီးအစည်းအဝေးများအား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်းတို့ကလည်း မြန်မာ့ခရီးသွားလုပ်ငန်း ပြန်လည်မြင့်မားလာစေရန်အတွက် များစွာအထောက်အကူဖြစ်စေခဲ့သည်။ ယင်းအပြင် ခရီးသွားလုပ်ငန်းအား နိုင်ငံတော်အစိုးရက အဓိကဦးစားပေး ဖော်ဆောင်ရန် လိုအပ်သည့်ကဏ္ဍ(၇)ရပ် (လျှပ်စစ်မီး၊ သောက်သုံးရေ၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှု၊ စိုက်ပျိုးရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှု၊ ဘဏ္ဍာငွေကြေးဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုနှင့်ရင်နှီးမြှုပ်နှံမှု) တွင် ထည့်သွင်းသတ်မှတ်ထားသည်။ ရလဒ်အဖြစ် မြန်မာနိုင်ငံသို့ နိုင်ငံတကာခရီးသည် သုည ဒသမ ၈ သန်းကျော်သာ ဝင်ရောက်ခဲ့ရာမှ ၂၀၁၂ ခုနှစ်မှစတင်၍ ၁ ဒသမ ၀၆ သန်း၊ ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၀၄ သန်း အသီးသီးဝင်ရောက်ခဲ့ပြီး ယခု ၂၀၁၄ ခုနှစ် ဇူလိုင်လ အထိ ၁ ဒသမ ၆ သန်းအထိ ရောက်ရှိခဲ့သည်။ အိမ်သာ၍ ဧည့်လာခြင်းလည်း ဖြစ်ပေသည်။ ယခုနှစ်တွင် ဧည့်သည် သုံးသန်းကျော်အထိ တိုးတက်ဝင်ရောက်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ခန့်မှန်းထားသည်။

ခရီးသွားဧည့်သည်များတိုးတက်ရောက်ရှိမှုနှင့်အတူ နိုင်ငံခြားဝင်ငွေများလည်းအမြောက်အမြားတိုးတက်ရရှိလာခဲ့သည်။ ဆန်းစစ်တိုင်းတာချက်များအရ ခရီးသွားလုပ်ငန်းမှရရှိသည့် နိုင်ငံခြားဝင်ငွေအဖြစ် ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၁၉ သန်းကျော် ရရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်မှစတင်၍ အမေရိကန်ဒေါ်လာ ၅၃၄ သန်း၊ ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၂၆ သန်းကျော် အသီးသီးတိုးတက်ရရှိခဲ့သည်။ ဤနေရာတွင် ဥပမာတစ်ရပ်အနေဖြင့် အဓိကနှိုင်းယှဉ်ဖော်ပြလိုသည်မှာ ၂၀၁၃ ခုနှစ်တွင် ခရီးသွားလုပ်ငန်းမှရရှိသော အမေရိကန်ဒေါ်လာ ၉၂၆ သန်းသည် ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချခဲ့သည့် ဆန် မက်ထရစ်တန် သုံးသန်း ရောင်းရငွေနှင့်လည်းကောင်း၊ သစ်မာ ကုဗတန် ၁ ဒသမ ၂ သန်း ရောင်းရငွေနှင့်လည်းကောင်း၊ သဘာဝဓာတ်ငွေ့လီတာပေါင်း ၂၄၃၇သန်း ရောင်းရငွေနှင့်လည်းကောင်း ညီမျှသည်ဆိုသည့် အချက်ပင်ဖြစ်သည်။ သို့သော် ခရီးသွားလုပ်ငန်းမှရရှိသည့်ငွေသည် ယင်းကဲ့သို့ ကုန်ပစ္စည်းများ တင်ပို့ရောင်းချရန်မလိုဘဲ ဝန်ဆောင်မှုများမှတစ်ဆင့် အများစု ဝင်ငွေရရှိသည်ဖြစ်ရာ အသားတင်အကျိုးအမြတ်များ (net benefits)ဟုပင် ယူဆနိုင်ပေသည်။

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွဲဆောင်မှု အလွန်ကောင်းသော ရေခံ၊ မြေခံ၊ ယဉ်ကျေးမှု အမွေအနှစ်နှင့် ဖော်ရွေပျူငှာသည့် ဓလေ့စရိုက်ရှိသော လူမျိုးများဖြင့် ဖွဲ့စည်းထားရုံမျှမက ပထဝီဝင်အနေအထားအရလည်း အချက်အချာကျသည့်နေရာတွင် ရှိပေသည်။ မြန်မာနိုင်ငံသည် အချို့နိုင်ငံများကဲ့သို့ ကုန်းတွင်းပိတ်နိုင်ငံ (Landlocked country) မဟုတ်သဖြင့် ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ဖြတ်ကျော်၍ ခရီးသွားများအလွယ်တကူ ဝင်၊ ထွက်နိုင်ပြီး အကျယ်အဝန်းအားဖြင့်လည်း မြို့ပြနိုင်ငံငယ် (City-state) အဆင့်မျိုးမဟုတ်ဘဲ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ဒုတိယမြောက်အကြီးမားဆုံးနိုင်ငံဖြစ်သဖြင့် ဧည့်သည်အမြောက်အမြားအား လက်ခံ၍ ဝန်ဆောင်မှုပေးနိုင်ပေသည်။ ယင်းအပြင် နိုင်ငံမြောက်ဖျားတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင်မရှိသည့် ဆီးနှင်းများ ဖုံးလွှမ်းလျက်ရှိသည့် လှပသော တောင်တန်းများ၊ အင်းအိုင်ကြီးများ၊ အလယ်ပိုင်းတွင် သဘာဝတောတောင်၊ ရေတံခွန်၊ စိမ့်စမ်းများ၊ လယ်တောစိုက်ခင်းများ၊ မြစ်၊ ချောင်းနှင့်လွင်ပြင်များ၊ အနောက်ဘက်နှင့် တောင်ဘက်တွင် ပင်လယ်ပြင်ကြီးနှင့် ယင်းတို့နှင့်ထိစပ်နေသော ကမ်းခြေဒေသများက ဆွဲဆောင်မှုပသာဒအပြည့်ပင် ဖြစ်သည်။

ထို့မျှမက မကြာသေးမီက ကမ္ဘာ့အမွေအနှစ်များအဖြစ် သတ်မှတ်ခံရသည့်၊ လွန်ခဲ့သည့် ဘီစီ ၂၀၀ မှ အေဒီ ၉၀၀ အကြား တည်ထောင်ခဲ့သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ကဲ့သို့သော ပျူခေတ်မြို့ပြများ၊ အလားတူ အေဒီ ၁၁ မှ ၁၃ ရာစုလက်ရာ ပုဂံခေတ် ဂူ၊ ပုထိုးများ၊ မြန်မာနိုင်ငံအနှံ့ရှိ ဇီဝမျိုးစုံ၊ မျိုးကွဲများ၊ အခြားသော အထင်ကရ စေတီပုထိုးများ၊ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများနှင့် ကိုယ်ပိုင်ရိုးရာဓလေ့စရိုက် ဝိသေသများဖြင့် ပြည့်နှက်ကာ ရိုးသားဖြူစင်သည့် တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုးကျော် စုပေါင်းနေထိုင်လျက်ရှိရာ ယင်းတို့သည် ခရီးသွားလုပ်ငန်းအတွက် မရှိမဖြစ်လိုအပ်သော အခြေခံကောင်းများပင်ဖြစ်ပေသည်။ အဆိုပါ အရင်းအမြစ်များအား ခရီးသွားဧည့်သည်များ ကြိုက်နှစ်သက်မှုအလိုက် အသစ်အသစ်သော ခရီးစဉ်ဒေသများ (new tourism products) အဖြစ် ဖော်ထုတ်အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိရေး ဖန်တီးနိုင်မှုအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေ အများအပြားရရှိလာမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံနှင့် ပြည်သူလူထုအတွက် ဝင်ငွေနှင့် အကျိုးကျေးဇူးများစွာဖြစ်ထွန်းစေနိုင်သော်လည်း တာဝန်ရှိသူများ၏ စနစ်တကျ စီမံခန့်ခွဲနိုင်မှုနှင့် ဒေသခံတို့၏ အသိ၊ သတိ၊ ဉာဏ်ပညာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မှုမရှိပါက အကြမ်းဖက်မှုနှင့် နယ်စပ်ဖြတ်ကျော် မှုခင်းများ၊ ကူးစက်ရောဂါများ၊ ယဉ်ကျေးမှု၊ ရှေးဟောင်းအမွေအနှစ်နှင့် သဘာဝအရင်းအမြစ်တန်ဖိုးများ ကျဆင်းထိခိုက်စေနိုင်ခြင်းနှင့် လူမှုစီးပွားဘဝအပေါ် အခြားမလိုလားအပ်သော ဆိုးကျိုးရလဒ်သက်ရောက်ခြင်းများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့အတွက် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်း (sustainable tourism) တစ်ရပ်ဖြစ်ထွန်းနေစေရန် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ခရီးသွားဧည့်သည်၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူနှင့် ဒေသခံပြည်သူတို့အကြား တာဝန်ယူဆောင်ရွက်မှုဓလေ့တစ်ရပ် ထွန်းကားနေစေရန် "တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒ (Responsible Tourism Policy)"နှင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များအနေဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့်မကိုက်ညီသော အပြုအမူများ ရှောင်ကြဉ်နိုင်ရန် ကာတွန်းလက်ကမ်းစာစောင် (Dos & Don'ts Cartoon Booklet) အား ၂၀၁၂ ခုနှစ်တွင်လည်းကောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေသော ခရီးသွားလုပ်ငန်းတွင် ဒေသခံပြည်သူများ ပါဝင်မျှဝေခံစားနိုင်စေရန် "မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေးမူဝါဒ (Policy on Community Involvement in Tourism Policy)" အား ၂၀၁၃ ခုနှစ်တွင်လည်းကောင်း ပြဋ္ဌာန်းဖြန့်ဝေခဲ့သည်။

အလားတူ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (၂၀၁၃-၂၀၂၀) အား အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့် ရေးဆွဲကာ (၁)တောင့်တင်းခိုင်မာသော ဖွဲ့စည်းတည်ဆောက်မှုပုံသဏ္ဌာန်ထူထောင်ခြင်း၊ (၂) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ခြင်း၊ (၃) ခရီးစဉ်ဒေသဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များ၊ လုပ်ထုံးလုပ်နည်းများရေးဆွဲခြင်းနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာများခိုင်မာစေခြင်း၊ (၄) အရည်အသွေးမီ ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများ ဖွံ့ဖြိုးစေခြင်း၊ (၅) ဆက်သွယ်သွားလာမှု၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အခြေခံအဆောက်အအုံများ တိုးမြှင့်ရေးဆောင်ရွက်ခြင်း၊ (၆) မြန်မာနိုင်ငံ၏ အမည်အမှတ်တံဆိပ်ကို ထင်ရှားပေါ်လွင်လာစေခြင်းဟူသော မဟာဗျူဟာအစီအစဉ် (၆) ရပ်ကို နှစ်တို၊ နှစ်ရှည် စီမံကိန်း ၃၈ ခုဖြင့် အကောင်အထည်ဖော်ရေး ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ယနေ့အချိန်အခါတွင်နိုင်ငံတော်အစိုးရမှ ဒုတိယသမ္မတ(၂) ဦးဆောင်သော "အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ"အား ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန ၁၃ ခုမှ ဗဟိုကော်မတီဝင်အဖြစ် ပြည်ထောင်စုဝန်ကြီးများဖြင့် ဖွဲ့စည်းပေးခဲ့ပြီး မြန်မာ့ခရီးသွားလုပ်ငန်း စနစ်တကျတိုးတက်လာစေရန်နှင့် ခရီးသွားလုပ်ငန်းအား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ရပ်ဖြစ်လာစေရန်အတွက် တက်ကြွစွာဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ အလားတူ ပုဂ္ဂလိကကဏ္ဍတွင်လည်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်း ၁၁ သင်း ပါဝင်သော "မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်"အား ဖွဲ့စည်းထားရှိပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် အစိုးရ၊ ပုဂ္ဂလိက ဟန်ချက်ညီဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာနှင့် ဒေသတွင်း နယ်ပယ်တွင်မူ UNWTO, PATA, GMS, CLMV, ACMECS, JATA, ASEANTA အစရှိသော အဖွဲ့အစည်းအသီးသီးဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် လက်တွဲဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် လိုအပ်သော စွမ်းဆောင်ရည်ရှိသည့် လူ့အရင်းအမြစ်များရရှိစေရန် ဧည့်ဝန်ဆောင်မှုနှင့် ဧည့်လမ်းညွှန်ကဲ့သို့ (vocational training) များအား တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီးတွင် တိုးချဲ့ဖွင့်လှစ်နေသကဲ့သို့ ခရီးသွားလုပ်ငန်းပညာရပ်ကဏ္ဍ (Academic)တွင် ပညာရှင်များ ပေါ်ထွက်လာစေရန် ခရီးသွားလုပ်ငန်းပညာ အထူးပြုဘာသာရပ်အား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်ကာ ပညာရေးဝန်ကြီးဌာနမှ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ထို့မျှမက ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်နိုင်ငံအသီးသီးမှ ဥပဒေအကြံဉာဏ်၊ Data ကောက်ခံစာရင်းပြုစုမှုနည်းစနစ်၊ သုတေသနဆောင်ရွက်မှု၊ မူဝါဒရေးဆွဲထုတ်ပြန်ရေး၊ ပညာသင်ဆုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်မှု၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးချဲ့မှုနှင့် SME ဖွံ့ဖြိုးမှု စသည့် နည်းပညာနှင့် ငွေကြေးဆိုင်ရာ ပံ့ပိုးမှုအကူအညီများရယူကာ ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

စင်စစ်တွင်မူ ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်ရန်အတွက် ပြည်ပမှ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများအား စောင့်ဆိုင်းနေစရာမလိုဘဲ မိမိတို့ တိုင်းရင်းသားလုပ်ငန်းရှင်၊ ပြည်သူများ၏ ကာယ၊ ဉာဏအားဖြင့်ပင် ပီပီပြင်ပြင် ဆောင်ရွက်နိုင်ပေသည်။ အချုပ်အားဖြင့်တင်ပြရလျှင် ခရီးသွားလုပ်ငန်း၏ပကတိအကျိုးကျေးဇူးများအား သိမြင်ပြီးဖြစ်သော ကမ္ဘာ့နိုင်ငံအသီးသီး၌ ယင်းကဏ္ဍရေရှည်တည်တံ့ဖွံ့ဖြိုးစေရန် ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်မှုအားသာချက်များရှိပြီးဖြစ်သည့် အခြေအနေမျိုးတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများကိုလည်း မျက်ဝါးထင်ထင်တွေ့မြင်နေရပြီဖြစ်သည်။ ယခုအခါ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ ၄၁ နိုင်ငံမှ ခရီးသွားဧည့်သည်များအတွက် e-visa စနစ်ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စတင်ကျင့်သုံးနေပြီး နောင်တွင်လည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ရာ နိုင်ငံတကာမှ ဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလွယ်ကူစွာ ဝင်ရောက်လာနိုင်တော့မည်ဖြစ်သည်။ သို့ဖြစ်ရာ ဒေသအသီးသီးရှိ အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူနှင့် လူမှုအဖွဲ့အစည်းအသီးသီးတို့မှ စနစ်တကျပူးပေါင်းပါဝင်မှု မြှင့်တင်ဆောင်ရွက်ပါက မြန်မာ့ခရီးသွားလုပ်ငန်းသည် တောင်ပေါ်၊ မြေပြန့်၊ မြို့ပြနှင့် ကျေးလက်ပါမကျန် လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာစေရေးအတွက်များစွာ အထောက်အကူဖြစ်လာမည်ဖြစ်ပါကြောင်း "ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့" ကို ကြိုဆိုဂုဏ်ပြု ရေးသားတင်ပြအပ်ပါသည်။ ။

**နိုင်ငံမြောက်ဖျားတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင်မရှိသည့် ဆီးနှင်းများ ဖုံးလွှမ်းလျက်ရှိသည့် လှပသော တောင်တန်းများ၊ အင်းအိုင်ကြီးများ၊ အလယ်ပိုင်းတွင် သဘာဝတောတောင်၊ ရေတံခွန်၊ စိမ့်စမ်းများ၊ လယ်တောစိုက်ခင်းများ၊ မြစ်၊ ချောင်းနှင့်လွင်ပြင်များ၊ အနောက်ဘက်နှင့် တောင်ဘက်တွင် ပင်လယ်ပြင်ကြီးနှင့် ယင်းတို့နှင့်ထိစပ်နေသော ကမ်းခြေဒေသများက ဆွဲဆောင်မှုပသာဒအပြည့်ပင်ဖြစ်သည်။**

ပြည်တွင်းရေးရာ

# လွှတ်တော်အသီးသီးမှာ လူငယ်များပါဝင်လာစေရန် နိုင်ငံရေးပါတီအသီးသီးမှလည်း တာဝန်သိစွာဆောင်ရွက်ပေးရန်လိုအပ်

**၁၅-၉-၂၀၁၄ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက တင်ပြသည့်စာတမ်း**

ယနေ့ ကမ္ဘာပေါ်ရှိ အချုပ်အခြာအာဏာပိုင်နိုင်ငံပေါင်း ၂၀၀ ခန့် အနက် နိုင်ငံပေါင်း ၁၆၂ နိုင်ငံက ဒီမိုကရေစီကို လက်ခံကျင့်သုံးလျက်ရှိကြပါတယ်။ ဒီလိုကျင့်သုံးခြင်းကို ဂုဏ်ပြုတဲ့အနေနဲ့လည်းကောင်း၊ နိုင်ငံတော်အစိုးရနဲ့ လွှတ်တော်အသီးသီးတို့မှ ဒီမိုကရေစီကျင့်စဉ်များကို အားပေးမြှင့်တင်နိုင်ရန်နဲ့ ပြည်သူများအားလုံး ဒီမိုကရေစီစိတ်ဓာတ် အစဉ်ရှင်သန်နိုးကြားစေရန်အတွက်လည်းကောင်း မြတ်သောရည်ရွယ်ချက်များနဲ့ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အဖြစ် နှစ်စဉ် စက်တင်ဘာ ၁၅ ရက်နေ့ကို သတ်မှတ်ခဲ့ကြပါတယ်။ မိမိတို့မြန်မာနိုင်ငံအနေနဲ့လည်း ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းကျင့်သုံးခဲ့တဲ့ ၂၀၁၁ ခုနှစ်ကစတင်ပြီး ပေါ်ပေါက်လာခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်ရဲ့ စီစဉ်ဆောင်ရွက်မှုနဲ့ အထိမ်းအမှတ် အခမ်းအနားများ နှစ်စဉ်ကျင်းပပြုလုပ်ခဲ့တာ (၄)ကြိမ်မြောက် ရှိခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ရဲ့ ဆောင်ပုဒ်မှာ "ဒီမိုကရေစီဖော်ဆောင်ရာတွင် လူငယ်များ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေး"ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်ကို အောင်မြင်စွာကျင့်သုံးသည့် နိုင်ငံများဟာ လူငယ်များကို စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် ပါဝင်လာစေနိုင်ခြင်းမှာ အောင်မြင်မှုရဲ့ သော့ချက်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒီမိုကရေစီခြေလှမ်း စတင်ခဲ့တဲ့ မြန်မာနိုင်ငံမှာလည်း လူငယ်များကို ဒီမိုကရေစီအလေ့အကျင့်၊ ဒီမိုကရေစီစိတ်ဓာတ်များ စတင်ဆောင်ရွက်ပေးနိုင်ရန် အထူးလိုအပ်ပါတယ်။ လူငယ်များဟာ နေရာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှာ တွေ့ရှိနိုင်ပါတယ်။ ပညာရေးလောကမှာ ကင်းထောက်လူငယ်သင်တန်းများ ပို့ချစေခြင်းဟာ အထိရောက်ဆုံးသော လုပ်ငန်းဖြစ်လို့ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးသင့်ပါတယ်။

ဒီမိုကရေစီစနစ်ဟာ အမြင်မတူတဲ့ ဆန့်ကျင်ဘက်အင်အားစု နှစ်ခုအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် စွမ်းဆောင်နိုင်တဲ့ မတူသော်လည်း ငြိမ်းချမ်းစွာ အတူနေထိုင်သော ဝါဒဖြစ်ပါတယ်။

ယနေ့လူငယ်များဟာ မိမိဘဝတိုးတက်မြင့်မားရေး၊ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်ရေးတို့ကို အချိန်နှင့်တစ်ပြေးညီ တစ်စိုက်မတ်မတ် ကြိုးစားလေ့လာသင်ယူမှတ်သားနေကြရပါတယ်။ ထို့အတူ လုပ်ငန်းခွင်အတွင်း ဘဝရပ်တည်မှု တည်ငြိမ်ရေးတို့ကိုလည်း မမောနိုင်မပန်းနိုင် ခေတ်ကြီးကို အံတုကျော်ဖြတ်လှုပ်ရှားနေကြရတာကို တွေ့ရပါတယ်။ ထို့ကြောင့် အတ္တဘဝကို ရင်ဆိုင်ကျော်ဖြတ်ရင်း စုပေါင်းနေထိုင်လုပ်ကိုင်တတ်တဲ့ ကောင်းမွန်သောလုပ်ငန်းစဉ်များ၊ အထူးသဖြင့် ဒီမိုကရေစီအလေ့အကျင့်များနှင့် တစ်စတစ်စကင်းကွာမှု ဖြစ်ပေါ်လာနိုင်တာကိုလည်း တွေ့ရပါတယ်။ ထို့ကြောင့် နောင်အနာဂတ်တာဝန်ယူကြမယ့် လူငယ်များတွင် အဓိကလိုအပ်နေတဲ့ ဒီမိုကရေစီအလေ့အကျင့်များဖြစ်တဲ့ စုပေါင်းလုပ်ဆောင်ခြင်း၊ စုပေါင်းဆုံးဖြတ်ခြင်း၊ အများ၏ဆန္ဒအရ လိုက်နာဆောင်ရွက်ခြင်း၊ လူနည်းစုရဲ့ဆန္ဒကိုလည်း လူအများစုက အလေးတယူ ခံယူကျင့်သုံးတတ်ခြင်းတို့ကို လွှတ်တော်တွင်း၊ လွှတ်တော်ပများတွင် ပါဝင်နိုင်စေရန် ဆောင်ရွက်ပေးရပါမယ်။

လွှတ်တော်ပြင်ပအဖွဲ့အစည်းများဖြစ်တဲ့ လူမှုရေးအဖွဲ့အစည်းများမှာ ယခင်ကထက် လူငယ်များ ပါဝင်မှုပိုမိုများပြားလာတာကို တွေ့ရှိရပါတယ်။ သို့သော်လည်း ယနေ့လွှတ်တော်တွင်း ရောက်ရှိလာတဲ့ လွှတ်တော်ကိုယ်စားလှယ်အများစုမှာ လူကြီးများဖြစ်ပြီး လူငယ်အင်အားစု အရေအတွက် များစွာနည်းပါးနေပါတယ်။ နိုင်ငံတော်ရဲ့ အခြေခံပင်မဖြစ်တဲ့ လွှတ်တော်အသီးသီးမှာ လူငယ်များပါဝင်လာစေရန် နိုင်ငံရေးပါတီ အသီးသီးမှလည်း တာဝန်သိစွာ ဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ လူသားအရင်းအမြစ်ခိုင်မာမှုဖြစ်ပါမယ်။ လူသားအရင်းအမြစ်ခိုင်မာစေဖို့ အမြဲတမ်းသွေးသစ်လောင်းနေရပါမယ်။ တစ်နည်းဆိုသော် လူငယ်အင်အားစုကို မပြတ်ဖြည့်ဆည်းပေးမှသာ ရရှိနိုင်ကြောင်း ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများရဲ့ ဖြစ်စဉ်ဖြစ်ရပ်များမှ တွေ့ရှိနိုင်ပါတယ်။

မြန်မာနိုင်ငံဟာလည်း ကမ္ဘာ့ဒီမိုကရေစီအဝန်းအဝိုင်းအတွင်း ဝင်ဆံ့နိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ရေးအတွက် မြန်မာ့ဒီမိုကရေစီဖော်ဆောင်ရေးတွင် လူငယ်များ ဝိုင်းဝန်းဆောင်ရွက်လာစေရန် နိုင်ငံသားတိုင်း၊ ပါတီတိုင်းမှ တက်ညီလက်ညီ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ဆောင်ရွက်ရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။



မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ရွှေရတုအထိမ်းအမှတ်အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်ရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ပရိဝုဏ်အတွင်းရှိ ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းပေးခြင်းနှင့် ရင်ပြင်တော်သန့်ရှင်းရေးများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ သန်းမောင်(ရန်ကင်း)

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အခမဲ့ဆောင်ရွက်

**မြန်အောင် စက်တင်ဘာ ၂၁**

မြန်အောင်မြို့နယ် တာခွတဲကြီးကုန်းကျေးရွာ မုဒိတာလက်များ လူမှုကူညီရေးအသင်း၏ ဦးဆောင်မှုဖြင့် ကျေးရွာအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အခမဲ့ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၁ ရက်က တာခွတဲကြီးကုန်းကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ အခမဲ့ ဆေးကုသခြင်း ဆောင်ရွက်ပေးရာ တာခွတဲကြီးကုန်းအုပ်စု ကျန်းမာရေးမှူး ဦးတင်လင်းအောင် ဦးဆောင်သော ကျန်းမာရေးဆရာ ဆရာမများက ကျေးရွာအတွင်းရှိ လူနာများကို အခမဲ့ ဆေးကုသပေးခဲ့ကြသည်။

တာခွတဲကြီးကုန်းကျေးရွာ မုဒိတာလက်များ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးစိုးစိုးမင်းက မုဒိတာလက်များလူမှုကူညီရေးအသင်းကို တာခွ/ထန်းတိုက်နယ်အတွင်းရှိ ကျေးလက်နေဆင်းရဲနွမ်းပါးသူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို ကူညီဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ အဖွဲ့ဝင် ၁၈၀ ဖြင့် ယခုနှစ်မတ်လတွင် စတင်ဖွဲ့စည်း၍ တစ်ဦးလျှင် လစဉ် ကျပ် ၁၀၀၀ လှူဒါန်းငွေနှင့် ပြင်ပလှူဒါန်းငွေများဖြင့်တစ်လလျှင် နှစ်ကြိမ် အခမဲ့ဆေးကုသပေးခြင်းဖြစ်ပြီး ငွေကြေးချို့တဲ့ပြီး ဆေးရုံဆေးခန်းတွင် ကုသရမည့် လူနာများကို တစ်လလျှင် ငါးဦးနှုန်းဖြင့် ကျပ် ၂၀၀၀၀ ထောက်ပံ့ပေးကြောင်း ပြောကြားခဲ့သည်။ တာခွတဲကြီးကုန်းအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်ဇော်သိန်းကလည်း နောင်တွင် တာခွ/ထန်းတိုက်နယ်အတွင်းရှိ ကျေးရွာများကို ကွင်းဆင်း၍ အခမဲ့ဆေးကုသခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဝင်းဗိုလ်(မြန်/ဆက်)**



## သဲသောင်ပြင်ဘောလုံးလူရွေးပွဲ မလိခနှင့် UPT တို့ ဆီမီးတက်

**ရန်ကုန် စက်တင်ဘာ ၂၁**

မြန်မာ့လက်ရွေးစင် သဲသောင်ပြင်ဘောလုံးအသင်း ဖွဲ့စည်းရန် ကျင်းပသည့် လူရွေးပွဲကွာတားဖိုင်နယ် ပထမနေ့ ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ သုဝဏ္ဏပန်းခြံကွင်း၌ ကျင်းပရာ မလိခအသင်းနှင့် UPT အသင်းတို့ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။

ကွာတားဖိုင်နယ် ပထမနေ့ပွဲစဉ်များတွင် မလိခအသင်းက All Star အသင်းကို ခုနစ်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိပြီး UPT အသင်းနှင့် PPL အသင်းတို့မှာ သာမန်ပွဲကစားချိန်အတွင်း၌ ငါးဂိုးစီ သရေကျနေ၍ ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ UPT အသင်းက စုစုပေါင်း ရှစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိသည်။ ကွာတားဖိုင်နယ် ဒုတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(ဖိုးသော်ဇင်)**



စက်တင်ဘာ ၂၁ ရက်က ဒေါပုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစန်းမြိုင်ဦးစီးသော တပ်ဖွဲ့ဝင်အရာရှိ/အရာခံ/အကြပ်/တပ်သား ၄၀ တို့ ဒေါပုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းနေစဉ်။ အေးသန်း(ဒေါပုံ)





ပြည်တွင်းရေးရာ

# အမျိုးသားအဆောက်အအုံစီမံကိန်းဆိုင်ရာများ ရှင်းလင်းပြောကြား



**နေပြည်တော် စက်တင်ဘာ ၂၁**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးအစည်းအဝေးခန်းမ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အိုးအိမ်ဦးစီးဌာန၊ မြို့တော်စည်ပင်အကြံပေးအဖွဲ့တို့မှ တာဝန် ရှိသူများနှင့် တွေ့ဆုံကာ အမျိုးသား အဆောက်အအုံစီမံကိန်းဆိုင်ရာနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။**(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော ဦးအောင်မောင်၊ ဦးကျော်ဆန်းနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေး အကြံပေးအဖွဲ့ ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ အိုးအိမ်ဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ စည်ပင်သာယာရေးဦးစီးဌာနနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့မှ ဌာနဆိုင်ရာအရာရှိများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အောက်တိုဘာ ပထမပတ်တွင် ကျင်းပမည့် National Housing Planning တွင် မြို့ပြနှင့် အိုးအိမ်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများကို ဥပဒေ၊ စည်းကမ်း၊ လက်တွေ့အကောင် အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် ပတ်သက်၍ ဆွေးနွေးအကြံပြုနိုင်ရေးအတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ သို့မှသာ လုပ်ငန်းအလိုက် လိုအပ်ချက်များသိရှိပြီး ပြင်ဆင်သင့်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးမြို့တော်ဝန်က ချမ်းမြသာစည်မြို့နယ်တွင် ဆောင်ရွက်ခဲ့သည့် မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာစီမံကိန်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ခဲ့မှုများ၊ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက တိုင်းဒေသကြီးအတွင်း တိုးတက်လာမည့် လူဦးရေအရ မြို့ပြစီမံကိန်းများအကောင်အထည်ဖော်ရန် လျာထားမှုများနှင့် မြို့တော်စည်ပင်သာယာရေးအကြံပေးအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လိုအပ်သည်များကို ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## ✱ ကျော့ဖုံးမှ

**မြန်မာပြည်နံပါတ်တစ်လက်ဝှေ့ချန်ပီယံလုပွဲတွင်** ဒဂုံရွှေအောင်လံသုံးထပ်ကွမ်းနှင့် လက်ရှိမြန်မာပြည်လက်ဝှေ့ချန်ပီယံ ရွှေခါးပတ်ပိုင်ဆိုင်ထားပြီး မအိုသေးကြောင်းပြချင်သည့် သမ္ဘာရင့်စောငမန်း (ရွှေဖူး) နှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှရွှေဆုနှင့် ဒဂုံရွှေအောင်လံဆုရှင်ဖြစ်ပြီး ငယ်ရွယ်ဖျတ်လတ်သူ ချန်ပီယံဆုကို အရလိုချင်သူ ထွန်းထွန်းမင်း (မုဒုံသား) တို့ပွဲဖြစ်၍ ထိုင်ခုံလွတ်မရှိအောင် ပွဲကြည့်သူလက်ဝှေ့ဝါသနာရှင် ပရိသတ်က ပြည့်နေသည်။

သူတို့နှစ်ဦး ယခုတစ်ကြိမ်တွေ့ဆုံသည့် ငါးချီအထူးစိန်ခေါ်ပွဲ ပထမအချီစစချင်းပင် ထွန်းထွန်းမင်း(မုဒုံသား)၏ ခေါင်းနှင့် ဒူးတိုက်ချက်တို့ကြောင့် စောငမန်းလဲကျပြီး အနားတောင်းရသည်။ တတိယအချီတွင် စောငမန်း ထိုးပြီးခွာသည့်နည်းဖြင့် တိုက်ခိုက်သည်။ ခံစစ်ဖြင့် အနည်းဆုံးသရေရလဒ်ယူ၍ ချန်ပီယံသရဖူကာကွယ်နိုင်ရေး ထိန်းပြီးကစားသည်။ ကိုင်ပေါက်သည်။ သို့သော် ငယ်ရွယ်ဖျတ်လတ်သူ ထွန်းထွန်းမင်း၏ အတင်းဝင်အတင်းထွက် ဘက်စုံသုံးဖွင့်ထိုး၊ ရင်ဆိုင်ထိုးသတ်ချက်များကို ကြာရှည်တောင့်မခံနိုင်တော့ဘဲ စတုတ္ထအချီမှာပင် စောငမန်းဆက်လက်မယှဉ်ပြိုင်နိုင်တော့သဖြင့် ထွန်းထွန်းမင်း(မုဒုံသား)နံပါတ်တစ် မြန်မာပြည်လက်ဝှေ့ချန်ပီယံဘွဲ့ကို ဆွတ်ခူးပြီး ရွှေခါးပတ်ကို ရယူပိုင်ဆိုင်နိုင်ခဲ့သည်။

ဆက်လက်ယှဉ်ပြိုင်ထိုးသတ်သည့် စိန်ခေါ်ပွဲများတွင် တက်သစ်စ လူငယ်လက်ဝှေ့သမားများ ဖြစ်ကြသည့် မင်းနိုင်ထွန်း(စွမ်းကေကေ)နှင့် ခွန်ရှိုင်းထက်(အဖြူရောင်သွေးသစ်)တို့ပွဲတွင် ပူးတွဲသရေကျခဲ့ပြီး စောဖြိုးဝေ(အဖြူရောင်သွေးသစ်)နှင့် ရဲသွေးနီ(တောင်ကလေး)တို့ပွဲတွင် ရဲသွေးနီက ဒုတိယအချီနှစ်မိနစ် လေးစက္ကန့်တွင် စောဖြိုးဝေကို အလဲထိုးအနိုင်ရရှိခဲ့သည်။ ထွန်းနိုင်ဦး(အဖြူရောင်သွေးသစ်)နှင့်မြင့်အောင်(မုဒုံသား)တို့ပွဲတွင် စတုတ္ထအချီ၌ ထွန်းနိုင်ဦးအလဲထိုးအနိုင်ရရှိခဲ့ပြီး ဖြူလေး(မုဒုံသား)နှင့် ရှမ်းလေး(ဝါဆို)တို့ပွဲတွင် ဒုတိယအချီမှာပင် ရှမ်းလေးဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် စောသဲဦး(T&T) နှင့် မိုးဟိန်း(မိဂသီ)တို့ပွဲတွင် မိုးဟိန်းအလဲထိုးအနိုင်ရခဲ့သလို ဆောအယ်လေး(ထော့မဲပါ)နှင့် သားအသဲတစ်ပွင့်(စွမ်းကေကေ/မန္တလေး)တို့ပွဲတွင် စောအယ်လေးက ဒုတိယအချီမှာပင် သားအသဲတစ်ပွင့်ကို အလဲထိုးအနိုင်ရရှိခဲ့သည်။ ထက်အောင်ဦး(တောင်ကလေး)နှင့် ကျားပေါက်(ရွှေသောင်းရင်း/မြဝတီ)တို့ပွဲတွင် ပထမအချီမှာပင် နှစ်ဦးစလုံးသွေးဖြာကျ၍ ရေကုန်ရေခမ်း ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း စတုတ္ထအချီတွင် ထက်အောင်ဦးက အလဲထိုးအနိုင်ရရှိသွားသည်။ ဖိုးကေ(မန္တလေး)နှင့် စောရန်ပိုင်(မိဂသီ/ဘားအံ)တို့ပွဲတွင် ပွဲချိုးပြည့်ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း ပူးတွဲသရေဖြင့် အဆုံးသတ်ခဲ့သည်။

**သတင်း » အောင်ကျော်ဦး**
**ဓာတ်ပုံ » ခင်မောင်ဝင်း**

## ○ ရေဝတီအသင်းမှ

နေပြည်တော်အသင်းမှာ ချန်ပီယံဆုကို ပထမဆုံးအကြိမ်ရရှိရေး ကြိုးပမ်းခဲ့သော်လည်း ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ ရှုံး/ထွက်ပြိုင်ပွဲကို နောက်ဆုံးကျင်းပခဲ့သော ၂၀၁၂ ခုနှစ်တွင် ဗိုလ်စွဲထားသည့် ရေဝတီအသင်းမှာ ချန်ပီယံဆုကို နှစ်ကြိမ်ဆက်တိုက်ရရှိခဲ့ကြောင်း သိရသည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဒုတိယဆုရ နေပြည်တော်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၁၅၀၊ ပထမဆုရ ရေဝတီအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေကျပ်သိန်း ၃၀၀နှင့်ဆုဖလားတို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အောက်တိုဘာလနောက်ဆုံးပတ်တွင် စတင်ကျင်းပမည့် မဲခေါင်တိုယိုတာဖလားပြိုင်ပွဲဝင်ခွင့်ရ ရေဝတီအသင်းကို တိုယိုတာကုမ္ပဏီမှ တရားဝင်ဖိတ်ကြားစာပေးအပ်သည်။

**သတင်း၊ ဓာတ်ပုံ » ရှိုင်းထက်ဇော်**

## ❖ ရာသီဥတုမှ

၁၅၈၀၀ သို့ တက်ရောက်ရှာဖွေစေခဲ့ကြောင်း၊ ၎င်းအမြင့်ပေတွင် ၃ နာရီနီးပါး စောင့်ဆိုင်းရှာဖွေခဲ့သော်လည်း ပြန်လည်ရောက်ရှိမလာသောကြောင့် စက်တင်ဘာ ၆ ရက်တွင် တစ်ရက်နားပြီး စက်တင်ဘာ ၇ ရက်တွင် အမြင့်ပေ ၁၆၂၀၀ ဝန်းကျင်သို့ တက်ရောက်ရှာဖွေခဲ့ကြောင်း၊ ထိုအမြင့်ပေတွင် Mountaineering Gears များမပါဝင်ဘဲ ဆက်သွား၍မရသဖြင့် Supporiting သမားများပါ အန္တရာယ်ဖြစ်နိုင်သဖြင့် ပြန်ဆင်းလာခဲ့ပြီး မိခင်ဌာနသို့ သတင်းပို့နိုင်ရန် ပြင်ဆင်ခဲ့ကြောင်း၊ စက်တင်ဘာ ၈ ရက်နံနက်တွင် Base Camp မှ Supportiong Teams သည် လေးညအိပ် ငါးရက် အတက်ခရီးကို တစ်ညအိပ် နှစ်ရက်ခရီးဖြင့် ပြန်ဆင်းကာ စက်တင်ဘာ ၉ ရက် ညနေတွင် တဟွန်ဒမ်းရွာသို့ ရောက်ရှိကာ ဦးနမားဂွန်ဆိန်၏ Satellite ဖုန်းဖြင့် ရန်ကုန်ရှိမိခင်ဌာနသို့ အကြောင်းကြားသတင်းပို့နိုင်ခဲ့ပြီး ညွှန်ကြားချက်ရယူခဲ့ကြောင်း၊ စက်တင်ဘာ ၁၀ ရက် ၁၁ ရက်တို့တွင် တဟွန်ဒမ်းရွာ၌ အထမ်းကိစ္စ၊ ရိက္ခာကိစ္စများကို ပြန်လည်စီစဉ်ခဲ့ပြီး စက်တင်ဘာ ၁၂ ရက်တွင် Supporting Teams သည် ပန်နန်းဒင်မြို့သို့ ဆင်းလာရန်ညွှန်ကြားသဖြင့် အထမ်း၊ ရိက္ခာအကျပ်အတည်းများကြားမှ ပြန်လည်ဆင်းခဲ့ပြီး စက်တင်ဘာ ၁၆ ရက်ညနေတွင် ပန်နန်းဒင်သို့ ရောက်ရှိကာ ထူးဖောင်ဒေးရှင်း၏ ကယ်ဆယ်ရေးရဟတ်ယာဉ်များဖြင့် ယင်းနေ့တွင် ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ထူးဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌ ဦးတေဇကိုယ်တိုင် တဟွန်ဒမ်းရွာအထိ လိုက်ပါကာ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ပြုလုပ်နေကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်အား မေးမြန်းခဲ့ရာ-

**မေး။ တောင်ထိပ်အထိတက်ရောက်မည့်အဖွဲ့ဝင်များကို ဘယ်လိုရွေးချယ်ခဲ့ပါသလဲ။**

ဖြေ။ တောင်ထိပ်တက်မယ့်အဖွဲ့ဝင်တွေဟာ ဒီအသင်းမှာ အမာခံအဖြစ်ပါဝင်ဆောင်ရွက်နေပြီး တောင်တက်ခရီးကြမ်းတွေအပြင် နာဂစ်လို လူမှုကူညီရေးလုပ်ငန်းတွေမှာ ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်ခဲ့ကြပြီး အတွေ့အကြုံရင့်ကျက်သူများဖြစ်ပါတယ်။ အသင်းက ချမှတ်ထားတဲ့စည်းကမ်းတွေအတိုင်း ခရီးစဉ်တွေမှာ လိုက်ပါမှု၊ စိတ်ဓာတ်ပြည့်ဝမှု၊ သာမန်မြေသားတောင်၊ ကျောက်တောင်၊ ရေခဲတောင်များအပြင် ပြည်တွင်း ပြည်ပ အတွေ့အကြုံတောင်တက်ကိရိယာအသုံးပြုပုံကျွမ်းကျင်မှုတွေအပေါ် မူတည်ပြီး ခါကာဘိုရာဇီရေခဲတောင်ထိပ်ကို တက်ရောက်ဖို့ ရွေးချယ်ခဲ့တာပါ။



တက္ကသိုလ်ခြေလျင်တောင်တက်အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်။

**မေး။ တောင်တက်အဖွဲ့တက်ရောက်ခဲ့တဲ့ ခါကာဘိုရာဇီမြောက်ဘက်အခြမ်းက ပိုမိုခက်ခဲတယ်လို့ သိရပါတယ်၊ ဘာကြောင့် ဒီလမ်းကို ရွေးချယ်ခဲ့ရတာလဲ။**

ဖြေ။ ခါကာဘိုရာဇီတောင်ထိပ်ကို ရောက်တာဟာ ၁၉၉၆ ခုနှစ်က မစ္စတာ အိုဇာကီ(ဂျပန်လူမျိုး)နဲ့ မြန်မာနိုင်ငံသား ဦးနမားဂွန်ဆိန်(တိဘက်လူမျိုး) တို့အဖွဲ့ရယ်၊ ဆရာတို့အဖွဲ့ရယ် နှစ်ဖွဲ့ပဲရှိပါသေးတယ်။ ဆရာတို့အဖွဲ့က လူငယ်တွေကတော့ ခါကာဘိုရာဇီတောင်ထိပ်ကို မြန်မာနိုင်ငံသား မြန်မာလူမျိုးစစ်စစ်ချည်းပဲ သီးသန့်တက်ရောက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို တောင်ထိပ်မှာ စိုက်ထူလိုခြင်းဖြစ်ပါတယ်။ ဒီလိုစိုက်ထူတဲ့အခါမှာလည်း ဘယ်သူမှ မတက်နိုင်ဘူးလို့ယူဆတဲ့ မြင့်မားမတ်စောက်တဲ့ တောင်နံရံကြီးအတိုင်း စွန့်စွန့်စားစား တက်ရောက်ကြတာပဲ၊ နိုင်ငံတော်အလံနဲ့ တောင်တက်အဖွဲ့အလံတွေကို ဘယ်နိုင်ငံခြားအလံတွေနဲ့မှ ယှဉ်တွဲပြီး လွှင့်ထူဖို့မလိုဘဲ သီးသန့်လွှင့်ထူနိုင်ခဲ့ကြတာပါ။

**မေး။ ဆက်သွယ်ရေးစက်နဲ့ အခြားစက်ကိရိယာတွေ ဘာကြောင့် ဘက်ထရီကုန်သွားတာဖြစ်နိုင်တယ်လို့ ယူဆခဲ့ရတာပါလဲ။**

ဖြေ။ သူတို့တောင်တက်တဲ့အခါ ဘက်ထရီအပိုတွေ ပါသွားပါတယ်။ ဒါပေမယ့် ရက်ကလဲဝေး၊ ရာသီဥတုကလည်း အေးတော့ ဘက်ထရီအားကလည်း ကျလွယ်ပါတယ်။ သာမန်အပူချိန်မှာရှိတဲ့ ဓာတ်ခဲအားနဲ့ အအေးခန်းမှာရှိတဲ့ ဓာတ်ခဲအားက ပိုကုန်လွယ်ပါတယ်။ ရေခဲမှတ်အောက် အနုတ် ၁၀ ဒီဂရီကနေ ၁၅ ဒီဂရီအောက်ရှိတဲ့ ရေခဲပြင်မှာ အားကုန်တာ မြန်နိုင်ပါတယ်။

**မေး။ သူတို့နဲ့အဆက်အသွယ်ပြတ်ခဲ့ရတာ တစ်နည်းအားဖြင့် ပျောက်ဆုံးရတာက လူရဲ့ချို့ယွင်းချက်ကြောင့်လား သဘာဝရေမြေတောတောင်ကြောင့်လား ဆရာဘယ်လိုထင်မြင်ပါသလဲ။**

ဖြေ။ သူတို့တောင်ထိပ်ရောက်ချိန်မှာ တောင်ခြေကလူတွေနဲ့ ပျော်ပျော်ရွှင်ရွှင်ဆိုနိုင်ကြသေးတာပဲ။ လူတွေနာမကျန်းလို့ ချို့ယွင်းလို့ မဖြစ်နိုင်ပါဘူး။ အပြောင်းအလဲမြန်တဲ့ ရေခဲတောင်ကြီးရဲ့ ရာသီဥတုနဲ့ ရေမြေအနေအထားကြောင့် ပိုလို့ဖြစ်နိုင်ပါတယ်။

**မေး။ တောင်တက်ကိရိယာတွေနဲ့ လေ့ကျင့်ထားမှုတွေကရော လုံလောက်မှုရှိရဲ့လား။**

ဖြေ။ အပြည့်အဝရှိပါတယ်။ သူတို့တက်ခဲ့တဲ့ ခါကာဘိုရာဇီတောင်နံရံကြီးတွေက ပေ ၁၆၀၀၀ ကနေ ပေ ၁၈၀၀၀ အထိ တက်ရတဲ့ ကျောက်နံရံကြီးတွေဟာ အထပ် ၂၀ ရှိတဲ့ တိုက်ကြီးတစ်လုံးလောက်မြင့်ပါတယ်။ ဒီနံရံကြီးကို တောင်တက်ကိရိယာမပြည့်စုံဘဲတက်လို့မရပါဘူး။ သူတို့ဟာ ကျောက်ကြိုကျောက်ကြား နံရံကြိုနံရံကြားမှာဖြစ်သလို ခဲရာခဲဆစ် ရပ်နားပြီးမှ ကျားကုပ်ကျားခဲ ကြိုးစားတက်ရောက်ခဲ့ကြတာပါ။

**မေး။ သူတို့ရဲ့ မဖြစ်မနေ ဇွဲသတ္တိကို ချီးကျူးလေးစားပါတယ်။ ဆရာ့အနေနဲ့ သူတို့နဲ့ ပျော်ပျော်ရွှင်ရွှင် ပြန်တွေ့နိုင်မယ်လို့ မျှော်လင့်ထားပါသလား။**

ဖြေ။ သူတို့ရဲ့ မာကျောရဲဝံ့တဲ့စိတ်ဓာတ်ကိုတော့ ဆရာအမှန်တကယ်လေးစားပါတယ်။ သူတို့ဟာဆရာ့ရဲ့ တပည့်လည်းဟုတ်၊ ရဲဘော်ရဲဘက်လည်းဟုတ်ပါတယ်။ ဆရာ့ရဲဘော်တွေအတွက် ရှာဖွေရေးအဖွဲ့က သတ်မှတ်ထားတဲ့ရက်ရဲ့ နောက်ဆုံးစက္ကန့်အထိ ဆရာတို့တစ်ဖွဲ့လုံး မျှော်လင့်ဆဲပါပဲ။

**မေး။ ဆရာ့အနေနဲ့ စိတ်ပူနေတဲ့ မိဘပြည်သူတွေကိုရော ဘာပြောစရာရှိပါသေးလဲ။**

ဖြေ။ ဆရာတို့ ကလေးနှစ်ယောက်အတွက် စိတ်ပူပေးကြ၊ မေတ္တာပို့ဆုတောင်းပေးကြတဲ့အတွက် မဖော်ပြနိုင်လောက်အောင် ဝမ်းသာပီတိဖြစ်ရပါတယ်။ နိုင်ငံတော်အတွက် ရွှေတံဆိပ်ဆုကြီးတွေ ယူမပေးနိုင်ပေမယ့် ဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ ပတ်သက်တဲ့ စိတ်ဓာတ်အရည်အချင်းကောင်းများရဲ့ ပြယုဂ်ကို သက်သေပြခဲ့ပါပြီ။ သူတို့ ဘယ်အခြေအနေပဲ ရောက်ရောက် ဆရာတို့က သူတို့ကို အကောင်းဆုံးဂုဏ်ပြုချီးမြှောက်ရမှာပါ။ ဒီခရီးစဉ်ကြီး ဖြစ်မြောက်အောင် စတင်ကူညီပေးခဲ့တဲ့ ပရီမီယာကော်ဖီနဲ့ ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူများအားလုံးကိုရော ပျောက်ဆုံးသူနှစ်ယောက်ကို အင်တိုက်အားတိုက် ကြိုးပမ်းရှာဖွေပေးနေတဲ့ ပူတာအိုအခြေစိုက်စစ်ဗျူဟာနဲ့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်မတော်(ကြည်း)၊ တပ်မတော်(လေ) တပ်ရင်းတပ်ဖွဲ့ဝင်များနဲ့ ဒေသခံများ၊ ထူးကုမ္ပဏီဥက္ကဋ္ဌ ဦးတေဇအမှူးပြုတဲ့ ထူးအဖွဲ့သားအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်ဟု ဖြေကြားခဲ့သည်။

မြန်မာလူငယ်တွေရဲ့ မဖြစ်မနေထားရှိတဲ့ ဇွဲ၊ သတ္တိ၊ လုံ့လ၊ ဝီရိယအားမာန် အန္တရာယ်ကို ကျော်နင်းဝံ့တဲ့ စိတ်ဓာတ်ကို နိုင်ငံသားတိုင်းလေးစားဂုဏ်ယူထိုက်ပါတယ်။ ယောကျ်ားတံခွန် လူရည်ချွန်က ကောင်းကင်တမွတ်၊ ကြယ်ကိုဆွတ်လည်း၊ မလွတ်စတမ်း၊ ရမြဲတမ်းတည့် ဆိုသည့်အတိုင်း သူတို့ကို ပေးအပ်လိုက်တဲ့ တာဝန်ကို ကျေပွန်အောင်ကြိုးစားခဲ့တဲ့ ကိုအောင်မြင့်မြတ်နှင့် ကိုဝေယံမင်းသူတို့၏ စိတ်ဓာတ်ကို လေးစားဂုဏ်ယူမိပြီး အမြန်ဆုံးပြန်လည်တွေ့ရှိနိုင်ပါစေဟု ဆန္ဒပြုလျက်. . . ။ ။

**သတင်းနှင့် ဓာတ်ပုံ**
**ခင်ဇာလီ(ကြေးမုံ)**

# ရထားကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နှစ်နိုင်ငံဝန်ကြီးအဆင့် လက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၂၁**

ရထားကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာလွှာကို နှစ်နိုင်ငံဝန်ကြီးအဆင့် လက်မှတ်ရေးထိုးရန်နှင့် ဆိုးလ်မြို့တွင် ကျင်းပသည့် Global Infrastructure Cooperation Conference 2014- GICC အစည်းအဝေးသို့ တက်ရောက်ရန်အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ စက်တင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ သွားရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက်တွင် ဆိုးလ်မြို့သို့ရောက်ရှိခဲ့ပြီး CJ Korea Express ဝန်ထမ်းများကို လေ့ကျင့်ပျိုးထောင်ပေးနေမှုများ၊ စားသောက်ကုန်ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများ စသည်တို့ကို လေ့လာကာ CJ Express နှင့် မြန်မာနိုင်ငံ ကုန်းလမ်းပို့ဆောင်ရေးတို့ ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်တင်ရေးနှင့် ရထားကဏ္ဍဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ Gangnam Bus Terminal သို့ သွားရောက်လေ့လာပြီး Kumho Buslines Company နှင့် မြန်မာနိုင်ငံတွင် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းကဏ္ဍ၌ ရင်းနှီးမြှုပ်နှံရေးကိစ္စများ ဆွေးနွေးခဲ့သည်။**(အောက်ပုံ)**

စက်တင်ဘာ ၁၇ ရက်တွင် ဆိုးလ်မြို့ Lotte Hotel World တွင် ကိုရီးယားသမ္မတနိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးကာ မြန်မာနိုင်ငံရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအကြား ရထားကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာလွှာကို နှစ်နိုင်ငံဝန်ကြီးအဆင့် လက်မှတ်ရေးထိုးခဲ့သည်။

ဆက်လက်၍ ဟိုတယ်၌ကျင်းပခဲ့သော Global Infrastructure Cooperation Conference 2014- GICC သို့ တက်ရောက်ခဲ့ပြီး Lootte Asset Development Company နှင့် ရထားကဏ္ဍတွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းနေ့ညပိုင်းတွင် ကိုရီးယားနိုင်ငံ Internation Compractors Association of Kyea(ICAK)မှ တည်ခင်းသော ညစာစားပွဲသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက မိန့်ခွန်းပြောကြားခဲ့သည်။

စက်တင်ဘာ ၁၈ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကိုရီးယားနိုင်ငံ Guro ရှိ Korea Railway(Korail)၏ Traffic Control Centre ကို သွားရောက်လေ့လာခဲ့ပြီး ကိုရီးယားမြန်နှုန်းမြင့်ရထားကို လေ့လာစီးနင်းကာ Daejeon ရှိ KRNA ရုံးချုပ်သို့ သွားရောက်၍ KRNA မှ အမှုဆောင်အရာရှိချုပ် ဦးဆောင်သောအဖွဲ့နှင့် နှစ်နိုင်ငံရထားကဏ္ဍဆိုင်ရာများ ဆွေးနွေးခဲ့သည်။

စက်တင်ဘာ ၁၉ ရက်တွင် ဆိုးလ်မြို့တော်ခန်းမရှိ Traffic Operation and Information Service(TOPIS)သို့ သွားရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# အားကစားဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၁**

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် စက်တင်ဘာ ၁၉ ရက်က ကျေးရွာ/မြို့နယ်/ခရိုင်များတွင် အားကစားလှုပ်ရှားမှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့၊ မြောင်း မြမြို့၊ လပွတ္တာမြို့၊ မော်လမြိုင်ကျွန်းမြို့၊ ဘိုကလေးမြို့၊ ဖျာပုံမြို့နှင့် ဒေးဒရဲမြို့များသို့သွားရောက်၍ အားကစားကွင်း/အားကစားရုံများ၏ လက်ရှိအခြေအနေ၊ ဒေသအားကစားနှင့် ကာယပညာကော်မတီများ၏ အားကစားလှုပ်ရှားမှု အခြေအနေများကို သက်ဆိုင်ရာခရိုင်/မြို့နယ် အားကစားနှင့်ကာယပညာကော်မတီဝင်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးလမ်းညွှန်ခဲ့သည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်တွင် အိမ်မဲမြို့နယ်ရှိ ရွှေလင်းယုံအားကစားကွင်း ပြင်ဆင်မွမ်းမံခြင်း ဆောင်ရွက်သည့် အခြေအနေများ၊ လပွတ္တာမြို့နယ်ရှိ ခြင်းလုံးအားကစားရုံအသစ်ဆောက်လုပ်မည့် မြေနေရာ၊ ဘတ်စကက်ဘောကွင်း၊ တင်းနစ်ကွင်းအသစ်ဖောက်လုပ်မည့် မြေနေရာတို့ကို လိုက်လံကြည့်ရှုပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ဗဟုသုတစာအုပ်စာပေများကို မောင်ထင်စာကြည့်တိုက်သို့ လှူဒါန်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မော်လမြိုင်ကျွန်းမြို့ မော်ရွှေဝါ အားကစားခန်းမနှင့် မြို့မအားကစားကွင်းသို့ အားကစားပစ္စည်းများလှူဒါန်းပြီး လက်ဝှေ့အားကစားနည်း အတွက် သွေးသစ်များစွာ မွေးထုတ်ပေးနိုင်သည့် မော်ကျွန်းလက်ဝှေ့ကလပ်သို့ လေ့ကျင့်ရေးအားကစားပစ္စည်းများ လှူဒါန်းပြီး ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ ကော့မှူးမြို့များရှိ အားကစားကွင်းရုံများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် လမ်းညွှန်မှုများ ဆောင်ရွက်ခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# ဉာဏ်ရည်မမီအားကစားပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

၂၀၁၄ ခုနှစ် (၁၁)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဉာဏ်ရည်မမီအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက် ၁၀ နာရီက သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစခန်းဘောလုံးကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲများအဖြစ် ဉာဏ်ရည်မမီ မီတာ ၅၀ နှင့် မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ မီတာ ၂၀၀ လမ်းလျှောက်နှင့် အပြေးပြိုင်ပွဲများ၊ ဘိုချီပြိုင်ပွဲများနှင့် Soft Ball Trow ပြိုင်ပွဲများ ကျင်းပခဲ့ပြီး အောင်နိုင်ဆုရရှိသူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်၍ ဆုများအသီးသီးချီးမြှင့်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံဉာဏ်ရည်မမီအားကစားအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်က ရွှေတံဆိပ် ၅၃ ခုဖြင့် ပထမ တံခွန်စိုက်ဗိုင်းဆုရရှိသွားသော ရန်ကုန်တိုင်းဒေသကြီး ဉာဏ်ရည်မမီအားကစားအသင်းအား တံခွန်စိုက်ဗိုင်း ချီးမြှင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## ကိုးဘွဲ့ရ တရားပေါင်းချုပ်



ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ(စစ်ကိုင်းရွှေဟင်္သာ)ဟောကြားထားသော ကိုးဘွဲ့ရတရားပေါင်းချုပ် အတွဲ(၁)မှ (၄)အထိ လေးတွဲထွက်ရှိလာသည်။

မိဘကျေးဇူးအကျေဆပ်နည်း၊ မိဘမျက်ရည်တစ်စက် သားသမီးသောကတစ်သက်၊ အသက်ပေးပြီးချစ်တဲ့အမေ၊ အမေဆိုတာ မေတ္တာပင်လယ်စသည့် ဆရာတော်ဟောကြားခဲ့သော မိဘမေတ္တာဖွဲ့ဝတ္ထုများကို စုပေါင်းထုတ်ဝေထားသည်။

ထိုစာအုပ်များကို သစ္စာမဏ္ဍိုင် ပိဋကတ်စာအုပ်ဆိုင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက် (၄၂)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၀၈၄၀၃ က ဖြန့်ချိထားသည်။

---

## စာပေဗိမာန်စာပေဆု ဒုတိယဆုရစာအုပ်များ ဖြန့်ချိရောင်းချပေးလျက်ရှိ





စာပေဗိမာန်စာပေဆုပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သော စာမူများကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း(စာပေဗိမာန်)က ၂၀၁၀ ခုနှစ် စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ မောင်မောင်မိုးအောင်၏ **"ခွေးသေခေါက်နှင့်အခြားဝတ္ထုတိုများ"** (ရောင်းဈေး-၆၀၀ ကျပ်)၊ ၂၀၁၁ ခုနှစ် စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် ဒုတိယဆုရ အောင်သာဆန်း(သံတွဲ)၏ **"တေးသီငှက်၏ ငြိမ်းငြိမ်းချမ်းချမ်း လန်းလန်းကြည်ကြည် ကဗျာစု"** (ရောင်းဈေး- ၁၁၀၀ ကျပ်)၊ ၂၀၁၁ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ (ဝိဇ္ဇာပညာရပ်)ဒုတိယဆုရ ကျော်လှဝင်း(ပညာရေး)၏ **"သူငယ်တန်းမြန်မာစာသင်ပြမှုနည်းပညာ"**(ရောင်းဈေး-၅၀၀ ကျပ်)၊ ၂၀၁၁ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်) ဒုတိယဆုရ ဦးသောင်းငွေ၏ **"လေထု ရေထု မြေထု တို့ကမ္ဘာ"** (ရောင်းဈေး-၈၀၀ ကျပ်)၊ ၂၀၁၂ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ) ဒုတိယဆုရ အောင်စိုး(စိုက်ပျိုး/၁၀၇)၏ **"သက်ရှည်ကျန်းမာချမ်းသာရေးအတွက် လူတိုင်းနေ့စဉ်စားသုံးရမည့် သီးနှံသုံးမျိုး ဖရဲသီး၊ သခွားမွှေးသီးနှင့် နဂါးမောက်သီး"**(ရောင်းဈေး-၆၀၀ ကျပ်)တို့ ထုတ်ဝေလိုက်သည်။

အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(၂၄၅-၂၄၇) အနော်ရထာလမ်းနှင့်(၉)လမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၄၁၄၆၈၁၊ (၈၆)လမ်း၊ (၂၁)လမ်းနှင့် (၂၂)လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်သည်။

---

## ဂဏန်းသင်္ချာပျော်စရာ



ဆရာလှိုင်း ဘာသာပြန်ဆိုသော ဂဏန်းသင်္ချာပျော်စရာစာအုပ် ထွက်ရှိလာသည်။ စာအုပ်ကို ကလေး၊ လူကြီးမရွေး ဖတ်ရှုလေ့လာပါက သင်္ချာစွမ်းရည်ထက်မြက်မှုနှင့် တွေးခေါ် ဆုံးဖြတ်နိုင်သော ဉာဏ်ရည်ဉာဏ်သွေးများ ရရှိလာမည်။ လေးထောင့်နှင့် အစက်ကစားပွဲများ၊ အစိတ်အပိုင်းများပေါင်းစပ်ခြင်း၊ ပျောက်ဆုံးနေသော လှည့်ကွက်များ၊ ပျော့ပျောင်းသည့်ပုံစံနှင့် အတွန့်မျဉ်းများရေးဆွဲခြင်း၊ စက်မှုစွမ်းရည်ပါရမီပဟေဠိများ၊ အံ့သြစရာမြေပုံ နှင့် ဝက်ပါများ၊ စိတ်ကူးပုံများ၊ တက္ကဗေဒအတွေးအခေါ်ဆိုင်ရာ ပဟေဠိများ စသော စိတ်ဝင်စားဖွယ်ရာအခန်းများကို ထည့်သွင်းဖော်ပြထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၇၇) ပထမထပ်(ဝဲ) (၃၉)လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅ က တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။

---

## ကျောက်ကျောလုပ်နည်းများ



အုန်းသီးပေါသည့် မြန်မာနိုင်ငံမှ ပြည်သူများ ရိုးရာအစားအစာတစ်မျိုးဖြစ်သည့် ကျောက်ကျောမုန့်ကို မရိုးအောင် လုပ်တတ်စေရန်အတွက် စန္ဒီ(Artist)က ရှာရှာဖွေဖွေ စုဆောင်းတင်ပြထားသည်။

စာအုပ်တွင် သွေးမတိုးစေသောနည်း၊ အချိုမကဲစေသောနည်းတို့နှင့် သဘာဝအသီးအနှံ၊ နိုင်ငံတကာ ပုံစံအမျိုးမျိုးတို့ဖြင့် စားချင်စဖွယ်ဖြစ်အောင် ပြုလုပ်ပုံတို့ကိုတင်ပြထားသည်။

အဆိုပါစာအုပ်ကို စာပေလောက(၅) အမှတ်(၁၃၈/၁၄၀)(ပထမထပ်) ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၁၂၅၀၆၇ က တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။

---

## မြန်မာဂျာနယ်လစ်ကွန်ရက်နှင့် သုံးနှစ်ခရီး



မြန်မာဂျာနယ်လစ်ကွန်ရက်(MJN)သည် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့သော ကွန်ရက်ဖြစ်သောကြောင့် ယခုစာအုပ်သည် သုံးနှစ်အတွင်း သတင်းထောက်များအလုပ်လုပ်ခဲ့သော အကြောင်းအရာများကို ဆရာသန်းဌေးက ရေးသားထားသည်။

ယခုစာအုပ်တွင် အခန်းခွဲပေါင်း(၅၅)ခုတပ်ထားကာ နိုင်ငံတော်အစိုးရမှ တာဝန်ရှိသူများနှင့် နိုင်ငံရေး၊ ဘာသာရေး၊ စီးပွားရေးနယ်ပယ်အသီးသီးမှ ထင်ပေါ်ကျော်ကြားသူများနှင့် ထိတွေ့ဆက်ဆံခဲ့သမျှကို စာရေးသူက ပွင့်ပွင့်လင်းလင်းရေးသားတင်ပြထားသည်။ ယခုစာအုပ်ကို မင်းမင်းကျော်စာပေမှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ပထမအကြိမ်အဖြစ် ယခုနှစ် ဩဂုတ်လတွင် ထုတ်ဝေဖြန့်ချိထားသည်။

## ပညာရေးမြှင့်တင်မှုနှင့် ဆရာများ၏အခန်းကဏ္ဍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ပဲခူး စက်တင်ဘာ ၂၁**

ပဲခူးမြို့နယ် ပညာရေးမြှင့်တင်မှုအစီအစဉ်နှင့် ဆရာများ၏အခန်းကဏ္ဍဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၁ ရက်က ပဲခူးမြို့ အထက(၁) သီရိပညာခန်းမ၌ ကျင်းပသည်။

သင်တန်းကာလမှာ စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်ထိဖြစ်ပြီး သင်တန်းဆရာ ဆရာမများအဖြစ် ဆရာကြီး ဦးဝင်းသိန်း၊ ဆရာမကြီး ဒေါ်ခင်ဝင်းရီနှင့် ဆရာမကြီး ဒေါ်သီတာတို့က ဆောင်ရွက်သွားမည်ဖြစ်သည်။ သင်တန်းသို့ ပဲခူးမြို့နယ်အတွင်းရှိ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီး ၂၂၇ ဦးနှင့် အတန်းပြဆရာ ဆရာမ ၁၀၃ ဦး စုစုပေါင်း ၃၃၀ တို့ တက်ရောက်ကြောင်း သိရသည်။

**(၅၈၇)**



**မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းလင်း ဦးစီးသည့် ရဲတပ်ဖွဲ့ဝင် ၃၀ တို့သည် စက်တင်ဘာ ၁၄ ရက် ညနေ ၃ နာရီတွင် ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ သူနာပြုဆရာမများ၊ ဆေးရုံဝန်ထမ်းများနှင့်အတူ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။**

(မြို့နယ်ပြန်/ဆက်)

## မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲကြပ်မတ်လျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနအနေဖြင့် ဈေးကွက်အတွင်းရှိ ဆေးဝါးများကို စိစစ်ခဲ့ရာ အောက်ဖော်ပြပါ ဆေးဝါးငါးမျိုးသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင်ဆေးဝါးများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

| စဉ် | ဆေးအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ/နိုင်ငံ |
|---|---|---|
| ၁။ | Chloroquine Tablet (Chloroquine Phosphate 250 mg) | Acdhon Co.,Ltd, Thailand |
| ၂။ | Dexamethasone 0.5mg Tablet | Asian Union Laboratories Co.,Ltd, Thailand |
| ၃။ | Nifedipine 10mg Tablet | Lin Fen Bao Zhu Pharmaceutical Co.,Ltd, (ထုတ်လုပ်သည့်နိုင်ငံ မဖော်ပြထားပါ။) |
| ၄။ | Chloramphenicol IP 250mg Capsule | Maxtar Bio-Genics, India |
| ၅။ | Lasix Tablet (Frusemide IP 40mg) | Aventis Pharma Ltd, India |

၃။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရရှိထားသော ဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်ဖြင့် ဝယ်ယူသုံးစွဲပါရန် အသိပေးအပ်ပါသည်။ ထို့အပြင် ပြည်သူ့ကျန်းမာရေးအတွက် စောင့်ရှောက်မှုဆောင်ရွက်ပေးသူများအနေဖြင့် မိမိတို့သုံးစွဲနေသည့်ဆေးဝါးများနှင့် ပတ်သက်၍ သံသယဖြစ်ဖွယ်တစ်စုံတစ်ရာရှိပါက သတင်းပေးပို့အကြောင်းကြားနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

၄။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



**မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်း၍ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းအပြင်ရှိ ချုံနွယ်အမှိုက်များကို ခုတ်ထွင်ရှင်းလင်းစဉ်။** (၅၁၂)

## တောင်ကြီးမြို့နှင့် ညောင်ရွှေမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၉၅ ပြား သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၉ ရက်က တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် အနောက်မြို့ပတ်လမ်း၊ သဇင်လမ်းသွယ်(၁)လမ်းထောင့်တွင် လမ်းလျှောက်လာသူ မျိုးသိုက်ထွန်းအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ညောင်ရွှေမြို့ တောင်ခြေမြင်းစခွန့်ကျေးရွာအုပ်စု ဘုရားကြီးကျေးရွာနေ မြထူး၏နေအိမ်အားရှာဖွေရာ ၎င်းနှင့်အတူ စိုးသူရကို(ခ)ဖိုးသန်းအားတွေ့ရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၇၉၅ ပြား သိမ်းဆည်းရမိသဖြင့် မျိုးသိုက်ထွန်း (၂၂)နှစ်၊ မြထူး(၅၅)နှစ်နှင့် စိုးသူရကို(ခ) ဖိုးသန်း(၁၉)နှစ်တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။**(ရဲပြန်ကြား)**



ပြည်တွင်းရေးရာ

# စားသုံးသူရော ထုတ်လုပ်သူရော တာဝန်ကျေဖို့လိုပါသည်

မောင်စိုး

**စားသုံးသူရေးရာဌာနခွဲ၊ ညွှန်ကြားရေးမှူးနှင့် တွေ့ဆုံမေးမြန်းခြင်း**

**မေး။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးပြီလို့ သိရပါတယ်၊ အဲဒါ ဟုတ်ပါသလား။**

ဖြေ။ ဟုတ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၀)နဲ့ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်၊

**မေး။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့အတွက် ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ လိုက်နာဆောင်ရွက်ရမယ့် အခန်းကဏ္ဍလေးတွေကို သိပါရစေ။**

ဖြေ။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးဖြစ်လို့ ဥပဒေကို ပြည်သူတွေအားလုံး လိုက်နာဆောင်ရွက်ဖို့လိုအပ်ပါတယ်၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေမှာ စားသုံးသူတွေရော၊ စီးပွားရေးလုပ်ငန်းရှင်တွေရော လိုက်နာဆောင်ရွက်ရမယ့်တာဝန်တွေကို အသီးသီးပြဋ္ဌာန်းထားပါတယ်၊ ဥပဒေမှာပြဋ္ဌာန်းထားတဲ့ လိုက်နာဆောင်ရွက်ရမယ့်အချက်တွေကို စားသုံးသူတွေရော၊ စီးပွားရေးလုပ်ငန်းရှင်တွေရော နှစ်ဦးနှစ်ဖက်လိုက်နာဆောင်ရွက်ဖို့ အရေးကြီးပါတယ်၊ ဒါမှလည်း နှစ်ဦးနှစ်ဖက်စလုံးရဲ့ အကျိုးစီးပွားတွေကို ထိရောက်စွာအကာအကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်၊

**မေး။ စားသုံးသူများ လိုက်နာဆောင်ရွက်ရမယ့်တာဝန်တွေကို ပြောပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ။ စားသုံးသူရဲ့တာဝန်တွေကတော့ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်ဖော်ပြထားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်နှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်း၊ စားသုံးသူအငြင်းပွားမှုများတွင် သင့်လျော်စွာဖြေရှင်းပေးသည့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ဆုံးဖြတ်ချက်များကို လိုက်နာခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအပေါ် ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ မဟုတ်မမှန်စွပ်စွဲပြောဆိုမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ခြင်း၊ စားသုံးသူအငြင်းပွားမှုကို သက်ဆိုင်ရာမှ ဖြေရှင်းနေစဉ် လူထုဆက်သွယ်ရေးနည်းလမ်းဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန် ပြောဆိုခြင်း၊ ရေးသားခြင်းနှင့် ပြုမူခြင်းတို့ကို ရှောင်ကြဉ်ခြင်းတို့ဖြစ်ပါတယ်။

**မေး။ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမယ့်တာဝန်တွေကရော ခင်ဗျာ။**

ဖြေ။ စီးပွားရေးလုပ်ငန်းရှင်ရဲ့တာဝန်တွေကတော့ စီးပွားရေးလုပ်ငန်းကို စီးပွားရေးကျင့်ဝတ်စည်းကမ်းနှင့်အညီ လုပ်ကိုင်ခြင်း၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအပေါ် ရှင်းလင်းမှန်ကန်သော သတင်းအချက်အလက်များပေးခြင်း၊ စားသုံးသူများကို ခွဲခြားမှုမရှိဘဲ ဖြောင့်မတ်မှန်ကန်စွာ ဆက်ဆံခြင်း၊ ရောင်းဝယ်သော သို့မဟုတ် ထုတ်လုပ်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို သတ်မှတ်ထားသော စံချိန်စံညွှန်း၊ အရည်အသွေးများအပေါ် အခြေခံ၍ အာမခံချက်ပေးခြင်း၊ အရည်အသွေးစမ်းသပ်ရန်လိုအပ်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူခြင်းမပြုမီ စားသုံးသူများအား စမ်းသပ်နိုင်သည့် အခွင့်အရေးပေးခြင်း၊ အာမခံပေးထားသည့်ကာလအတွင်း ကုန်စည်ကို စားသုံးခြင်း သို့မဟုတ် ဝန်ဆောင်မှုကို သုံးစွဲခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ အာမခံချက်ပေးအပ်ထားသည့်အတိုင်း တာဝန်ယူဆောင်ရွက်ပေးခြင်း၊ စားသုံးသူက လက်ခံရရှိထားသော သို့မဟုတ် အသုံးပြုထားသော ကုန်စည်သည် သဘောတူညီချက်နှင့်ကိုက်ညီမှုမရှိပါက သဘောတူညီထားသည့်စည်းကမ်းအတိုင်း တာဝန်ယူဆောင်ရွက်ပေးခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းလုပ်ဆောင်ရာတွင် သဘောတူညီထားသော သဘောတူညီချက် သို့မဟုတ် စာချုပ်ပါဝန်ခံကတိအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ခြင်း၊ စားသုံးသူအငြင်းပွားမှုကို သက်ဆိုင်ရာမှ ဖြေရှင်းနေစဉ် လူထုဆက်သွယ်ရေးနည်းလမ်းဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ သက်ဆိုင်ရာ စားသုံးသူအပေါ် ထိခိုက်နစ်နာစေရန် ပြောဆိုခြင်း၊ ရေးသားခြင်းနှင့် ပြုမူခြင်းတို့ကို ရှောင်ကြဉ်ခြင်းတို့ဖြစ်ပါတယ်။

**မေး။ စားသုံးသူနဲ့ လုပ်ငန်းရှင် နှစ်ဦး နှစ်ဖက်စလုံးလိုက်နာဖို့လိုအပ်တာရှိရင်လည်း သိလိုပါတယ်ခင်ဗျာ။**

ဖြေ။ စားသုံးသူနဲ့လုပ်ငန်းရှင်နှစ်ဖက်စလုံးဟာ မိမိတို့လိုက်နာရမည့်တာဝန်တွေကိုသိရှိပြီး တာဝန်သိသိလိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်၊ ဒါမှလည်း နှစ်ဦးနှစ်ဖက်စလုံး စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းရဲ့ အကျိုးကျေးဇူးတွေကို ရရှိခံစားနိုင်မှာဖြစ်ပြီး မိမိတို့ရဲ့ အကျိုးစီးပွားတွေကို ကာကွယ်နိုင်မှာဖြစ်ပါတယ်၊ ဥပမာအနေနဲ့ပြောရရင် စီးပွားရေးလုပ်ငန်းရှင်တွေရဲ့တာဝန်တွေထဲက တာဝန်တစ်ရပ်ဖြစ်တဲ့ "ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအပေါ် ရှင်းလင်းမှန်ကန်သော သတင်းအချက်အလက်များပေးခြင်း" ဆိုတဲ့အချက်နဲ့ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ၎င်းတို့ရဲ့ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတွေနဲ့ပတ်သက်ပြီး ရှင်းလင်းမှန်ကန်တဲ့ သတင်းအချက်အလက်တွေကို စားသုံးသူတွေကို ပေးအပ်နိုင်မှသာ စားသုံးသူတွေအတွက် လုံခြုံစိတ်ချရမှုရှိပြီး ဘေးဥပဒ် အန္တရာယ်ကင်းရှင်းတဲ့ ကုန်စည်နဲ့ဝန်ဆောင်မှုတွေကို ရယူအသုံးပြုနိုင်မှာဖြစ်ပါတယ်၊ ဒီလိုရယူအသုံးပြုနိုင်ဖို့အတွက် စားသုံးသူတွေဘက်ကလဲ ၎င်းတို့ရဲ့တာဝန်တွေထဲကတစ်ရပ်ဖြစ်တဲ့ "ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်ဖော်ပြထားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်နှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်း" ဆိုတဲ့အချက်ကို လိုက်နာဆောင်ရွက်ဖို့လိုအပ်မှာ ဖြစ်ပါတယ်၊ အဲဒီလိုမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းရှင်က လိုအပ်တဲ့သတင်းအချက်အလက်တွေ မပေးအပ်တာဘဲဖြစ်ဖြစ်၊ ဒါမှမဟုတ် စားသုံးသူက စီးပွားရေးလုပ်ငန်းရှင်ဖော်ပြထားတဲ့ သတင်းအချက်အလက်နဲ့ လမ်းညွှန်ချက်တွေအတိုင်း လိုက်နာဆောင်ရွက်မှုမရှိတာဘဲဖြစ်ဖြစ် တစ်ဖက်ဖက်က တာဝန်ပျက်ကွက်ခဲ့ရင် စားသုံးသူတွေအနေနဲ့ ဘေးဥပဒ်အန္တရာယ်ရှိနိုင်သလို စီးပွားရေးလုပ်ငန်းရှင်အနေနဲ့လည်း စားသုံးသူရဲ့တာဝန်မလိုက်နာမှုကြောင့် မဟုတ်ခဲ့ရင် လိုအပ်တဲ့အရေးယူဆောင်ရွက်မှုတွေကို ခံရမှာဖြစ်ပါတယ်။

**မေး။ အခြားဖြည့်စွက်ပြောချင်တာလေးရှိရင်လည်း ပြောပြပေးပါခင်ဗျာ။**

ဖြေ။ စားသုံးသူတွေရော၊ စီးပွားရေးလုပ်ငန်းရှင်တွေရော မိမိတို့ရဲ့တာဝန်တွေကို သိရှိပြီး လိုက်နာဆောင်ရွက်မှသာ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းတွေကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မှာဖြစ်လို့ ယခုလိုတာဝန်များကို ရှင်းလင်းတင်ပြခွင့်ရလို့ ကျေးဇူးတင်ရှိပါတယ်။ ။

# Nestle Trade Launch 2014

## ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

Nestle Myanmar နှင့် Myanmar Distribution Group တို့ ပူးပေါင်းဆောင်ရွက်ခြင်း Nestle Trade Launch 2014 ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ Sedona Hotel ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ Nestle Myanmar မှ Country Manager Mr. David Pettinari ၊ Myanmar Distribution Group မှ Managing Director ဦးအောင်မော်သိန်းနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့တွင် Nestle Myanmar နှင့် Myanmar Distribution Group တို့ ပူးပေါင်းပြီး လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်သည့်အတွက် နည်းပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမည်ဖြစ်ပြီး ကျန်းမာရေးအဆင့်မြင့်သည့် စားသောက်ကုန်ပစ္စည်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးနိုင်တော့မည်ဖြစ်သဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် Nestle Myanmar နှင့် Myanmar Distribution Group တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နောင်နှစ်ပေါင်းများစွာအထိ အောင်မြင်မှုများရရှိပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ထို့နောက် Nestle Myanmar မှ Country Manager Mr. David Pettinari နှင့် Myanmar Distribution Group မှ Managing Director ဦးအောင်မော်သိန်းတို့က ပူးပေါင်းဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

အဓေရာ အမှတ်တံဆိပ်
ဟေ…ဟောလွန်းရင် အဓေရာ
အဓေမာလို့ နှလုံးအားတိုးဆေး ကိုသုံးပါကွယ်…
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-000930 (1016)
ပင်ရင်း - အဓေရာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ် (၁၀)၊ အောင်သုခလမ်း၊ ပုသိမ်မြို့၊ ဖုန်း ၀၄၂-၂၄၄၃၂
တိုင်းရင်းဆေးပညာဦးစီးဌာန ကြော်ငြာခွင့်ပြုချက် တဆဝက (တနယ်ဝင်း) ၀၃၆/၀၇၁၄

အဓေရာ အမှတ်တံဆိပ်
၁၃ နှာကိုယ် အပူပငြိမ်းသူများအတွက် အဓေရာ
အပူငြိမ်းဆေးဆေး
ဘိုင်တိုင်းမှာပေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR -004038 (0914)
ပင်ရင်း - အဓေရာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ် (၁၀)၊ အောင်သုခလမ်း၊ ပုသိမ်မြို့၊ ဖုန်း ၀၄၂-၂၄၄၃၂
တိုင်းရင်းဆေးပညာဦးစီးဌာန ကြော်ငြာခွင့်ပြုချက် တဆဝက (တနယ်ဝင်း) ၀၃၆/၀၇၁၄

ပေါ်ပြူလာဝတား Travel & Services ပြည်တွင်းခရီးစဉ်
သီတင်းကျွတ်နှင့်တန်ဆောင်တိုင်အထူး ညအိပ်ခရီးစဉ်
တောင်ကြီးခရီးစဉ် – ၁.၃ သိန်း Oct-3,Nov-14
ပြင်ဦးလွင်ခရီးစဉ် – ၁.၃ သိန်း Nov-5
ပုဂံခရီးစဉ် – ၁.၃ သိန်း Nov-5
Scania Bus, 3 Stars Hotel, Special Restaurants
အမှတ်(၇၄)၊နံ့သာလမ်း၊အလုံ၊ရန်ကုန်။ Ph: 01 2301866, 09-5129134, 09-250154837

စေတနာရှင် …ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)
အင်းလေး(ဖောင်တော်ဦးပွဲ)၊ တောင်ကြီး၊ ကက္ကူ၊ ထမ်ခံမ်း (၅)ရက်
ပုပ္ပါး၊ ပုဂံ (ရွှေယ်တော်လေးဆူ ပြည့်ငါးပြည့်)၊ ပခုက္ကူ (၃)ရက်
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ … (၅)ရက် Oct 3,7
တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော် (ကြိုတင်ဝယ်ယူနိုင်ပါပြီ)
Oct 6
392704, 09 50 66657, 09 73017110

နန်းထိုက်သူ Guest House & Travel Services နေ့စဉ်
ချောင်းသာ ၂၂၀၀၀ ၂-ညအိပ်၃-ရက်ခရီး (ထား+တည်း)
အမှတ် (၁၁၉/ခ)၊ ၃၆-လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၂၂၄၅၉၉၄၃၊ ၀၉ ၄၂၂၅၃၃၄၄၅

Restaurant, Hotel Package, (Express SCANIA 2+1 VIP)
50% Discounts
တောင်ကြီး–အင်းလေး–တလော–ပွေတော်တက္ကူ–ပင်းတယ–ထပ်စင်း
280000 Sep-26
၄ည/၅ရက် 140000 Oct-7,24
ပုဂံ–ညောင်ဦး–ပုပ္ပါး–ပခုက္ကူ
180000 Sep-26
၃ည/၄ရက် 90000 Oct-7,24
အမှတ်(၅၄)၊ Orange Center
Ph: 09-420073607, 09-31013761, 09-49250637

Pleasant Times Travels & Tours Co.,Ltd
ပြည် - အကောက်တောင် နေ့ချင်းပြန် ခရီးစဉ် (Sep: 27)
တောင်ကြီး - ဖောင်တော်ဦး ပွဲတော်၊ မီးပုံးပျံ ပွဲတော် ခရီးစဉ် (Oct: 7, Nov: 5)
ပုဂံ-ပုပ္ပါး-ရွှေယ်တော်လေးဆူ-ပခုက္ကူ ခရီးစဉ် (Oct: 7, Nov: 5)
မန္တလေး-ပြင်ဦးလွင်- မီးပုံးပျံ ပွဲတော် ခရီးစဉ် (Nov: 5)
ငွေဆောင် ခရီးစဉ် (Nov: 7)
ချောင်းသာ ခရီးစဉ် (Nov: 7)
Release Your stress with Pleasant Times
အမှတ်(၇၃)၊အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့။
Tel: 01-500993, 09-73158702, 09-73072661, 09-420029003

မြေကွက်များဝယ်လိုသည်
ရန်ကုန်မြို့၊ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ဆိပ်ကမ်း
တောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည်။
-၀၉-၄၄၈၀၂၅၃၄၂
၀၉-၄၂၀၁၀၇၀၂၁
၀၉-၇၃၂၃၄၆၅၆

(၁၀)တန်းအောင် O.O.W Class III နှင့် MMMC ကျောင်းဆင်း Class III သင်တန်း
Capt. San Moe Aung (Master Mariner, Fleetwood,U.K.)
H.N.D in Nautical Science (Fleetwood, U.K.), M.N.I (U.K.) နှင့်
O.O.W သင်ကြားမှုဝါရင့်ကပ္ပတိန်ကြီးများ၊ Ph.D Instructor များက ထိရောက်စွာ၊ စေတနာပြည့်ဝစွာဖြင့် သင်ကြားပေးနေပါပြီ။
Class III ၁၀တန်းအောင် နှင့် MMMC ကျောင်းဆင်း သင်တန်းကြေး ( ၂၈ သိန်း) 13th Oct ဖွင့်မည်။
ECDIS, RADAR သင်တန်းများအား ပုံမှန်ပြန်လည်ဖွင့်လှစ်နေပါပြီ။
သွားလာရေး အဆင်ပြေရန် အခမဲ့ Ferry စီစဉ်ထားပါသည်။
SUCCESS MARITIME ACADEMY
ကျောင်းတည်နေရာ facebook: Success Maritime Academy
No.8, Shwe Mar Lar Yeikmon, Bayintnaung Road, Kamayut Tsp.
Ph: 0973142658, 0932363702 Hot Line: 01-531347

# မအူပင်မြို့နယ်ရှိ ပလောင်ကျေးရွာသို့ ခရီးတစ်ခေါက်ရောက်ခဲ့သည်

သတင်း » သီသီမင်း
ဓာတ်ပုံ » မင်းသစ်

“သမီးကြီးလာရင် ကျောင်းဆရာမကြီး ဖြစ်ချင်တယ်” လို့ပြောလာတဲ့ ဧရာဝတီတိုင်းဒေသကြီး ပလောင်ကျေးရွာမှ မူလတန်းကျောင်းသူလေး မနုနုခိုင်ရဲ့ ရင်တွင်းဆန္ဒစကား။ ဒီစကားကို သူမ၏ ဆရာမကိုလှမ်းကြည့်ပြီး စာရေးသူက သမီးကြီးလာရင် ဘာလုပ်ချင်တာလဲလို့မေးလိုက်တဲ့ မေးခွန်းကို ပြန်ဖြေခဲ့တဲ့ စကားလေးပါ။ အဆိုပါကျောင်းသူကလေး နေထိုင်ရာ ပလောင်ကျေးရွာဟာဆိုရင်ဖြင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၇၆ အုပ်စုထဲ၌ပါဝင်သည့် မလတ်တိုကျေးရွာတွင် ကျေးရွာအုပ်စုပေါင်း ၁၆ ရွာရှိသည့် အထဲကမှ ပလောင်ကျေးရွာသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ အိမ်ခြေ ၂၈၆ အိမ်သာရှိတဲ့ ပလောင်ရွာကလေးမှာ နေထိုင်သူအများစုကတော့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ တံငါလုပ်ငန်းနဲ့ခြံလုပ်ငန်းတွေကိုသာ အဓိကထား လုပ်ကိုင်စားသောက်သူများ ဖြစ်ကြပါတယ်။

ပလောင်ကျေးရွာမှာရှိတဲ့ မူလတန်းကျောင်းကလေးသည် ပေ(၆၀×၃၀) အကျယ်ရှိပြီး ကျေးရွာက စုပေါင်းလှူဒါန်း ဆောက်လုပ်ထားတဲ့ ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်လေးဖြစ်ပါတယ်။ ရေလမ်းခရီးကိုသာ အများဆုံးအသုံးပြုနေကြရတဲ့ ဒီကျောင်းလေးမှာ စာသင်ကျောင်းသား ၁၂၅ ယောက်နဲ့ ဆရာ ဆရာမ ခြောက်ယောက်ရှိပြီး အခန်းဖွဲ့မရှိတဲ့အတွက် စာသင်တဲ့အခါ သူငယ်တန်းကနေ စတုတ္ထတန်းအထိ အခန်းကျယ်ကြီးထဲမှာစုပေါင်း ပြီးစာသင်ကြရပါတယ်။

“အခန်းဖွဲ့မရှိတဲ့အတွက် စာသင်ရတာ သိပ်တော့အဆင်မပြေလှဘူး အခန်းဖွဲ့ပြန်ရင်လည်း ပိုပြီးကျဉ်းကျပ်သွားမယ် ဒီတော့ ဟိုဘက်မှာ ဝါးကပ်လေးနဲ့ အခန်းသီးသန့်လုပ်ပြီး စတုတ္ထတန်း ကျောင်းသူကျောင်းသား



တွေကို သင်နေရတယ်” လို့ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဌေးက ပြောပြပါတယ်။ ပလောင်ကျေးရွာမှာ သာရေးနာရေးကိစ္စပေါ်လာလို့ အစည်းအဝေးလုပ်ချင်တယ်ဆိုရင်လည်း အဆိုပါကျောင်းလေးမှာပဲ ကျောင်းပိတ်ရက်ကိုရွေးပြီး ရပ်ရွာကိစ္စတွေလုပ်ကိုင်စည်းဝေးကြတယ်လို့ ဆရာမကြီးက ရှင်းပြခဲ့ပါသေးတယ်။

ပညာရေးနဲ့ ပတ်သက်လို့ နိုင်ငံတော်က ထောက်ပံ့တဲ့ စာရေးကိရိယာနဲ့ ငွေကြေးကိုလည်းအဆိုပါ ကျောင်းကလေးမှာရှိတဲ့ ကလေးငယ်များဟာ အခြားကျောင်းများနှင့် တန်းတူ ရရှိခံစားရပါတယ်လို့ ကျောင်းအကျိုးတော်ဆောင် ဦးဇော်ဝင်းနိုင်က ပြောပါတယ်။

“နိုင်ငံတော်က ထောက်ပံ့တဲ့ ဗလာစာအုပ်တွေ၊ စာရေးကိရိယာတွေ၊ ငွေတွေ အကုန်လုံးရပါတယ်။ ဒါပေမယ့် ကလေးတွေရဲ့ လိုအပ်ချက်ကိုတော့ အမြဲမပေးနိုင်ဘူးလေ စာအုပ်က အမြဲလိုအပ်တယ် မိဘတွေက မပြေလည်ကြတော့ အချို့စာအုပ်မဝယ်နိုင်လို့ ကျောင်းလာမတတ်တဲ့ ကလေးတောင်ရှိတယ်။ ဒီလို လာလှူတဲ့လူရှိတော့ ကောင်းတာပေါ့” ဟု ပြောပါတယ်။

ထိုရွာကလေးမှာ အမျိုးသားများနဲ့ ရင်ပေါင်တန်းပြီး ဒေသအကျိုးကို ဆောင်ရွက်နေတဲ့ အမျိုးသမီး ပလောင်ကျေးရွာအုပ်ချုပ်ရေးမှူးဒေါ်စိုးစိုးကလည်း ရွာကလူတွေရဲ့ပညာရေးနဲ့ လူမှုစီးပွားဘဝတွေ မြင့်မားစေချင်တယ်လို့ ဆိုလာပါတယ် “ရွာကလူတွေ အများစုက လက်ရှိအခြေအနေမှာတော့ ဖွံ့ဖြိုးမှုက နောက်ကျနေသေးတယ်။ ဒီနေရာမှာ ဖွံ့ဖြိုးစေချင်တယ်။ ဘာလို့လဲဆိုတော့ ကျေးရွာတွေမှာ လှေဦးစိုစို လှေဦးခြောက်ခြောက် ဆိုတဲ့အတိုင်း တံငါလုပ်သူကများတော့ ဖွံ့ဖြိုးမှုက တအားနောက်ကျတယ်။ ပညာတတ်လည်းနည်းတယ်။ မိဘတွေကိုယ်တိုင်ကလည်း ပညာရေးကို မပံ့ပိုးပေးနိုင်ကြဘူးလေ။ အကယ်လို့များ ဒီဒေသကို လုပ်ငန်းရှင်တွေ ဝင်လာပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာကြမယ်ဆိုရင် ဒီဒေသက ဒေသခံပြည်သူတွေ အလုပ်အကိုင်လည်း ရလာကြမယ်။ အမြင်လည်းကျယ်လာကြမယ်။ အခုထိတော့ ကျွန်မတို့ရွာကို လုပ်ငန်းရှင်တွေ စက်ရုံ၊ အလုပ်ရုံတွေ အပြင်ကလာတည်တာမရှိပါဘူး အခုလက်ရှိတော့ လယ်ယာလုပ်ငန်းနဲ့ ရေလုပ်ငန်းပဲ လုပ်နေကြတုန်းပါပဲ”လို့ ပြောပြတဲ့ အတွက်ရွာအကြောင်းကို တစေ့တစောင်း သိခွင့်ရခဲ့တယ်။

ဧရာဝတီတိုင်းဒေသကြီး ပညာရေးတိုးတက်မြင့်မားစေရမည်ဆိုတဲ့ ပိုစတာကို ကျောင်းရဲ့နံရံပေါ်မှာ ချိတ်ဆွဲထားတဲ့ ဧရာဝတီတိုင်းဒေသကြီး ပလောင်ကျေးရွာ မူလတန်းကျောင်းကလေးကနေမှ နောင်တစ်ချိန်မှာ နိုင်ငံတော်က အားကိုးအားထားပြုရတဲ့ နိုင်ငံ့သားကောင်းရတနာများ ပေါ်ထွန်းလာပါစေဟုဆန္ဒပြုလျက်. . . .॥ ॥



ပဲခူးတိုင်းဒေသကြီး ခေတ္တရဲမှူးကြီးသန်းဝင်း၊ ပဲခူးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၁၅၀ တို့ စက်တင်ဘာ ၂၀ ရက်က ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်ကြစဉ်။ (ဝ၇၅)



ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူးခင်မောင်ဆွေနှင့် သောင်ကြီးရဲတပ်ဖွဲ့စခန်း စခန်းမှူးရဲအုပ် ချစ်ကိုကို ဦးဆောင်သော တပ်ဖွဲ့ဝင်အင်အား ၇၄ ဦး၊ တပ်ဖွဲ့ဝင်မိသားစု ၄၆ ဦးတို့ဖြင့် စက်တင်ဘာ ၂၁ ရက်က အထက(၁)ကျောင်းဝင်း၊ ကျောင်းပြင် ချုံနွယ်ပိတ်ပေါင်းများ စုပေါင်းရှင်းလင်းခြင်းဆောင်ရွက်နေစဉ်။ (၃၂၉)

AMAZING DREAMS
TRAVELS & TOURS
သီတင်းကျွတ် ခရီးစဉ်များ
- မုံရွာ - စစ်ကိုင်း - အမရပူရ - မင်းကွန်း
- တောင်ကြီး - အင်းလေး - ပင်းတယ
- မူဆယ် - ရွှေလီ - ဝမ်တိန် - မန်စီ
- ထားဝယ် - မောင်းမကန် - ကန်ချနာဘူရီ
- ပုပ္ပါး - ပုဂံ (သောကြာနေ့တိုင်း)
- ဗန်ကောက် - ပတ္တရား
- စင်ကာပူ (သီးသန့်)
- မော်လ်ဒိုက်
- ကိုရီးယား / ဂျပန်
- ဖူးခက် / ဘာလီ
ပြည်တွင်းခရီးစဉ်များကို SCANIA ကား နှင့် 3*** HOTEL ကိုသာ အသုံးပြုပါသည်
အမှတ်(၈၈)၊ ပထမထပ်၊ ဗဟိုလမ်းနှင့် မကြီးကြီးလမ်းအနီး၊ စမ်းချောင်း၊ ရန်ကုန်မြို့။
ဖုန်း ။ ။ ၀၁ ၂၃၀၂၀၆၈ ၊ ၀၁ ၅၃၄၀၇၂ ၊ ၀၉ ၅၀၇ ၇၉၆၈ ၊ ၀၉ ၅၁၁ ၃၂၇၁

ရွှေထီပ်တန်း
ကျိုက်ထီးရိုး (နေ့စဉ်) ခ်ီးလုံးငှား
ချောင်းသာ (နေ့စဉ်) လက်ခံ
ငွေဆောင် (သောကြာ) သည်
01-701015, 01-710436

မိုး ၂ 380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်
ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

HIGHWAY STAR Travels & Tours Co.,Ltd
ထူးထူးခြားခြား ပျော်ရွှင်စရာများနှင့် Oct (3,5,7) ခရီးစဉ်များ
- အကောက်တောင်၊ ပြည်၊ သရေခေတ္တရာ 30000 Ks
- ကျိုက်ထီးရိုးနေ့ချင်းပြန် 30000 Ks
- ချောင်းသာ / ငွေဆောင် (အပတ်စဉ်သောကြာ)
- အင်းလေး၊ တောင်ကြီး၊ 160000 Ks
Discount မိတ်ဖော် (၅) ဦးဝယ် (၁) ဦး
မိတ်ဖော် (၁၀) ဦးဝယ် (၁) ဦး + အမှတ်တရလက်ဆောင်
Scania , Yutong, Kinglong ကားများဖြင့်သာ
ညလည်စာ၊ နံနက်စာ၊ နေ့လည်စာ၊ ညစာ၊ ရေသန့်၊ ဗလာဓပါ၊ တစ်ခါသုံးမျက်နှာသုတ်ပုဝါ၊ စက်ရှေ့၊ Service Guide ခရီးသွားအာမခံ။
အမှတ်(၃၃)၊ ပ-ထပ်၊ မာလာမြိုင်(၆)လမ်း၊ လှိုင်မြို့နယ် facebook :https// www.facebook.com/ Highway Star
09-253241300,09-250277537, 09-36220108, 09-36220162

အာရှနဂါး
ကျိုက်ထီးရိုး/ ချောင်းသာ/ ငွေဆောင် နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

မင်္ဂလာပါ Oct 3,6 ထွက်မည်
တောင်ကြီး၊အင်းလေး(တောင်တော်ဦး)ထမင်းစား
မွေတော်ကက္ကူ (ထမင်းကျွေး) 45000
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ပုဇွန်တောင်ကျွန်း 35000
မော်လမြိုင်၊ ကျိုက္ကမီ၊ မဲလဲ ဆံတော်ရှင် စက်ဆဲ၊ ဇင်းကျိုက်ရေတံခွန် 22500
09-256223330,09-420051117

STI MYANMAR UNIVERSITY
ဘွဲ့ကြို နှင့် ဘွဲ့လွန် ပညာသင်ဆုလျှောက်လွှာခေါ်ယူခြင်း
၁ STI Myanmar University မှ အောက်ဖော်ပြပါ အထူးပြုဘွဲ့ကြို နှင့် ဘွဲ့လွန်ပညာသင်ဆုများ ပေးအပ်မည်ဖြစ်ပါသည်။
(က) Master of Business Administration (MBA)
(ခ) Master of Financial Services (MFS)
(ဂ) Master of Education (MEd)
(ဃ) Bachelor of Business Administration (BBA)
- Management
(င) Bachelor of Engineering (BE)
- Civil and Architectural Engineering
- Electronic Engineering
၂ ဘွဲ့ကြိုသင်တန်းများအတွက် အောက်ဖော်ပြပါ အချက်အလက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။
- တက္ကသိုလ်ဝင်တန်းစာမေးပွဲ သို့မဟုတ် GCE ထူးချွန်စွာအောင်မြင်ပြီးသူများ
- ခေါင်းဆောင်မှုစွမ်းရည်ရှိပြီး လူမှုရေးလုပ်ငန်းများတွင် စိတ်ဝင်စားသူများ
၃ ဘွဲ့လွန်သင်တန်းများအတွက် အောက်ဖော်ပြပါ အချက်အလက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။
- ဘွဲ့တစ်ခုခုရရှိထားပြီး လုပ်ငန်းခွင်အတွေ့အကြုံ (၅)နှစ်ရှိသူများ
- ခေါင်းဆောင်မှုစွမ်းရည်ပြည့်ဝပြီး အောင်မြင်ရန်အလားအလာကောင်းရှိသူများ
၄ စိတ်ပါဝင်စားသူများ STI Myanmar University ၌ လျှောက်လွှာများကို (၅)ရက်၊ အောက်တိုဘာလ နောက်ဆုံးထား၍ လာရောက်ထုတ်ယူနိုင်ပါသည်။
အသေးစိတ်သိရှိလိုပါက- STI Myanmar University
Building-10, MICT Park, Hlaing Campus, Hlaing Township, Yangon.
No (377), Upper Shwe Bon Thar Street, Pabedan Township, Yangon.
TEL : 507151/507152, 377988, 09250064451, 0931702299, 09420254872

အမှတ်စဉ် ၈၈၂
ချေးကျွန် ဂျာနယ်
အပတ်စဉ် တနင်္လာနေ့တိုင်း
တိန်ရှောက်ပင် နှင့် တရုတ်ပြည်၏ ပြုပြင်ပြောင်းလဲမှု အပိုင်း(၂)
SPECIAL REPORT
တိုင်းပြည်ခေါင်းဆောင်ဆိုသည်မှာ...
ကျွန်တော်တို့ခေတ်ရဲ့ဂုဏ်လေးများ
နိုင်ငံရေးသမားရဲ့အိမ်ပြန်ချိန်
■တရုတ် အိန္ဒိယ စီးပွားရေးပူးပေါင်းမှု
■အာရှ၌တရုတ်ဘီလျံနာအရေအတွက်ပိုများလာ
■အိမ် ခြံ မြေ တိုက်ခန်းအဝယ်မများစေဖို့အကြံပြုချက်
■ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့လှူဒါန်းမည့်ဗိုလ်ချုပ်နှစ်၁၀၀ပန်းချီပြပွဲ■ဆရာတင်နိုင်တိုးသို့အမှတ်တရ
■တရားမဝင် ငွေကြေးဝန်ဆောင်မှုတွေကြောင့် မြန်မာနိုင်ငံဖွံ့ဖြိုးရေး အဟန့်အတား ဖြစ်နေသလား
အိမ် ခြံ မြေ တိုက်ခန်း ကွန်ဒို စက်မှုဇုန် ရောင်း ဝယ် ငှား
ဈေးနှုန်း သတင်း အချက်အလက်များ ပြည့်စုံစွာ...

**အားကစား**

# မန်ယူအသင်း၌ ဆက်နေရန် ရာဖေးလ် ဆန္ဒရှိနေ



မန်ယူနောက်တန်းကစားသမား ရာဖေးလ်သည် အိုးထရက်ဖို့ဒ်၌ ကာလကြာရှည် ဆက်ကစားသွားရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဘရာဇီးနောက်တန်းကစားသမားတစ်ဦးဖြစ်သည့် ရာဖေးလ်သည် ၂၀၀၈ ခုနှစ်မှစတင်ကာ မန်ယူအသင်း၏ ပထမအသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်ပြီး မန်ယူအသင်းနည်းပြ လူးဝစ် ဗန်ဟားလ်၏ လက်ထက်တွင်မူ စက်တင်ဘာ ၁၄ ရက်က ကျူပီအာအသင်းအား လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၄)တွင် စတင်ကစားခဲ့ရသူ ဖြစ်သည်။

မန်ယူအသင်းတွင် ရီယိုဖာဒီနန်၊ နီမန်ဂျာဗီဒစ်နှင့် ပထရစ်အီဗရာတို့ရှိနေစဉ်တွင် ရာဖေးလ်သည် မန်ယူအသင်း၏ နောက်တန်းတွင် ဒုတိယဦးစားပေးကစားသမားအဖြစ်သာ ပွဲထွက်ခဲ့ရသူဖြစ်ပြီး လက်ရှိတွင် အဆိုပါကစားသမားသုံးဦးသည် ရာသီကုန်တွင် မန်ယူအသင်းနှင့် လမ်းခွဲသွားခဲ့သည်။ ထို့ကြောင့် ရာဖေးလ်အနေဖြင့် မန်ယူအသင်းတွင် ဆက်နေရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

"မန်ယူအသင်းမှာ ကစားရတာ ပျော်ပါတယ်။ ဒါပေမယ့် ကျွန်တော်ဝမ်းနည်းရတဲ့အကြောင်းအရင်းက ကျွန်တော်နဲ့တွဲကစားခဲ့တဲ့ ကစားသမားတွေ မရှိတော့လို့ပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် မန်ယူမှာ ဆက်ကစားဖို့ ဆန္ဒရှိနေဆဲပါ။ မန်ယူအသင်းမှာ ဆက်ကစားရဖို့ဆိုတာ ကျွန်တော့်အပေါ်မှာမူတည်ပါတယ်။ အကောင်းဆုံးကစားနိုင်ဖို့လဲ လိုပါသေးတယ်"ဟု အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံလူ ရာဖေးလ်က မန်ယူအသင်း၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ပြောကြားထားသည်။

"ကျွန်တော် မန်ယူအသင်းကို စရောက်တော့ ကမ္ဘာ့အကောင်းဆုံးကစားသမားတွေဖြစ်တဲ့ ရိုင်ယန်ဂစ်၊ ပေါလ်စခိုးနဲ့ ဂယ်ရီနီဗီးလ်တို့က ကျွန်တော့်ကို အများကြီးအကူအညီပေးခဲ့ကြပါတယ်"ဟုလည်း ရာဖေးလ်က ၎င်းအတွက် အထောက်အပံ့ဖြစ်စေခဲ့သည့် ကစားသမားများနှင့် ပတ်သက်၍ ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

# နယူးကာဆယ်နည်းပြအဖြစ် မထုတ်ပယ်ရေး အလန်ပါဂျူးကြိုးစားမည်

အင်္ဂလန်ပရီမီယာလိဂ်ကလပ် နယူးကာဆယ်အသင်းမှ နည်းပြ အလန်ပါဂျူးသည် ဟားစီးတီးအသင်းအား တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီးနောက် နယူးကာဆယ်အသင်း၌ နည်းပြအဖြစ် ဆက်ရှိနေရေးကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက်(၅၃)နှစ်အရွယ်ရှိ နယူးကာဆယ်နည်းပြ အလန်ပါဂျူးသည် ယခုနှစ်ဘောလုံးရာသီတွင် နယူးကာဆယ်အသင်းအတွက် ဆိုးရွားသည့်ရလဒ်များသာ ဆောင်ကြဉ်းပေးနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်ပရိသတ်၏ "အလန်ပါဂျူးအား နယူးကာဆယ် နည်းပြအဖြစ်မှ ထုတ်ပယ်ပေးပါ၊ ပါဂျူးကို နယူးကာဆယ်အလိုမရှိ" ဆိုသည့် ပိုစတာများကိုင်ဆောင်ကာ ပြိုင်ပွဲအတွင်း သောသောညံခဲ့သည်။

ထို့ပြင် ဆောက်သမ်တန်အသင်းနှင့် ပွဲစဉ်တွင်လည်း လေးဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းကြောင့် ယခုပရီမီယာလိဂ်ပွဲစဉ်(၅)အပြီးတွင် သုံးမှတ်သာရယူပေးနိုင်ခဲ့သည်။ ထို့ကြောင့် နည်းပြ အလန်ပါဂျူးအနေဖြင့် နယူးကာဆယ်အသင်း၌ ဆက်လက်ရှိနေရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားလာခြင်းဖြစ်သည်။






**ငွေကြယ်**

# ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် PSG တိုက်စစ်မှူး ကာဗာနီအားခေါ်ယူရန် အာဆင်နယ်ပြင်ဆင်နေ

အင်္ဂလန်ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် PSG အသင်း၏ ဥရုဂွေးတိုက်စစ်မှူးအက်ဒီဆင်ကာဗာနီအား ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အာဆင်နယ်အသင်းမှာ ကာဗာနီအား ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ ဈေးကွက်မပိတ်သိမ်းမီကာလကတည်းက ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်ပြီး အသင်း၏တိုက်စစ်မှူးဂီရော့ဒ်နှင့် အလိုက်ပေးလဲလှယ်ရန် စီစဉ်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ထို့ပြင် အာဆင်နယ်အသင်းမှာ ယခုနှစ် ဘောလုံးရာသီမစတင်မီကာလအတွင်း မန်ယူအသင်း၏ အင်္ဂလန်လက်ရွေးစင်တိုက်စစ်မှူး ဒန်နီဝဲလ်ဘက်အား ပေါင် ၁၆သန်းဖြင့်ခေါ်ယူထားခဲ့သော်လည်း တိုက်စစ်ပိုင်းအတွက် ကာဗာနီကိုပါထပ်မံခေါ်ယူသွားရန် ဆန္ဒရှိနေခြင်းဖြစ်သည်။ PSG အသင်းမှာလည်း ကာဗာနီအား ပေါင် ၅၅ သန်းဖြင့် ဈေးဖွင့်ထားပြီး ယင်းပမာဏအား ပေးချေပါက ရောင်းထုတ်သွားရန် အသင့်ရှိနေကြောင်း ဗြိတိန်သတင်းစာ Daily Mail ကဖော်ပြခဲ့သည်။ ထို့ပြင် ကာဗာနီမှာလည်း PSG အသင်းမှထွက်ခွာရန် ဆန္ဒရှိနေပြီး ပရီမီယာလိဂ်သို့ပြောင်းရွှေ့ကစားလိုကြောင်း ဗြိတိန်မီဒီယာများကဖော်ပြခဲ့ပြီး ၎င်းအားခေါ်ယူရန် အာဆင်နယ်အသင်းမှာ ထိပ်ဆုံးမှရပ်နေလျက်ရှိနေကြောင်း သိရသည်။

**(ကိုရဲ)**




### ပရီမီယာလိဂ် ပွဲစဉ် (၅) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| ဝက်စ်ဟမ်း | ၃ - ၁ | လီဗာပူး |
| လက်စတာ | ၅ - ၃ | မန်ယူ |
| စပါး | ၀ - ၁ | ဝက်စ်ဘရွန်း |

### ဘွန်ဒက်လီဂါ ပွဲစဉ် (၄) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| မိန့်စ် | ၂ - ၀ | ဒေါ့မွန် |
| ဝုဖ်ဘတ် | ၄ - ၁ | လေဗာကူဆင် |

### စပိန်လာလီဂါ ပွဲစဉ် (၄) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| ဘီလ်ဘို | ၀ - ၁ | ဂရန်နာဒါ |
| အက်သလက်တီကို | ၂ - ၂ | ဆယ်တာဗီဂို |
| အက်စ်ပန်ညော | ၂ - ၂ | မာလာဂါ |
| ဆိုစီဒက် | ၁ - ၂ | အယ်မာရီယာ |

### စီးရီးအေ ပွဲစဉ် (၃) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| ဆီစီနာ | ၂ - ၂ | အမ်ပိုလီ |
| အေစီမီလန် | ၀ - ၁ | ဂျူဗင်တပ် |
| ခီယေဗို | ၂ - ၃ | ပါးမား |
| ဂျီနိုအာ | ၁ - ၀ | လာဇီယို |
| ရိုးမား | ၂ - ၀ | ကယ်ကလီယာရီ |
| ဆာစူအိုလို | ၀ - ၀ | ဆမ့်ဒိုးရီးယား |

**(မောင်မောင်ဇော်)**

ASIA KING 09-43114301,09-420221257
ဒီကျွတ်ပွဲတော်အထူး (Oct 3,6)နှင့် အပတ်စဉ်(သောကြာ) ကြိုတင်ရောင်းပြီ
+ အင်းလေးဖောင်တော်ဦးပွဲ၊တောင်ကြီး၊ပင်းတယ၊ကဲ့လုံ၊ထမ်စမ်း၊မွေ့တော် (၅)ရက်
+ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မျောက်ရစ်၊ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ (၆)ရက်
+ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲကမ်းခြေ၊ မဲလံဆဲတော်ရှင် လမ်းဘုရားစုံ (၄)ရက်
+ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊ နေပြည်တော် (၅)ရက် | ကားမျိုးစုံစီးလုံးငှား
+ မန္တလေး၊ ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ ဘုရားစုံ (၅)ရက် | [illegible]
ခရီးစဉ်တိုင်း အဆင့်မြင့် HOTEL/ GUEST HOUSE များ တည်း တစ်ဆင့်သွားကား၊ စက်လှေ [illegible]
ကျိုက်ထီးရိုး/ ချောင်းသာ(နေ့စဉ်)၊ ငွေဆောင်(သောကြာ)၊ ပြည်(ထုံးဘိုအကောက်တောင်)

သန်းငွေနှင့်ရောင်းရင်းများ မှ သီတင်းကျွတ်ဘုရားစုံဖူး
✿ ဟန်လင်း၊ အင်းဝ၊ ရွှေဘို၊ စစ်ကိုင်း လမ်းဘုရားစုံ (၄) ရက် လေ့လာရေးခရီးစဉ် (၄၅၀၀၀/-) Sept 26 ထွက်မည်
✿ အင်းလေးဖောင်တော်ဦး တောင်ကြီး ပင်းတယ၊ ထမ်စမ်းလိုဏ်ဂူ၊ မွေ့တော်ကက္ကူ (၄) ရက်။
✿ ပုဂံ ပုပ္ပါး (စွယ်တော် ၄ ဆူ) (ပြည်ငါးပြည်) (၄) ရက်။ ✿ မန္တလေး ပြင်ဦးလွင်၊ မုံရွာ (၄) ရက် အားလုံးပါ (၇/၁၀) ရက်။ ✿ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ (၆) ရက်။
✿ လွှန်း၊ နေပြည်တော်၊ ပြည်အကောက်တောင် (တနင်္ဂနွေ/ ရုံးပိတ်ရက်)
✿ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ (ကျိုက်ထီးရိုး) (၂/၃) ရက်။ Oct - 3/6/7/10
✿ ဘီလင်းမြို့ မဲလံဆဲတော်ရှင် (နေ့ချင်းပြန်)၊ ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)
အမှတ် (၄၂၄)၊ ရွှေတိဂုံသာလမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်။ Ph : 380141, 241863, 09 43043109, 09 73251422

ခိုနီဝင်းနှင့်ရောင်းရင်းများမှ
သီတင်းကျွတ်ပွဲတော် အထူးခရီးစဉ်များ
ကျိုက်ထီးရိုး(နေ့စဉ်) ချောင်းသာ(နေ့စဉ်)
အင်းလေးဖောင်တော်ဦးဘုရားပွဲတော်သို့ Sep 26, Oct 3,7
တောင်ကြီး၊ပင်းတယ၊ကဲ့လုံ၊မွေ့တော်ကက္ကူ၊ထမ်စမ်းလိုဏ်ဂူ
▲ ပုပ္ပါး၊ ပုဂံ(စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ စလေ ▲ ပုပ္ပါး၊ ပုဂံ(စွယ်တော်လေးဆူ)၊ မန္တလေး၊ ပြင်ဦးလွင် ▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ ▲ မူဆယ်၊ ရွှေလီ
▲ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန် ▲ ကျိုက္ကမီ၊ စက်စဲ၊ မော်လမြိုင်ဘုရားစုံ
▲ လွှန်းပြည်တော်ပြန် (တနင်္ဂနွေနေ့တိုင်း) အပတ်စဉ်-သောကြာနေ့တိုင်း ထွက်ပြီ
၂၂၊ ပန်းဆိုးတန်းလမ်း(အပေါ်လမ်း) 249871, 255553, 389611, 09-5137245

## ဒဂုံတက္ကသိုလ် သချာင်္ကျောင်းသားဟောင်းများအဖွဲ့ (၉)နှစ်ပြည့် စုံညီအစည်းအဝေးဖိတ်ကြားခြင်း

၂၀၀၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် ဒဂုံတက္ကသိုလ် သချာင်္ကျောင်းသားဟောင်းများ အဖွဲ့ (၉)နှစ်ပြည့်အထိမ်းအမှတ် အမှုဆောင်ကော်မတီ ပြန်လည်ရွေးချယ်ခြင်း၊ သချာင်္ကျောင်းသားဟောင်းများ နှစ်စဉ်ကုသိုလ်ပြု လှူဒါန်းလျက်ရှိသည့် ပုဂံရှေးဟောင်းသမိုင်းဝင် ဘုရားအမှတ် (၉၈၀-ဃ)၊ ပညာသိပ္ပမွေ့ရုံသီ စေတီတော်မြတ် (၁၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲကျင်းပနိုင်ရေးတို့အတွက် ကျောင်းသားဟောင်းများ စုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ ဒဂုံတက္ကသိုလ် သချာင်္ကျောင်းသားဟောင်းများ၊ ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေမှ ဒဂုံတက္ကသိုလ်သို့ ပြောင်းရွှေ့ တက်ရောက်ခဲ့ကြသော သချာင်္ကျောင်းသားဟောင်းများ၊ အဝေးသင်(ဒဂုံဌာနခွဲ) သချာင်္ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၂၀၁၄၊ အောက်တိုဘာလ (၅)ရက်
အချိန် ။ ။ မွန်းလွဲ (၁) နာရီ
နေရာ ။ ။ M3 စားသောက်ဆိုင်ခန်းမ (ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး)

**ဒဂုံတက္ကသိုလ်သချာင်္ကျောင်းသားဟောင်းများ**
**ဖုန်း - ၀၉ ၇၃၀၈၇၈၀၉၊ ၀၉ ၄၃၀၈၅၅၉၉၊ ၀၉ ၅၀၀၀၃၆၇**

UNIQUE UNIQUE STAR TRAVELS & TOURS
ဗန်ကောက် (6)D [Dream / Safari World, Koh Larn Island, Emerald Buddha, Byoke Sky/Cruise Dinner, Tiger Zoo, Nong Noach Garden, Alcaza Show, Ayutthaya ] Oct: 4,11,18,25 / Nov: 1,8,15,22,29 (300,000)
ကူမင်း၊သလီ၊လီကျန်း၊ရှန်ဂရီလာ (6)D Oct: 4,18 / Nov: 1,15,29 / Dec: 13,27 (400,000)
ဥရောပ(10) နိုင်ငံ ဂျပန်+ကိုရီးယား ကိုရီးယား ပီကင်း ဗုဒ္ဓဂယာ
သြစတြေးလျ စင်္ကာပူ+မလေး ဂျပန် ဟောင်ကောင် ဖူးခက်/ဘာလီ
အမေရိကား ဗီယက်နမ်+ကမ္ဘောဒီးယား ဒူဘိုင်း မော်လဒိုက် တောင်အာဖရိက
No.(70/A), Kabaaye Pagoda Rd, Bahan Tsp, Yangon. Ph: 860 4964, 860 4965, 860 4966. 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166, 09514 8079

လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

**ပျောက်ဆုံးကြောင်း**

အရှင်အာစာရလင်္ကာရ၏ ပတ်စ်ပို့(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၁၄၃၃၈၆

## ကျေးဇူးဆပ်ပါမည်

၁၉-၉-၂၀၁၄ (သောကြာနေ့) ည ၁၂ နာရီနှင့် ၁နာရီဝန်းကျင်တွင် ဓမ္မစေတီလမ်း Business Alliance ဟိုတယ်အတွင်း ရောက်ရှိသွားသော Husky အမျိုးအစား ခွေးအထီးတစ်ကောင်ကို Alphard ကားဖြင့်လာသူက ခေါ်ဆောင်သွားပါသဖြင့် ပြန်လည်ပေးပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဆက်သွယ်ရန် -**

**မောင်ရဲမာန်**
**၀၉၅၀၁၆၅၁၈**


ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
ဘိုးဘွားပိုင်မြေတစ်ကေပေါ်တွင် တည်ဆောက်ပေးမည့် အထပ်ပေါင်း (၂၇)ထပ်၊
အခန်းပေါင်း (၃၆၉)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့် SOMERSET SERVICED RESIDENCE
ပါရှိသော မြန်မာနိုင်ငံ၏ အထင်ကရ အိမ်ရာစီမံကိန်း
လျှော်ဒဏ်ကိုရစ်ချက်တာစကေး အနည်းဆုံး(၈)ခံနိုင်အောင် တည်ဆောက်ထားပါသည်။
CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း အခန်းဝယ်ယူသူအားလုံး ရာသက်ပန်
စုပေါင်းအချိုးကျပိုင်ဆိုင်နိုင်မည်ဖြစ်သဖြင့် အလွန်ခိုင်မာသောရင်းနှီးမြှုပ်နှံမှု
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
1st Prize
(၂၅)ထပ်ရှိ အိပ်ခန်းနှစ်ခန်းပါ CONDOMINIUM တစ်ခန်း
2nd Prize
BMW 528 BRAND NEW
3rd Prize
GIA (3)ကာရက်ရှိ စိန်လက်စွပ်တစ်ကွင်း
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့
၂၀၁၅ခုနှစ်
ဖေဖော်ဝါရီလ (၁၂)ရက်နေ့
SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP,
YANGON, MYANMAR.
09 4202 88025, 09 4253 10993,
09 730 40513, 09 4500 21758,
09 540 7541, 09 2501 41060
ROOM TYPES SQFT
2 BEDROOMS 1000 - 1100 Sqft
2 BEDROOMS + STUDY 1200 - 1300 Sqft
3 BEDROOMS + STUDY 1380 - 1580 Sqft
DUPLEX (3 BEDROOMS + 1) 2100 Sqft
DUAL KEY (2 BEDROOMS + 1 BEDROOM) 2100 Sqft
PENTHOUSE 4350 - 5400 Sqft

ပြည်တွင်းရေးရာ

# မလှိုင်မြို့နယ်ရှိ ဧက ၄၀၀ အကျိုးပြုနေသည့် ကုန်းတဲဆည် ရေရှည်တည်တံ့ရေး ပြုပြင်မွမ်းမံမှုဆောင်ရွက်



**မလှိုင်၊ စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ကုန်းတဲကျေးရွာ အနီးတွင် တည်ရှိသော ရေသောက်ဧရိယာ ဧက ၄၀၀ အကျိုးပြုနေသည့် ကုန်းတဲဆည် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တိုင်းဒေသကြီး၏ ခွင့်ပြုရန်ပုံငွေဖြင့် ပျက်စီးနေသောအပိုင်းများကို ပြန်လည်ပြုပြင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆည်ကြီးကို ၁၉၇၉-၁၉၈၀ ခုနှစ်တွင် အစိုးရနှင့် ပြည်သူလူထု ပူးပေါင်းတူးဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စတင်တည်ဆောက်ခဲ့စဉ်က ရေသောက်ဧရိယာဧက ၁၂၀ ကိုသာ စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့သော်လည်း ကုန်းတဲဆည် အထက်ဘက်၌ ကျင်းသာဆည်ကို ထပ်မံတည်ဆောက်ခဲ့သည်။ ၂၀၀၂ ခုနှစ် နောက်ပိုင်းတွင် ကျင်းသာဆည် ရေကူးကန်မှ ရေများ ကုန်းတဲဆည် ရေနည်းချိန်တွင် ဖြည့်တင်းပေးနိုင်ခဲ့သဖြင့် လက်ရှိအချိန်တွင် ဧက ၄၀၀ အထိ တိုးချဲ့ စိုက်ပျိုးရေပေးဝေနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ကုန်းတဲဆည်၏ အစိတ်အပိုင်းအချို့ ပျက်စီးနေပြီး ယိုယွင်းနေသည့် နေရာများကို ပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်း မလှိုင်မြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ကျော်က ပြောကြားခဲ့သည်။

"ယခင်က ဆည်တမံပေါင်ထိပ်မှာ ရေစုမြောင်း(ရေဆင်းမြောင်း) မရှိပါဘူး။ တမံပေါင်အလျှောပိုင်းမှာ ရေစီးမြောင်းများဖြစ်ပေါ်ပြီး တမံပေါင်ရေတိုက်စားခြင်း၊ မပြုပြင်သည့်ကာလကြာပြီဖြစ်လို့ ရေတံခါးများ မလုံခြုံခြင်း၊ ရေတံခါးတိုင်များကောက်ကွေးခြင်း၊ ဂီယာအုံများချွတ်ယွင်းနေခြင်း၊ ရေတံခါးအတင် အချပြုလုပ်ရာမှာ အခက်ခဲများကို ကြုံတွေ့နေရခြင်း စတဲ့ ပျက်စီးနေသော အစိတ်အပိုင်းတွေကို ပြုပြင်သွားမှာဖြစ်ပါတယ်။ ကုန်းတဲဆည်ရဲ့ တမံအလျားက ၁၀၅၀ ပေရှိပါတယ်။

"တမံထိပ်ပေါ်မှာရေအိုင်(ရေဝပ်)တာမျိုး မရှိအောင် အစအဆုံး ဂန့်ဂါးကျောက်ခင်းမှာပါ။ တမံပေါင် ရေတိုက်စားခြင်းမှ ကင်းဝေးအောင် ၁၀၅၀ ပေအရှည် ရေဆင်းမြောင်းကိုလည်း ဆောက်လုပ်သွားမှာပါ။ ရေယိုစိမ့်မှု ကင်းဝေးစေရန်နဲ့ ရေပေးဝေရာမှာ လွယ်ကူ ချောမွေ့စေဖို့ ရေတံခါးနဲ့ ရေထုတ်ပြွန်များကိုလည်း အသစ်ပြုလုပ်သွားမှာပါ။ တမံပေါင်ကြံ့ခိုင်ရေးကို အဓိကထား ဆောင်ရွက်လုပ်ကိုင်သွားမှာပါ။ ပြုပြင်ခြင်းလုပ်ငန်းများ အားလုံးကို ဩဂုတ် ၁၄ ရက်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ လကုန်မှာ လုပ်ငန်းများပြီးစီးမှာ ဖြစ်ပါတယ်" ဟု ဦးမောင်မောင်ကျော်က ပြောကြားသည်။

ကုန်းတဲဆည် ပြုပြင်မွမ်းမံ ပြင်ဆင်စရိတ် အားလုံးကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အစိုးရ၏ ခွင့်ပြုရန်ပုံငွေမှ ငွေကျပ်သိန်း ၃၀၀ အကုန်ကျခံ ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# တိုင်းဒေသကြီးအဆင့်ယှဉ်ပြိုင်ရန် မအူပင်တွင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပ

**မအူပင်၊ စက်တင်ဘာ ၂၁**

မအူပင်ခရိုင် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီက မအူပင်မြို့၊ တိုးရွှေဝါခန်းမတွင်ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို မအူပင်ခရိုင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲစီမံလုပ်ငန်းကော်မတီအဖွဲ့ဝင်၊ မအူပင်ခရိုင် မီးသတ်ဦးစီးအရာရှိ ဦးစိုးနောင်၊ မအူပင်ခရိုင် ပညာရေးမှူး ဒေါ်ကြည်ကြည်မြင့်တို့က ဖွင့်လှစ်ပေးသည်။

မအူပင်ခရိုင် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် အဆို ၁၂ ဦး၊ အက ခုနစ်ဦး၊ အရေး သုံးဦး၊ အတီး ၄၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး၊ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူမြို့နယ်များမှ ပြိုင်ပွဲဝင်များ၊ အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြကြောင်း သိရသည်။

မအူပင်ခရိုင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပထမဆုရရှိသူများသည် အောက်တိုဘာ ၁၁ ရက်တွင် ကျင်းပမည့် ဧရာဝတီတိုင်းဒေသကြီး အဆင့်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။

**(၆၉၁)**

# ပဲခူးတိုင်းဒေသကြီး မဇင်းချောင်းအတွင်း ရေဆင်းကူးရာမှ ရေနစ်သေဆုံးမှုဖြစ်ပွား

**ပဲခူး၊ စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကလျာဏီရပ်ကွက်၊ နန်းဦးလမ်းသွယ်(၄)တွင် ချောင်းအတွင်း ရေဆင်းကူးသူ လူငယ်တစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရေနစ်သေဆုံးသူလူငယ် တစ်ဦးအား ဆယ်ယူရရှိထားကြောင်း သိရ၍ အမှတ်(၂)နယ်မြေစခန်းမှူး ရဲအုပ်စိန်လွင်နှင့် တာဝန်မှူး ဒု-ရဲအုပ် မြင့်ဝွမ်၊ နယ်ထိန်းတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်အရပ်သို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

စစ်ဆေးချက်အရသိရှိရသည့်ဖြစ်စဉ်မှာ စက်တင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီခန့်က မီးသွေးတောင့်လုပ်ငန်း လုပ်ကိုင်သူ လူငယ်များဖြစ်ကြသော မောင်ဖိုးသား(ခ) နိုင်လင်းဦးနှင့် မောင်ကောင်းမြတ်လင်း(ခ)လူလူ ၁၆ နှစ်တို့ နှစ်ဦးသည် မဇင်းချောင်းအတွင်း ရေဆင်းကူးကြရာမှ ကောင်းမြတ်လင်း(ခ)လူလူသည် ရေနစ်မြုပ်သွားခဲ့သည်။

ရေနစ်သူ ကောင်းမြတ်လင်းအား ပတ်ဝန်းကျင်လူအများ၏ အကူအညီဖြင့် ဝိုင်းဝန်းကူညီရှာဖွေကြရာမှ မွန်းလွဲ ၁ နာရီခန့်တွင် ရာအိမ်မှူး စည်သူဝင်း(ခ) ဖိုးခွားမှ ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

သေဆုံးသူ မောင်ကောင်းမြတ်လင်း(ခ)လူလူသည် နှုတ်ခမ်းများပြာ၍ ခြေဖဝါး လက်ဖဝါးများ ပဲကြီးရေတွန့်ကာ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရဘဲ သေဆုံးနေသည်ကို စစ်ဆေးသိရပြီး စခန်းမှူး ရဲအုပ်စိန်လွင်နှင့်အဖွဲ့သည် သက်သေများရှေ့တွင် စစ်ဆေးခြင်း၊ မှတ်တမ်းဓာတ်ပုံများရယူခြင်းများ ပြုလုပ်ခဲ့ကြသည်။

ယင်းနောက် သေဆုံးသူအလောင်းအား ဆေးစစ်ချက်ခံယူစေနိုင်ရန် ပဲခူးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

၎င်းအား အမှတ်(၂) နယ်မြေရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၁၈/၂၀၁၄ဖြင့် အမှုအားဖွင့်လှစ်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြယ်စင်သိန်း(ပဲခူး)**


ခေတ်ရှေ့ဆောင်
၀၉ ၄၄၉၂၅၀၁၉၁၊ ၀၁-၇၁၀၀၈၂
၀၉ ၄၂၀၀၀၅၂၇၈၊ ၀၉ ၅၀၇၃၆၄၅
အင်းလေးဖောင်တော်ဦးဘုရားပွဲ ၊ လွိုင်ကော်၊ ကလော၊ ပင်းတယ၊ ထမ်ခမ်း၊ မွေတော်ကတ္တူ၊ နေပြည်တော်(၇)ရက်၊ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ အဝန်းဖြေ (၇)ရက်၊ ခရီးစဉ်တိုင်း-စက်လှေ+ထမင်းကျွေး+တည်း(ငြိမ်း)-၈၀၀၀၀/-
Oct-3 Nov-3 ထွက်မည်

TRAVEL PALACE (အဆင့်မြင့်ဘုရားဖူးနှင့်အပန်းဖြေခရီးသွားလုပ်ငန်း)
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး 3 N/ 4D
မန္တလေး၊ ပြင်ဦးလွင် 3 N/ 4D
ကျိုက်ထီးရိုး၊ ကျိုက္ခမီ၊ ဇက်စဲ 3 N/ 4D
တောင်ကြီး၊ အင်းလေး (ဖောင်တော်ဦးဘုရားပွဲ) 4 N/ 5D
Sep 26, Oct 3, 7
Hotel Package Restuarent စသည်
အသင်းအဖွဲ့များအတွက် ခရီးစဉ်များစုံ စီစဉ်ပေးသည်။
01-577795, 09-5155170, 09-448025596

Rising Tide Travel & Tours
တောင်ကြီး ဖောင်တော်ဦး ခရီးစဉ် (၄ညအိပ်-၅ရက်) တစ်ဦးလျှင် ၁၇၀,၀၀၀ကျပ်
တောင်ကြီး ဖောင်တော်ဦး ခရီးစဉ် (၃ညအိပ်-၄ရက်) တစ်ဦးလျှင် ၁၁၀,၀၀၀ကျပ်
ပုဂံ၊ မန္တလေး၊ ပြင်ဦးလွင် ခရီးစဉ် (၅ညအိပ်-၆ရက်) တစ်ဦးလျှင် ၁၉၀,၀၀၀ကျပ်
Oct ၇ရက် နှင့် / Nov ၅ရက်နေ့များတွင်ထွက်ခွာပါမည်။ ဟိုတယ်၊ စားသောက်ဆိုင်၊ Guide နှင့် ပြည့်စုံသော ဝန်ဆောင်မှု ။
ဖန်ကောက်-အယုဒ္ဓယ-ပတ္တရား (၅ညအိပ်-၆ရက်) Oct 7 ရက်
စင်ကာပူ၊ သီးသန့် (၄ညအိပ်-၅ရက်) Oct 8 ရက်
StarCruise၊ Maldives၊ ဖူးခက်၊ ဘာလီ၊ ဟောင်ကောင်၊ ဂျပန်၊ ဥရောပ၊ အမေရိကား ခရီးစဉ်များ။
Address:No.103, 5th Floor, Room(5-B), Kyun Taw Road, Sanchaung Tsp., Yangon.
Pls Contact Us: 09 31 2500 70, 09 430 34 182
e mail: sales@risingtidetravels.com

Myanmar WWW Institute တွင်ဖွင့်လှစ်တော့မည့် Professional IT သင်တန်းများ
facebook.com/Myanmar.WWW.Institute
CERTIFIED J2EE JAVA WEB DEVELOPER
Sat + Sun 9:15 am ~ 12:15 pm
JAVA ၏ Enterprise Features များကို ရေးသားနိုင်စေရန်
Servlets Technology, JSP, JSTL
ပြီးပြည့်စုံသော Web Application တစ်ခုရေးသားနိုင်စေရန်
State Management, EDP, EL, J2EE Security
Web Application တစ်ခုကို စနစ်တကျ ဖန်တီးတတ်စေရန်
Web Application Deployment, MVC design, Apache Struts Framework.
ESSENTIAL PROGRAMMING
Sat + Sun 4:00 pm ~ 7:00 pm
Code များမရေးခင် Logic နှင့် Concept များကို စနစ်တကျ ပြေရှင်းတတ်စေရန်
Pseudo Code & Flow Chart
Programming အခြေခံများကို သိရှိနားလည်စေရန်
Basic Programming Structure, Array, Function
OOP အခြေခံ Programming Language များကို ဆက်လက်လေ့လာရာတွင် အခြေခံကောင်းများရှိပြီး အထောက်အကူဖြစ်စေရန်အတွက်
Class, Object, Inheritance & Polymophism
CERTIFIED J2SE JAVA PROGRAMMER
Mon+Tue+Wed+Fri 12:45pm ~ 3:45pm
JAVA Program များကို အခြေခံကျကျ ရေးသားတတ်စေရန်
OOP, Inheritance & Polymorphism, Exception Handling
GUI Application များ ရေးသားတတ်စေရန်
GUI Applications & Applets, GUI Event Handling
JAVA နှင့် Database ချိတ်ဆက်အသုံးပြုတတ်စေရန်
JDBC-ODBC, SQL Statements, DDL, DML
Building 5, Room 4, MICT Park, Hlaing Tsp., Yangon. 652288, 521125

သာဝတ္တိဆန်းဖေဒင်ပညာသင်တန်း
အဆင့်မြင့်ဟောပြောမှုသင်တန်း (၄-၁၀-၂၀၁၄) စမည်၊ အပတ်စဉ် စနေ၊ တနင်္ဂနွေမွန်းလွဲ (၁း၀၀) နာရီမှ စသင်မည်။ (၁) သာဝတ္တိဆန်းပညာဖြင့် အမည်ပေးခြင်း၊ (၂) ဆန်းဝင်ခြင်း ၃၆ မျိုး၊ ဆန့်ကျင်ခြင်း ၄၅ မျိုး၊ (၃) ကာရက (၈) မျိုး၊ ကာရကနှင့် ဟောပြောခြင်း၊ (၄) ကာရကယတြာ၊ ဓါတ်ယတြာ၊ အထူးဓါတ်ယတြာများ သင်ကြားပေးမည်။
ဆရာမကြီးနိယာမ ဒေါ်စန်းမေ၊ အမှတ် (1173)၊ စကားဖြူလမ်း၊ (41) ရက်ကွက်၊ မြောက်ဒဂုံ၊ ဖုန်း - 0973031310



# မြနန်းစံကျော် ရွှေနန်းတော်အနီးတွင် မြန်မာတို့စံထားရသည့် မင်းကိုးပါး၏ ရုပ်တုများကို လက်ရာမြောက်စွာထုဆစ်ထား

**မန္တလေး၊ စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုမြို့တော်ဖြစ်သော မန္တလေးမြို့သည် အနုပညာလက်ရာမြောက် ကြေးသွန်းရုပ်တုများ တစ်စုတစ်ဝေးတည်း တည်ရှိရာမြို့ဟုပင် တင်စားကြသည်။ ထို့အတူပင် လက်ရာမြောက် ကြေးသွန်းပညာရှင်များတည်ရှိရာမြို့လည်းဖြစ်သည်။ မန္တလေးမြို့တွင် လက်ရာမြောက်ရုပ်တုများစွာ တည်ရှိသည်။ ထိုရုပ်တုများကို မြန်မာတို့စံထားရုပ်တုများဟု ဆိုနိုင်သည်။ ရုပ်တုများမှာ အင်္ဂတေရုပ်တုနှင့် ကြေးသွန်းရုပ်တုများဖြစ်ပြီး မြန်မာနိုင်ငံ၏ စံပြပုဂ္ဂိုလ်များ၊ လေးစားရသောပုဂ္ဂိုလ်များ၏ ရုပ်တုများပါဝင်သည်။

ထိုရုပ်တုများကိုလေ့လာခြင်းဖြင့် မြန်မာတို့သည် ကိုယ့်ထီးကိုယ့်နန်းနှင့် နေထိုင်နိုင်ခဲ့ပြီး ကိုယ်ပိုင်အနုပညာများဖြင့် အဆင့်အတန်းမြင့်စွာ ရပ်တည်နေထိုင်နိုင်ခဲ့သော ယဉ်ကျေးသည့် တိုင်းပြည်ဖြစ်ကြောင်း သက်သေပြနိုင်ပေသည်။ မန္တလေးမြို့တွင်ရှိသော အနုပညာမြောက် ရုပ်တုများမှာ မင်းတုန်းမင်းကြေးရုပ်တု၊ ကျောင်းဒကာဦးဘိုးကြေးရုပ်တု၊ အိမ်ရှေ့မင်းသား ကြေးရုပ်တု၊ စိန်ဗေဒါကြေးရုပ်တု၊ နန်းတော်ရှေ့ဆရာတင်ရုပ်တု၊ လေဘာတီမမြရင်ရုပ်တု၊ ဒေါ်စောမြအေးကြည်ရုပ်တု၊ ရွှေသဒေါင်းရုပ်တု၊ ယောမင်းကြီးဦးဘိုးလှိုင်ရုပ်တုနှင့် အခြားရုပ်တုများပင်ဖြစ်သည်။

မန္တလေးမြို့ရှိ ရုပ်တုများတွင် မြနန်းစံကျော်ရွှေနန်းတော်၏ အရှေ့မြောက်ရုပ်တွင် မြန်မာတို့စံထားမင်းကိုးပါးရုပ်တုကို ခန့်ညားစွာတွေ့မြင်နိုင်သည်။ ထိုရုပ်တုများအလယ်တွင်ပြည်ထောင်စု ကျောက်တိုင်တည်ရှိပြီး အများစုသိထားသည်မှာ ပြည်ထောင်စုကျောက်တိုင်နှင့် မြန်မာသူရဲကောင်းများဗိမာန်ကြီးဟု သိရှိခေါ်ဝေါ်ကြသည်။ ထိုရုပ်တုများ၏ ရည်ရွယ်ချက်မှာ တိုင်းရင်းသားများ စည်းလုံး ညီညွတ်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှိရေး၊ အမျိုးသား ယဉ်ကျေးမှု ထိန်းသိမ်းရေး၊ တိုင်းပြုပြည်ပြု သာသနာပြု ရှေးမြန်မာသူရဲကောင်းများ၊ စစ်ဘုရင်များကို လေးစားဂုဏ်ပြု မော်ကွန်းတင်နိုင်ရေးတို့အတွက်ပင်ဖြစ်သည်။

ထိုရုပ်တုများမှာ ခန့်ထည်ဝါ ဝံ့ကြွားပြီး မြန်မာ့သတ္တိကို ပြနေသည့်အမူအရာများရှိပြီး စိတ်ဓာတ်ကိုတက်ကြွစေသည့် ရသကို ပေးစွမ်းနိုင်သည်အထိ လက်ရာမြောက်လှသည်။ ထိုရုပ်တုများမှာ အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူ၊ ဘုရင့်နောင်၊ သာလွန်မင်းတရား၊ အလောင်းမင်းတရား၊ ဘိုးတော်ဘုရား၊ မဟာဗန္ဓုလနှင့် ကနောင်မင်းသားကြီးတို့၏ ကြေးသွန်းရုပ်တုများပင်ဖြစ်သည်။

ယခုအခါ မန္တလေးမြို့ရှိအဖိုးတန်သမိုင်းအမွေအနှစ် မြနန်းစံကျော်ရွှေနန်းတော်ကို ဝင်ရောက် လေ့လာသည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များသည် ပြည်ထောင်စုကျောက်တိုင်နှင့် မြန်မာသူရဲကောင်းများဗိမာန်ကို သွားရောက်ကာ မြန်မာတို့စံထား မင်းကိုးပါးကို လေ့လာနိုင်ကြောင်း သိရသည်။

**တိမ်တမန်**

# ၂၀၁၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆားမလောက်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ဈေးရုံ ဖွင့်မည်

**ညောင်တုန်း၊ စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာတွင် ကျေးရွာသူ၊ ကျေးရွာသားများ၏ စုပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် သုခမင်္ဂလာ ဈေးရုံသစ်ကြီးအား တည်ဆောက်နေမှုမှာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။ အဆိုပါဈေးရုံသစ်ကို ကျေးရွာမိသားစုများ၏ စုပေါင်းအင်အားဖြင့် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ကာ နဝရတ်စည်သူကုမ္ပဏီက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။ ယခုအခါ ယင်းဈေးရုံသစ်ဖွင့်ပွဲအား လာမည့်အောက်တိုဘာ ၁၆ ရက်တွင်ကျရောက်မည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောက်တိုဘာလအတွင်း စတင်ဖွင့်လှစ်ပေးတော့မည်ဖြစ်ကြောင်း သိရသည်။

"ရွာသူရွာသားတွေ ဖြစ်သလိုရောင်းချနေရတဲ့ အခြေအနေကနေ ခိုင်မာတဲ့အဆောက်အအုံအတွင်းမှာ မိုးလုံလေလုံရောင်းဝယ်ဖောက်ကားကြစေချင်တာရယ်၊ အနယ်နယ်အရပ်ရပ်က ဈေးဝယ်သူ (စားသုံးသူ)တွေ အနေနဲ့လည်း သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်နဲ့ လာရောက် ဝယ်ယူနိုင်ကြအောင်ရယ် အဓိကရည်ရွယ်တာပါ။ နောက်တစ်ချက်ကလည်း ကျွန်တော်တို့ ဆားမလောက်က ရွာဆိုပေမယ့်လည်း ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီးဘေးမှာ တည်ရှိပြီး လျှပ်စစ်မီးလည်းရပြီဆိုတော့ စံပြရွာဆိုတဲ့ ဂုဏ်ဒြပ်နဲ့လိုက်ဖက်အောင် အတတ်နိုင်ဆုံး စုပေါင်းဆောင်ရွက်ကြတာလည်းပါတာပေါ့။ အခုလို သုခမင်္ဂလာဈေးရုံသစ်ကြီးကို ကိုယ်ထူကိုယ်ထ တည်ဆောက်နိုင်ခြင်းဟာ ဒေသဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုခြင်းတစ်မျိုးလို့ ပြောနိုင်ပါတယ်။ ဆက်လက်ပြီးတော့လည်း ကိုယ့်မြို့ရွာဒေသနဲ့ ပတ်သက်လာရင် တတ်နိုင်သလောက် ဆောင်ရွက်ပေးနေအုံးမှာပါ" ဟု ဦးထွန်းသိန်း (သုခမင်္ဂလာဈေးရုံသစ် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီအဖွဲ့ဝင် ဆားမလောက်ကျေးရွာက ပြောကြားသည်။

အလျား ၂၁၂ ပေနှင့် အနံ ၁၂၀ ပေ အကျယ်အဝန်းရှိဈေးဧရိယာအတွင်း အလျား ၁၁၂ ပေ၊ အနံ ၃၂ ပေနှင့် အမြင့် ၂၂ ပေရှိ အခန်း ၄၀ ပါဝင်သော နှစ်ထပ်ဈေးဆောင်တစ်ခု၊ အလျား ၁၂၀ ပေ၊ အနံ ၂၀ ပေနှင့်အမြင့် ၁၂ ပေရှိ အခန်း ၂၂ ခန်းပါဝင်သော တစ်ထပ်ဈေးဆောင်တစ်ခုနှင့် ပေ ၅၀ ပတ်လည် ကုန်စိမ်းဆောင် သုံးခုအပါအဝင် စုစုပေါင်းဈေးဆိုင်ခန်း ၂၀၀ ကျော်အား အာစီ အုတ်ညှပ်အမျိုးအစားဖြင့် အခိုင်အမာ တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

"စိုက်ပျိုးမွေးမြူရေးအပြင် ဈေးရောင်း ဈေးဝယ်အလုပ်ကိုပါ အဓိကထား လုပ်ကိုင်ကြတဲ့ ကျွန်တော်တို့ ဆားမလောက်ရွာအနေနဲ့ ဒီဈေးရုံသစ်ကြီးဆောက်လုပ်ပြီးစီးမှုဟာ အရမ်းကိုမင်္ဂလာရှိပါတယ်။ စီးပွားရေးနဲ့ ကုန်သွယ်ရေးကဏ္ဍတွေအတွက် အများကြီး အထောက်အကူဖြစ်တယ်ဗျာ။ တစ်ချက်က အိမ်ခြေ ၈၀၀ ကျော် လောက်ပဲရှိတဲ့ ကျေးရွာတစ်ရွာအနေနဲ့ အခုလိုမျိုး ခမ်းခမ်းနားနား အဆောက်အအုံတွေကို တစ်နှစ်ထဲအပြီး အကောင်အထည်ဖော်နိုင်ခြင်းကလည်း ရွာသူရွာသားတွေရဲ့ ကြိုးစားအားထုတ်မှုနဲ့ စည်းလုံးညီညွတ်မှု အတိုင်းအတာဘယ်လောက်ထိရှိတယ်ဆိုတာကို ဖော်ညွှန်းနေခြင်းပါပဲ။ ဒီအတွက် ဂုဏ်လည်းယူတယ်ဗျာ" ဟု ဆားမလောက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းက ပြောသည်။

အဆိုပါ သုခမင်္ဂလာဈေးရုံသစ်ကြီးအား ဖွင့်လှစ်ပေးပြီးပါက ဒေသတွင်း ကုန်စည်စီးဆင်းမှု ယခင်ကထက်ပိုမိုချောမွေ့စေခြင်း၊ ကုန်ပစ္စည်းများစနစ်တကျသိုလှောင်နိုင်ခြင်း၊ ကုန်ခြောက်၊ ကုန်စိမ်း၊ သားငါးနှင့် အခြားပစ္စည်းများအား တစ်နေရာထဲတွင် ဝယ်ယူရောင်းချနိုင်ခြင်း၊ ကုန်သွယ်မှုမြင့်တင်ရေးကဏ္ဍများ ပိုမိုတိုးတက်ကောင်းမွန်လာစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သပြေထွန်း(ညောင်တုန်း)**


## Lucky Tressure ခရီးသွား

သီတင်းကျွတ် အထူးခရီးစဉ်(အထူးဈေးနှုန်း)

- ရန်ကုန် ⇌ ဗန်ကောက် ⇌ ပတ္တရား(၄ ညအိပ် ၅ ရက်)
- ရန်ကုန် ⇌ စင်ကာပူ ⇌ ဘာတန်(အင်ဒိုနီးရှား)(၃ညအိပ် ၄ရက်)
- ခရီးသွားကာလ 01-oct to 30oct
- ပြည်တွင်း/ပြည်ပ လေယာဉ်လက်မှတ်များကိုလည်း အထူးဈေးနှုန်းဖြင့် အိမ်အရောက် ဝန်ဆောင်မှုပေးနေပါပြီ။

**Address:D1,** ပထပ်၊ ဇီဇဝါကွန်ဒို၊ ဘားလမ်း(ပေါ်)၊ ကျောက်တံတား
**Ph: 01-255947, 09-73026585, 09-250250753, 09-5196936, 09-5080682**


## ရွှေမင်းကံမိုးကုတ်ရိပ်သာ သီတင်းကျွတ်(၇)ရက်တရားစခန်းပွဲ

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တကေသရ၊ ပဓာနနာယကသဒ္ဓမ္မဇောတိကဓဇ မိုးကုတ်ကမ္မဋ္ဌာနာစရိယ၊ ရွှေမင်းကံဆရာတော်သည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ် အရှေ့ပိုင်း အမှတ်(၄)ရပ်ကွက်၊ သြဇာလမ်းရှိ မိုးကုတ်ဓမ္မရိပ်သာ ရွှေမင်းကံကျောင်းတိုက်၌ ၂-၁၀-၂၀၁၄ ရက်မှ ၈-၁၀-၂၀၁၄ ရက်အထိ ပဋိစ္စသမုပ္ပာဒ် ဒိဋ္ဌိဖြုတ်အလုပ်စဉ် သစ္စာလေးပါး တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၀၉-၄၂၀၀၅၃၆၈၈ သို့ ဆက်သွယ်ရန်နှင့် ၁-၁၀-၂၀၁၄ ရက် ညနေ ၅ နာရီထက် နောက်မကျစေဘဲ အရောက်လာကြရမည်ဖြစ်ပါသည်။

အကျိုးဆောင်အဖွဲ့


ရွှေလမ်းခရီး …မှ သီတင်းကျွတ်လဘုရားဖူးစုံပူး
* ဆင်းလေးဖောင်တော်ဦးဘုရားပွဲ တောင်ကြီး(ထမ့်စမ်းလိုဏ်ဂူ)(မွေတော်ကက္ကူ)ပင်းတယ၊ကလော။
* ကျိုက္ကူမီးထွန်းဆီမီးပွဲ စက်စဲကမ်းခြေ မော်လမြိုင်၊ ကျိုက်မရော၊ နွားလပို့တောင်။
* ပုဂံ၊ စွယ်တော်လေးဆူ၊ ညောင်ဦး၊ ပုပ္ပါး * မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ။
* မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ် (ရွှေလီ၊ ဝမ်တိန်၊ မန်စီ)။ လက်မှတ်ရောင်း/ဝင်းလုံးငှား
* ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်ကမ်းခြေ မျှော်ရစ် Oct 3,6,7,10
* ကျိုက်ထီးရိုး/ချောင်းသာ(ခနေ့စဉ်) * ...
အမှတ်(၁၁၇)၊ ပန်းဆိုးတန်းလမ်း(ဂုံးကျော်တံတားဘေး) 371317,095124678,098627170



ဆရာရန်နိုင် DRAGON KING
ကွန်ဖူး - ဗန်ဒို - ထိုင်ကွမ်ချီ
ဗန်ဒို အထူးအမြန် ဖိုက်တင်ရက်တိုသင်တန်း
အမှတ်-၃၆၇(၆-လွှာ)၊ မဟာဗန္ဓုလလမ်း၊ နှင့် ၃၈-လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း- ၂၀၁၁၄၉၊ ၀၉၅၀၁၆၆၂၃။


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/တောင်၊ မြေကွက်အမှတ်(၁၁၉၆/က)၊ မြေကွက်တည်နေရာအမှတ် (၁၁၉၆/က)၊ ခိုင်ရွှေဝါလမ်းမကြီး၊ (၁၀)တောင်ရပ်ကွက်၊သာကေတမြို့နယ်၊ ဒေါ်ဘုတ်ဆုံ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်ဘုတ်ဆုံ(အဘွား)၊ ဦးနီ(အဘိုး)နှင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ခင်မြင့်(မိခင်)နှင့် ၎င်း၏ ခင်ပွန်း ဦးစိန်လွင်(ဖခင်)တို့ ကွယ်လွန်သဖြင့် အမည်ပေါက်၏မြေးတော်စပ်သူဦးတင်ထွန်း[၁၂/သကတ(နိုင်)၀၆၃၀၈၉]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ မြေကွက်အမှတ်(၁၃၄၄)၊ မြေကွက်တည်နေရာအမှတ်(၁၃၄၄)၊ ဇေယျာသီရိလမ်း၊ (၉၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (ဒု-ဗိုလ်မှူးကြီးသန်းဌေး)[၇/ရတန(နိုင်)၀၀၄၈၃၇] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(ဒု-ဗိုလ်မှူးကြီးသန်းဌေး)ကွယ်လွန်သဖြင့် ဒေါ်ခင်မျိုးချစ်[၁၂/ပဘတ(နိုင်)၀၀၈၁၉၁]က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


## သစ်လုံးခွဲမည်

Band Saw သစ်စက်ကြီးဖြင့် သစ်လုံးခွဲစိတ်ခြင်း၊ သစ်ပေါင်းဖိုများဖြင့် အခြောက်ခံခြင်း၊ အဆင့်မြင့် သစ်အချောထည်များ ထုတ်လုပ်ပေးခြင်း၊ ပြည်တွင်းပြည်ပဈေးကွက်ရှာဖွေပေးခြင်းလုပ်ငန်း များကို ဆောင်ရွက်ပေးပါမည်။

ဖုန်း-၀၉-၅၁၀၇၈၃၂၊ ၀၉-၈၆၃၅၇၆၆၊
၀၉-၅၁၀၇၈၃၀၊ ၀၉-၅၁၀၇၈၂၃



## အမြန်ရောင်းမည်

ပွဲစားမလို ဝယ်မည့်သူသာ ဆက်သွယ်ပါ

လှိုင်သာယာစက်မှုဇုန်(၁)၊လမ်းမကျယ်ပေါ်ရှိ မြေဧက (၂.၈၂၉) နှင့် နှစ်ထပ်အဆောက်အအုံ၊ မီး 315 KVA၊ ဂျိုးဖြူရေ၊ အဝီစိရေ၊ ကြိုးဖုန်း (၂)လုံးပါ။

ဆက်သွယ်ရန်-
09-33484150, 09-73117971, 09-5002173

# ဧရာဝတီတိုင်းအတွင်းရှိ ခရိုင်၊ မြို့နယ်များတွင် အားကစားဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဆွေးနွေး

**ဖျာပုံ၊ စက်တင်ဘာ ၂၁**

ပြည်ထောင်စုအစိုးရအဖွဲ့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၁၉ ရက်က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြောင်းမြခရိုင်၊ အိမ်မဲမြို့သို့ သွားရောက်၍ မြို့နယ် အား/ကာ ကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်တွေ့ဆုံ၍ အားကစားဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆွေးနွေးညွှန်ကြားခဲ့ပြီး အိမ်မဲမြို့ရှိ ရွှေလင်းယုန် အားကစားကွင်းနှင့် ရန်မျိုးအောင် အားကစားခန်းမများအား သွားရောက်ကြည့်ရှု၍ အားကစားကွင်း ပြင်ဆင်မွမ်းမံခြင်း ဆောင်ရွက်နေမှုများကို လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လပွတ္တာခရိုင်၊ လပွတ္တာမြို့သို့ သွားရောက်၍ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ အားကစားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးပြီး လပွတ္တာမြို့နယ်ရှိ ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရန်ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် စာအုပ် ၂၀၀ ကို မောင်တင်စာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ခြင်းလုံးအားကစားရုံ အသစ် ဆောက်လုပ်မည့် မြေနေရာနှင့် ဘက်စကတ်ဘောကွင်း၊ တင်းနစ်ကွင်း ဆောက်လုပ်မည့် နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့သို့ ဆက်လက်သွားရောက်ရာ မွန်းလွဲ ၂ နာရီတွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ အားကစားနည်းပြများ၊ အားကစားသမားများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးရာတွင် မိမိသည် အားကစားဝန်ကြီးဌာန တာဝန်တစ်ခုတည်းဖြင့် လာရောက်ခြင်းမဟုတ်ကြောင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌတာဝန်ကိုယူပြီး ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်၍ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ပါ၍



အားကစားကဏ္ဍများကို သာမက အခြားသော အခက်အခဲများကိုပါ တင်ပြရန်နှင့် မိမိမှ ပြည်ထောင်စုအဆင့် တာန်ရှိသူများထံ တစ်ဆင့်တင်ပြရန် အကောင်းဆုံးနှင့် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ဘောလုံး အားကစားပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးကိုလည်းကောင်း၊ လက်ဝှေ့အားကစား ပစ္စည်းများကို နည်းပြဦးထွန်းထွန်းဝင်းနှင့် အားကစားသမားများကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး မော်ရွှေဝါ အားကစားခန်းမကြီးတွင် လက်ဝှေ့အားကစားသမားများနှင့် အားကစားခန်းမကြီးကို စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည်ဖျာပုံခရိုင်၊ ဘိုကလေးမြို့သို့ ဆက်လက်ထွက်ခွာလာရာ ညနေ ၄ နာရီတွင် ဘိုကလေးမြို့သို့ရောက်ရှိပြီး ဧရာဝတီတိုင်းအားကစားမှူး၊ ဖျာပုံခရိုင် အားကစားမှူး၊ ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး၊ ဘိုကလေးမြို့နယ် အုပ်ချုပ်ရေးမှူး၊ ဘိုကလေးမြို့နယ် အားကစားမှူးတို့နှင့်အတူ ဘိုကလေးမြို့နယ် ပြည်သူ့အားကစားကွင်းကြီးတွင် မျိုးဆက်သစ် လူငယ်ဘောလုံး အားကစားသမားများကို တွေ့ဆုံအားပေးစကားပြောကြား၍ ဘောလုံး အားကစားပစ္စည်းများကို ပေးအပ်ခဲ့ပြီးနောက် ဖျာပုံမြို့သို့ ဆက်လက်ထွက်ခွာလာရာ ညနေ ၅ နာရီတွင် ဖျာပုံမြို့သို့ ရောက်ရှိ၍ ရွှေရတုဧည့်ရိပ်သာတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌတို့နှင့် တွေ့ဆုံ၍ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို တွေ့ဆုံဆွေးနွေး၍ ရန်ကုန်မြို့သို့ ဆက်လက် ထွက်ခွာသွားကြောင်း သိရသည်။

**ချမ်းသာ**

## မလှိုင်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲပြုလုပ်

**မလှိုင်၊ စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင် အ. ထ. က ကျောင်း ဧရာဝတီခန်းမဆောင်၌ စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ် ၅၀ ပြည့် ရွှေရတု မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ပြုလုပ်ရာ မလှိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မိုးက စက်တပ်ယာဉ်စသည့် မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန် အချက်များကို ပရိုဂျက်တာဖြင့် မှတ်တမ်းတင်ဓာတ်ပုံများဖြင့် ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်ဟု သိရသည်။

**ကျော်ကျော်(မလှိုင်)**

## ငှက်ဖျားစေတနာ့ဝန်ထမ်း သင်တန်းဖွင့်လှစ်

**မင်းကင်း၊ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်တွင် တိုင်းဒေသကြီး ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဌာနနှင့် ကလေးခရိုင် ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနတို့မှ စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက မင်းကင်းမြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ငှက်ဖျားစေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သား သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပခဲ့ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဆန်းထွန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ကလေးခရိုင် ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနမှ ဦးအောင်ရွှေထွန်း(ငှက်ဖျား)က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းကာ တိုင်းဒေသကြီး ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနမှ ဦးဌေးပို (ငှက်ဖျား အင်စပက်တာ)က သင်တန်းနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

## အင်းစိန်တွင် ကလေးသူငယ်များအား အသိပညာပေးဟောပြော

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ပြည်လမ်း၊ အ. လ. က (၉) ကျောင်းခန်းမတွင် ကျောင်းနေအရွယ် ကလေးငယ်များ ယာဉ်အန္တရာယ်၊ လျှပ်စစ်အန္တရာယ်၊ ရေအန္တရာယ်နှင့် ကျောင်းသူလေးများ မဖွယ်မရာ အန္တရာယ်တို့မှ ကင်းဝေးရန်ရည်ရွယ်၍ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်းကာ စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက ဟောပြောပွဲ ကျင်းပခဲ့ကြောင်းသိရသည်။

ဟောပြောပွဲတွင် အင်းစိန်မြို့နယ်၊ ရဲစခန်းမှ ရဲအုပ်ခင်ဆွေငြိမ်းက ကျောင်းသူလေးများ မဖွယ်မရာ အန္တရာယ်မှ ကင်းဝေးစေရန် ရှောင်ရန်၊ ဆောင်ရန်တို့ကို ဟောပြောပြီး၊ ဦးအောင်ဇော်မျိုး (SAE)က လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် သတိကြီးစွာထား၍ သုံးစွဲရန် ဟောပြောခဲ့သည်။

ဥပဒေအရာရှိဦးဖျက်ချန်က စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ ပြည့်စုံနေသူသည် မည်သည့်အန္တရာယ်ကိုမဆို ရှောင်ရှားနိုင်ကြောင်း ဟောပြောခဲ့သည်။

ကြက်ခြေနီ ဒု-တပ်ရင်းမှူး ဦးနီထွန်းက ရေနစ်ခြင်းမှ ကာကွယ်ရန် ဟောပြောပြီး အင်းစိန်မြို့နယ် အမျိုးသမီးရေးရာ အတွင်းရေးမှူး ဒေါ်ဥမ္မာအောင်က ကျောင်းသူလေးများအား မိမိ၏ သားသမီးသဖွယ် မည်သို့ နေထိုင်ကျင့်ကြံရမည်ကို ညွှန်ပြဟောပြောခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိမိနှင့် ဆရာ၊ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ကြသည်။ ဟောပြောပွဲတွင် အသိပညာပေး လက်ကမ်းစာစောင်များလည်း ဝေငှခဲ့ကြောင်း သိရသည်။

**မြင့်ဦး(အင်းစိန်)**

သုခလမ်းညွှန် Travels & Tours
အထူးလျှော့ဈေး
◆ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော Oct 7 - 150000
◆ ပုဂံ (စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ဗဒုတ္တူ Oct 7 - 140000
Hotel (စား/တည်း/ငြိမ်း) Scania Coach (VIP Class)
Ph - 01 539459, 09 259370001- 5, 09 330220373

HOW အဆင့်မြင့် ခရီးသွားလုပ်ငန်း
- တောင်ကြီး၊ အင်းလေးဖောင်တော်ဦး၊ ပင်းတယ၊ ကလော၊ အောင်ပန်း ဟိုတယ်အိပ်၊ ဟိုတယ်/စားသောက်ဆိုင်စား၊ Scania Bus, အဆင့်မြင့်ကားတို့ဖြင့် အဆင့်မြင့်မြင့် သွားမယ်။ ၄ညအိပ်-၅ရက်ခရီး၊ စရိတ်ငြိမ်း-၁၂၅၀၀၀/-
(Sep-26 Oct-1,2,3,5,6,7,8,9,10,11,12) နေ့ရက်များတွင် ထွက်မည်။
Ph : 09-73027303 , 09-5114301, 09-5180337

TOP ARROW Travels & Tours Co., Ltd.
ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး(၂)ညအိပ်(၃)ရက် အဆင့်မြင့် Package ခရီးစဉ်
KAYTUMADI DYNASTY HOTEL တွင်တည်းပါမည်။
တနင်္လာ(ည)ထွက်-ကြာသပတေး(နံနက်)ပြန်ရောက်မည်။(၆-၁၀-၁၄)ထွက်မည်။
ဖုန်း၊ ၀၁-၅၄၉၃၆၉၊၀၉-၇၃၁၈၅၅၉၈၊၀၉-၄၃၁၂၀၇၁၉
(၉၅၀၀၀ကျပ်-စားတည်းငြိမ်း)

umg college
HND
HIGHER NATIONAL DIPLOMA
edexcel
Approved Centre No 93851
တက္ကသိုလ်ဝင်တန်း၊ IGCSE / GCE O-Level အောင်မြင်ပြီးသူများနှင့်တက္ကသိုလ်ပထမနှစ်ကျောင်းသားများသည်
Foundation Course မှစတင်တက်ရောက်နိုင်ပြီး AGTI, B.Tech နှင့်အခြားဘွဲ့ရများသည်
ပထမနှစ်မှ စတင်တက်ရောက်နိုင်ပါသည်။
ပါမောက္ခချုပ် (ငြိမ်း)၊ ပါမောက္ခ (ငြိမ်း) နှင့်ပါရဂူဆရာကြီးများဦးစီးသင်ကြားသော
UMG COLLEGE မှ ဖွင့်လှစ်မည့် HND အင်ဂျင်နီယာ သင်တန်းများ
Volvo, Hitachi, Furukawa နှင့် Kawasaki စသည့် International ကုမ္ပဏီကြီးများ၏ Authorized Dealer ဖြစ်ပြီး UK နိုင်ငံရှိ edexcel ပညာရေးအဖွဲ့ကြီးနှင့် ပူးပေါင်း ဖွင့်လှစ်သည်။
- Mechanical Engineering
- Electrical and Electronic Engineering
- Civil Engineering
(Construction and the Built Environment)
UK, Australia, Singapore စသည့်သော နိုင်ငံတကာတက္ကသိုလ်များတွင် Top-up Course များကို ဆက်လက်တက်ရောက်နိုင်ပြီး B.E (သို့) B.Sc (Hons) Engineering ဘွဲ့ကို ရယူနိုင်မည်။
www.facebook.com/umgcollege
www.umgcollege.com



UMG College - ယာဉ်သိရိပ်လာရေး ပထမထပ်(ယာ)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - 09 8631823, 09 73036488, 09 730 25440, 01 215678~9, 01-2301580~1 (Ext 216, 219)



၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ် (၅၀) ပြည့် ရွှေရတုရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် အမှတ်-၃ လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ခေတ္တရဲတပ်ဖွဲ့ခွဲမှူး ရဲမှူးကျော်တေဇဦးဆောင်သော အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများပါဝင်သော တပ်ဖွဲ့ဝင်အင်အား ၂၀၀ တို့သည် စက်တင်ဘာ ၂၀ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်ဇင်ပြီး ဦးဆောင်သော ဆေးရုံဝန်ထမ်းအဖွဲ့များနှင့်ပူးပေါင်း၍ စုပေါင်းလုပ်အားပေးခဲ့ကြောင်းသိရသည်။ သတင်းနှင့်ဓာတ်ပုံ- သာညွန့်

# အင်းတော်စစ်မှုထမ်းဟောင်းအဖွဲ့မှ ၂၀၁၄-၂၀၁၅ ခုနှစ် ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်

**အင်းတော်၊ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့တွင် စစ်မှုထမ်းဟောင်းအဖွဲ့ (အင်းတော်)မှ ၂၀၁၄-၂၀၁၅ ခုနှစ် ပညာသင်အတွက်စရိတ် ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်း အနားကို စက်တင်ဘာ ၁၅ ရက် နံနက်၉ နာရီတွင် အင်းတော်မြို့ စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အင်းတော်မြို့နယ် စစ်မှုထမ်းဟောင်းများ၏ သားသမီးများအား ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေများကို ထောက်ပံ့လျက်ရှိရာ အဆိုပါထောက်ပံ့ငွေများအား အင်းတော်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းအောင်၊ ဒုတိယဥက္ကဋ္ဌဦးစိန်ဝင်း၊ အတွင်းရေးမှူးဦးမြင့်စိုးတို့က အထက်တန်းအဆင့် ၅ ဦး၊ အလယ်တန်းအဆင့် ၁၆ ဦး၊ မူလတန်းအဆင့် ၁၁ ဦးနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးတစ်ဘာသာဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၃ ဦးအား ပညာသင်စရိတ် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

အထက်တန်းအဆင့် တစ်ဦးလျှင် ၂၀၀၀၀ ကျပ်၊ မူလတန်းအဆင့် တစ်ဦးလျှင် ၁၅၀၀၀ ကျပ်၊ မူလတန်းအဆင့် တစ်ဦးလျှင် ၁၀၀၀၀ ကျပ်နှင့် ဂုဏ်ထူးရ ကျောင်းသားအား ကျပ်တစ်သိန်းတို့ကို အသီးသီးထောက်ပံ့ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ကြေးမုံ**

# သံဖြူဇရပ်မြို့နယ် ကျိုက္ခမီ အ.ထ.ကတွင် မူခင်းဆိုင်ရာ ပညာပေး ဟောပြောပွဲပြုလုပ်

**သံဖြူဇရပ်၊ စက်တင်ဘာ ၂၁**

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအား မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက ကျောင်းစုဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ဟောပြောပွဲတွင် ကျိုက္ခမီမြို့ အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းက အမှာစကားပြောကြားပြီး၊ သံဖြူဇရပ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော၍ နေပြည်တော်မူးယစ်တပ်ဖွဲ့စု၊ သံဖြူဇရပ်မြို့နယ်တာဝန်ခံ ဒု-ရဲမှူးအောင်ဆွေဦး၊ မော်လမြိုင်လူကုန်ကူးမှုတပ်ဖွဲ့စုမှ ဒု-ရဲအုပ် ဌေးလွင်တို့က မူးယစ်ဆေးဝါး အန္တရာယ်နှင့် မူးယစ်ဆေးဝါး လျော့နည်းကျဆင်းပပျောက်ရေး၊ လူကုန်ကူးမှုဥပဒေနှင့် သိကောင်းစရာများကို အသိပေးဟောပြောပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ ကျိုက္ခမီ အထက်တန်း ကျောင်းအုပ်ဆရာကြီး ဦးစိုးဝင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို့အထောက်အကူပြုကော်မတီများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကျော်ဝင်း(သံဖြူဇရပ်)**

# ရွှေ့လျားဈေးရောင်းချမှု ရောင်းသူရောဝယ်သူပါ အကျိုးဖြစ်

**ရေစကြို၊ စက်တင်ဘာ ၂၁**

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရမှ နယ်စပ်ဒေသမကျန် တောရောမြို့ပါ လမ်းပန်းဆက်သွယ်ရေးကွန်ရက် ဖွံ့ဖြိုးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးမှုများကြောင့် တစ်နေရာမှတစ်နေရာသို့ ခရီးသွားလာရေး အဆင်ပြေချောမွေ့လာ၍ ကုန်စည်စီးဆင်းမှုများလည်းမြန်ဆန်လျက်ရှိသည်။

ထိုသို့ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်ခြင်း အကျိုးကျေးဇူးများကြောင့် ဈေးနှုန်းတည်ငြိမ်ခြင်း၊ မြို့ကြီးများ၏ နောက်ဆုံးပေါ်ပစ္စည်းများ ကျေးလက်တောရွာများသို့ အချိန်တိုအတွင်း ရောက်ရှိသုံးစွဲရခြင်းတို့ကြောင့် ကျေးလက်ဒေသနေပြည်သူများ၏ လူနေမှုဘဝများသည်လည်း တစ်နေ့တခြားမြင့်မားတိုးတက်လာလျက်ရှိသည်။ ထို့အတူ သယ်ယူပို့ဆောင်သူများ၊ ရောင်းဝယ်ဖောက်ကားကြသူများလည်း စီးပွားဖြစ်လျက်ရှိကြောင်း လေ့လာသိရသည်။

နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်ရေးကွန်ရက် ဖွံ့ဖြိုးတိုးတက်ကောင်းမွန်မှုကြောင့် အချိန်တိုအတွင်း အလွယ်တကူသွားလာနိုင်သည်နှင့်အမျှ ယခုအခါ စက်ဘီးနှင့်တစ်မျိုး၊ ဆိုင်ကယ်နှင့်တစ်ဖုံ၊ ကားဖြင့်တစ်နည်း ရွှေ့လျားဈေးရောင်းချသည့် ယဉ်ကျေးမှုများလည်း ထွန်းကားလာလျက်ရှိသည်။

စက်တင်ဘာ ၁၉ ရက်က ရေစကြိုမြို့ မြို့မဈေး အပြင်ဘက်တွင် မြို့ကြီးပြကြီးများမှ စတိုးဆိုင်ကြီးများတွင် ဈေးနှုန်းကတ်ချိတ်ဆွဲရောင်းချသည့် အရောင်အသွေးအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး အမျိုးသမီးဝတ်အင်္ကျီများကို ပခုက္ကူမြို့ သုံးထောင့်စွန်းအဆင့်မြင့်ဖက်ရှင်စတိုးမှ မော်တော်ယာဉ်ဖြင့် လာရောက် ရောင်းချလျက်ရှိသည်ကို တွေ့မြင်ရသည်။



"ယခုရောင်းချပေးနေတဲ့ပစ္စည်းတွေက ကုမ္ပဏီက တစ်နှစ်နှစ်ကြိမ် လျှော့ဈေးနဲ့ ရောင်းချတဲ့ ပစ္စည်းတွေဖြစ်ပါတယ်။ စတိုးဆိုင်ကြီးတွေမှာတော့ ဈေးနှုန်းကတ်တွေ ချိတ်ပြီး ရောင်းတဲ့ပစ္စည်းတွေပါ။ အခုလည်း မူရင်းဈေးနှုန်းကတ်တွေ အင်္ကျီတိုင်းမှာ ပါပါတယ်။ မူရင်းဈေး ကျပ် ၁၅၀၀၀ အထက်ကို ယခု ကျပ် ၇၀၀၀ နဲ့ရောင်းပါတယ်။ ကျပ် ၁၁၀၀၀ အထက်ကို ယခုကျပ် ၅၀၀၀ နဲ့ရောင်းပေးပါတယ်။ ကျပ် ၁၀၀၀၀ နဲ့အောက်ကို ယခု ကျပ် ၄၀၀၀ နဲ့ ရောင်းချပေးနေတာဖြစ်ပါတယ်။ မိုးရာသီအထူးလျှော့ဈေးပေါ့။ မြို့ကြီးပြကြီး စတိုးဆိုင်ကြီးတွေမှာရောင်းတဲ့ ပစ္စည်းတွေကို ယခုလို လျှော့ဈေးနဲ့ လာရောက်ရောင်းချပေးတော့ ရေစကြိုမြို့က အမျိုးသမီးတွေရော ကျေးလက်က ဈေးလာဝယ်သူတွေပါ ဈေးနှုန်းသက်သက်သာသာနဲ့ ဝယ်ယူဝတ်ဆင်နိုင်တာပေါ့။ ကျွန်တော်တို့က အခုလို လာရောက်ရောင်းချရာမှာ တစ်ထည်ချင်းစီအပေါ်ကို အကျိုးအမြတ်မရပါဘူး။ အထည် ၁၀၀ ကုန်ရင်၊ အထည် ၂၀၀ ကုန်ရင် စသည်ဖြင့် ရောင်းရတဲ့ အထည်အရေအတွက်အပေါ်မှာ ခံစားခွင့် အကျိုးအမြတ်ရလာတာဖြစ်ပါတယ်။ ရောင်းလို့မကုန်တဲ့ပစ္စည်းတွေကိုတော့ ကုမ္ပဏီကိုပြန်သွင်းရပါတယ်" ဟု အရောင်းကိုယ်စားလှယ် ကိုမောင်မောင်က ရှင်းပြသည်။

သို့အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်းသည် ရွှေ့လျားဈေးရောင်းချသည့် ယဉ်ကျေးမှုထွန်းကားလာမှုနှင့်အတူ ရောင်းချသူနှင့် ဝယ်ယူသုံးစွဲကြသူများပါ အကျိုးများကြောင်း သိရသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

ခင်နန္ဒာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့. (၂၀၁၄-၂၀၁၅ ပြောင်းလဲမှုမရှိသော ခရီးစဉ်ရက်စွဲများ)
၁၂ ရက် -၉ သိန်း
၁၅ ရက် -၁၀ သိန်း
ပတ်စပို့၊ဗီဇာ၊ဝင်ကြေး၊ လေယာဉ်ခ၊စားစရိတ်နှင့် ကားခ အားလုံး ခရီးစဉ်ပြီး
-နိုဝင်ဘာ၃(ပြည့်)၊၁၇(ပြည့်)။ဒီဇင်ဘာ၁(ပဌာန်းပွဲဖွင့်ပွဲနှင့်ပိတ်ပွဲ)၊၁၅။ဇန်နဝါရီ၂၆။ဖေဖော်ဝါရီ၉၊၂၃။မတ်၉၊၂၃။ဧပြီ ၆။
-အောက်တိုဘာ၃၊၁၇၊၃၀(အားလုံးပြည့်)။နိုဝင်ဘာ၇(၅လို)၊၁၄(ပြည့်)၊၂၀(ပဌာန်းပွဲဖွင့်ပွဲ)(၂၀လို)၊၂၈(ပဌာန်းပွဲ) (၁၀လို)။ဒီဇင်ဘာ၅(ပဌာန်းပွဲပိတ်ပွဲ)(၂၂လို)၊၁၂(၂၅လို)။ဇန်နဝါရီ၉၊၃၀။ဖေဖော်ဝါရီ ၆၊၁၃၊၂၀၊၂၇။ မတ် ၆၊၁၃၊၂၇။ဧပြီ ၃၊၁၀(သင်္ကြန်ရုံးပိတ်ရက်)။
စရံ/ငွေအကြေချေ ဦးရာလူစနစ်
နေရာစုံ ပို့ပေးပြီး ဝန်ဆောင်မှုကောင်းကြောင်း အာမခံပါသည်။
Air Bus A 320 လေယာဉ်ကြီးဖြင့်သာ
သံရုံးသို့ လိုက်ရန်မလို
ကွန်ဒို(E)၊မြေညီထပ်၊ကမ္ဘာအေးဗိလာအိမ်ရာ၊ကမ္ဘာအေးစေတီလမ်း၊(၈)မိုင်၊မရမ်းကုန်း၊ရန်ကုန်။ ၀၁-၆၅၅၅၂၀၊၆၅၅၈၈၅၊၀၉-၅၆၀၀၁၂၃၊၀၉-၅၆၀၀၄၄၄

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၂)၊ မြေကွက်အမှတ်(၅၄၇-အေ)၊မြေအကျယ်အဝန်း(၅)ဧက(၁ယူနစ်) ရှိမြေနှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သည့် ဦးမောင်မောင်ဇော် [၁၂/လမတ(နိုင်)၀၀၀၀၀၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သဲစုထွေး (**LL.B,D.B.L,D.M.L,D.I.L**) ဦးမြတ်ထွန်း(**B.Sc,R.L**)
အထက်တန်းရှေ့နေ တရားလွှတ်တော်ရှေ့နေ
စဉ်-၂၇၁၂၈ စဉ်-၃၆၉၀
အမှတ်-၅၅၁၄-လမ်း(၁)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်။ ဖုန်း-၀၉-၇၃၀၇၂၂၂၁၊ ၀၉-၇၃၁၄၄၀၅၅

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မှော်ရုံလမ်း၊ မြေအကျယ် (၂၈×၄၀) ပေရှိ မြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသောအိမ်သည်(ဘ)ဦးထွန်းရွှေ၏ သမီးဒေါ်ဆွေဆွေမွန်[၁၂/အစန(နိုင်)၁၈၂၄၉၂]နှင့် မောင်နှမများပိုင်ဆိုင်ကြပြီး မောင်နှမများ၏သဘောတူညီမှုဖြင့် နေအိမ်အား ကန်ထရိုက်နှင့်တိုက်ဆောက်လုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်းခိုင်လုံသော အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ငန်းဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မမသောင်း **LL.B,D.I.L** ၊တရားလွှတ်တော်ရှေ့နေ၊ စဉ်-၂၆၇၈
ဒေါ်ဆီးခိုင်အဲ **LL.B,D.I.L** ၊အထက်တန်းရှေ့နေ၊ စဉ်-၄၂၃၂၅
ဒေါ်သက်ထားဆွိ **LL.B,D.I.L**၊အထက်တန်းရှေ့နေ၊ စဉ်-၄၂၈၉၉
**Ph-09-420187268, 09-31420759, 09-31203453**

**မြေကွက်ဝယ်လိုသည်**
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း
09 250644566
09 255781353
09 254046497

ပုဒ္ဓံ ဓမ္မံ သံဃံ
SEVEN စံ
မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုဝယ်လိုပါသလား?
Seven စံနဲ့ ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"
ဖုန်း-၀၁-၂၀၅၇၄၈
၀၉-၃၃၃၃၃၅၁၄
၀၉-၃၁၉၅၈၉၅၈

ယနေ့ မာတိကာ

မြစ်ကြီးရောဝတီ
စာမျက်နှာ - ၂

အာရှသားတို့ အိပ်မက်ဆုံရာ ငြိမ်းချမ်းရေး နိမိတ်ပုံပမာ
စာမျက်နှာ - ၅

လူမှုဘဝဖွံ့ဖြိုးဖို့ ခရီးသွားလုပ်ငန်းကို အားပေးစို့
စာမျက်နှာ - ၆





ချန်ပီယံ ရောဝတီအသင်း။

# ရောဝတီအသင်း ရှုံး/ထွက်ချန်ပီယံဖြစ်၍ နိုင်ငံတကာပြိုင်ပွဲနှစ်ခုယှဉ်ပြိုင်ခွင့်ရ

**ရန်ကုန် စက်တင်ဘာ ၂၁**

MFF Ooredoo Cup ရှုံး/ထွက် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲအဖြစ် ရောဝတီအသင်းနှင့် နေပြည်တော်အသင်းတို့ ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရောဝတီအသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

**ရောဝတီ-နှစ်ဂိုး(နေလင်းထွန်းနှင့်ကိုနေး)**
**နေပြည်တော်-ဂိုးမရှိ**

ရှုံး/ထွက် ချန်ပီယံဆုကို ရယူနိုင်ခဲ့သည့် ရောဝတီအသင်းမှာ အောက်တိုဘာနောက်ဆုံးပတ်၌ ကျင်းပမည့် မဲခေါင်တိုယိုတာဖလားပြိုင်ပွဲနှင့် ၂၀၁၅ AFC Cup ပြိုင်ပွဲတို့ကို ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီဖြစ်သည်။

ရောဝတီအသင်းမှာ ယခုဗိုလ်လုပွဲတွင် နေပြည်တော်အသင်းကို ခြေအသာဖြင့် ကစားကာ ဗိုလ်စွဲခဲ့ခြင်းလည်းဖြစ်သည်။

ရောဝတီအသင်းအတွက် အနိုင်ဂိုးများကို ၁၃ မိနစ်တွင် နေလင်းထွန်း၊ ၇၉ မိနစ်တွင် ကိုနေးတို့က သွင်းယူပေးခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ○

# အာရှအားကစားပြိုင်ပွဲ မြန်မာ့လက်ရွေးစင်အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းအသင်း ဗိုလ်လုပွဲတက်

**နေပြည်တော် စက်တင်ဘာ ၂၁**

တောင်ကိုရီးယားနိုင်ငံ အင်ချွမ်မြို့ (Incheon) ၌ ကျင်းပလျက်ရှိသည့် (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အားကစားသမား ၁၅ ဦးက အားကစားနည်း ၁၀ မျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်း အမျိုးသား (နှစ်ယောက်တွဲ)နှင့်အမျိုးသမီး(နှစ်ယောက်တွဲ)အသင်းတို့သည် ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် စက်တင်ဘာ ၂၁ ရက်က ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်အမျိုးသားပိုက်ကျော်ခြင်း (နှစ်ယောက်တွဲ)အသင်းက ဂျပန်လက်ရွေးစင်အမျိုးသားအသင်းအား နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မြန်မာ့လက်ရွေးစင်အမျိုးသမီး(နှစ်ယောက်တွဲ)အသင်းက ဂျပန်လက်ရွေးစင်အမျိုးသမီးအသင်းအား နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

ဗိုလ်လုပွဲကို စက်တင်ဘာ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အမျိုးသား (နှစ်ယောက်တွဲ)အသင်းက ကိုရီးယားအမျိုးသားလက်ရွေးစင်အသင်းနှင့် လည်းကောင်း၊ မြန်မာ့လက်ရွေးစင်အမျိုးသမီး (နှစ်ယောက်တွဲ)အသင်းက လာအိုအမျိုးသမီးလက်ရွေးစင်အသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(အား/ကာ)**



စောငမန်း(ဝဲ)နှင့် ထွန်းထွန်းမင်း(ယာ)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

# စောငမန်းကို ထိုးသတ်အနိုင်ယူ၍ နံပါတ်တစ်လက်ဝှေ့ချန်ပီယံ ရွှေခါးပတ်ပိုင်ရှင်ဖြစ်ခဲ့သည့် ထွန်းထွန်းမင်း

**ရန်ကုန် စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး H & S မှ စီစဉ်သည့် မြန်မာပြည်လက်ဝှေ့ချန်ပီယံလုပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ နံပါတ်တစ်ဘယ်သူလဲ ခေါင်းစဉ်ဖြင့် ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

# ပခုက္ကူမြို့နယ် မြစ်ခြေကျေးရွာတွင် အမျိုးသမီးနှစ်ဦး စကားများရန်ဖြစ်ရာမှ ပတ်ဝန်းကျင်ရှိ လူအုပ်စုများပါဝင်လာပြီး နေအိမ်နှင့် ဈေးဆိုင်ခန်းအတွင်းရှိ ပစ္စည်းအချို့ ဖျက်ဆီးမှုများဖြစ်ပွား

## နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိ

**ပခုက္ကူ စက်တင်ဘာ ၂၁**

ပခုက္ကူမြို့နယ် မြစ်ခြေကျေးရွာ၌ စက်တင်ဘာ ၂၀ ရက် ညပိုင်းတွင် အမျိုးသမီးနှစ်ဦး စကားများရန်ဖြစ်ရာမှ ပတ်ဝန်းကျင်ရှိ လူအုပ်စုများပါ ပါဝင်လာပြီး နေအိမ်နှင့်ဈေးဆိုင်ခန်းအတွင်းရှိ ပစ္စည်းအချို့ ဖျက်ဆီးမှုများ ဖြစ်ပွားခဲ့ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၂၀ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်တွင် မြစ်ခြေကျေးရွာ၌ အကြွေးတောင်းရာမှ အမျိုးသမီးနှစ်ဦး အပြန်အလှန်စကားများပြီး တစ်ဖက်မှ လင်ယောကျ်ားဖြစ်သူကပါ ဝင်ရောက်ရိုက်နှက်ခဲ့၍ အမျိုးသမီးတစ်ဦးမှာ ဒဏ်ရာများရရှိခဲ့သဖြင့် ည ၈ နာရီခန့်တွင် မြစ်ခြေတိုက်နယ်ဆေးရုံသို့ သွားရောက်ကုသမှုခံယူခဲ့ရကြောင်း သိရသည်။

ည ၉ နာရီခွဲခန့်တွင် ဒဏ်ရာရရှိသူ အမျိုးသမီး၏ ဆွေမျိုးမောင်နှမများနှင့် ပတ်ဝန်းကျင်ကျေးရွာမှ ရွာသူရွာသားများ မြစ်ခြေကျေးရွာသို့ စုရုံးရောက်ရှိလာပြီး ဘာသာရေးအဆောက်အအုံတစ်ခုနှင့်ဈေးဆိုင်ခန်းအား ဖျက်ဆီးရန်ကြိုးစားခဲ့ကြသဖြင့် ပခုက္ကူခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ပခုက္ကူမြို့မရဲစခန်းမှူးနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ ပူးပေါင်း၍ အဆိုပါကျေးရွာသို့ သွားရောက်ပြီး ကျေးရွာရပ်မိရပ်ဖများ၊ သံဃာများ၊ ဘာသာရေးခေါင်းဆောင်များနှင့် ညှိနှိုင်းထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

တာဝန်ရှိသူများက မြို့မိမြို့ဖများ၊ သံဃာတော်များ၊ ဘာသာရေးခေါင်းဆောင်များနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုံခြုံရေးဆောင်ရွက်ထားခြင်းတို့ကြောင့် ယခုအခါ နယ်မြေအခြေအနေမှာ တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း၊ အမျိုးသမီးအား ဒဏ်ရာရရှိအောင် ရိုက်နှက်ခဲ့သူ လင်မယားနှစ်ဦးကို မြစ်ခြေကျေးရွာရဲစခန်းတွင် အမှုဖွင့်ထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရာသီဥတု ရေမြေအနေအထားကြောင့် ပျောက်ဆုံးတောင်တက်သမားနှစ်ဦးအား ရှာမတွေ့နိုင်သေး

**ရန်ကုန် စက်တင်ဘာ ၂၁**

တက္ကသိုလ်ခြေလျင်တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းက ပျောက်ဆုံးနေသော တောင်တက်သမားနှစ်ဦးနှင့် ပတ်သက်၍ အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် တောင်တက်အဖွဲ့ဝင်များ၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက တော်ဝင်နှင်းဆီခန်းမ ရွှေဂုံတိုင်၌ ပြုလုပ်ခဲ့သည်။

အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်က ဖြစ်စဉ်ကို ရှင်းလင်းပြောကြားရာတွင် ဩဂုတ်လ ၃၁ ရက်နေ့ ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် တောင်ထိပ်သို့ ရောက်ရှိခဲ့ပြီး ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း နိုင်ငံတော်အလံ၊ အသင်းအလံ လွှင့်ထူခြင်းအပြင် ဘုရားဓာတ်တော်များ ဌာပနာခြင်း၊ မိခင်ဌာနသို့ သတင်းပို့ခြင်းများ ပြုလုပ်ခဲ့ကြပြီး နိုင်ငံတော်သီချင်း၊ အသင်းသီချင်းတို့ကို Base Teams နှင့် Summit Teams တို့ တစ်ပြိုင်နက် စကားပြောစက်ဖြင့် သီဆိုနေစဉ် ကိုဝေယံမင်းသူက ဘက်ထရီကုန်တော့မည်ဖြစ်ကြောင်း ပြောကြားပြီးနောက် Base Teams နှင့် အဆက်အသွယ်ပြတ်တောက်ခဲ့ကြောင်း၊ စက်တင်ဘာလ ၅ ရက်နေ့ ညနေတွင် ပြန်ဆုံရန်သတ်မှတ်ထားသော်လည်း ရောက်မလာသောကြောင့် တဟွန်ဒမ်းရွာမှ လမ်းပြ ကိုအန်းကွင်းကို အမြင့်ပေ

**စာမျက်နှာ ၈ ကော်လံ ၃ သို့** ❖




RB Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

## ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

Win & Brothers Co.,Ltd တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါရာထူးများအတွက် ဝန်ထမ်းများ အလိုရှိပါသည်။

1. မော်တော်ယာဉ်မှူး (ကျား-၁ဦး)
   - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
   - အသက်(၃၀)မှ (၃၅)နှစ်အတွင်း ဖြစ်ရမည်။
   - မော်တော်ယာဉ်လောင်စာဆီသုံးစွဲခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ယာဉ်ပြင်ဆင်မှုကုန်ကျစရိတ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်သူဖြစ်ရမည်။
   - မော်တော်ယာဉ်နှင့် ယာဉ်မောင်းများအား အကောင်းဆုံးစီမံခန့်ခွဲအုပ်ချုပ်နိုင်ရမည်။
   - ယာဉ်မောင်းလိုင်စင်ရှိ၍ မော်တော်ယာဉ်အမျိုးမျိုးကို ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူ ဖြစ်ရမည်။
   - မော်တော်ယာဉ်ဌာနနှင့်ပတ်သက်သော အစိုးရရုံးလုပ်ငန်းဆိုင်ရာများ ကျွမ်းကျင်ရမည်။
2. Sales Representative ကျား(၅)ဦး
   - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
   - အသက် ၂၅ နှစ်ဝန်းကျင် ဖြစ်ရမည်။
   - အရောင်းပိုင်းနှင့်သက်ဆိုင်သော လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိရမည်။
   - စာရင်းဇယားနိုင်နင်း၍ လူမှုဆက်ဆံရေးကောင်းမွန်သူ၊ ကျန်းမာရေးကောင်းမွန်၍ နေရာဒေသမရွေး ခရီးသွားလာနိုင်သူ ဖြစ်ရမည်။
3. Sales Helper ကျား(၅)ဦး
   - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
   - အသက်(၂၅)နှစ်ဝန်းကျင် ဖြစ်ရမည်။

မှတ်ချက် ။ ။ ရာထူးအားလုံးအတွက် နေရာဒေသမရွေး ခရီးသွားလာနိုင်ရမည်ဖြစ်သည်။ လုပ်ငန်းအတွေ့အကြုံပေါ် မူတည်၍ အသက်နှင့် ပညာအရည်အချင်းကို လျှော့ပေါ့စဉ်းစားပေးမည်။

လျှောက်ထားလိုသူများသည် လျှောက်လွှာတွင် မိမိလျှောက်ထားလိုသည့် ရာထူးနှင့်ခန့်မှန်းလစာတို့ကို ဖော်ပြ၍ လိုင်စင်ဓာတ်ပုံသုံးပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ ရဲစခန်း၊ ရပ်ကွက်ထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာအောင်လက်မှတ်မိတ္တူများနှင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်သည်။

လိုအပ်သောရာထူးနှင့်သက်ဆိုင်သည့် အရည်အချင်းပြည့်မီသော လျှောက်ထားသူများကိုသာ လူတွေ့စစ်ဆေးမည် ဖြစ်ပါသည်။

**အမှတ်(ည-၅/၆)၊ အသောကလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၉၆၈၈၉၅၂၊ ၀၁-၉၆၈၈၉၅၃၊ ၀၁-၉၆၈၈၉၅၄**

## ဝန်ထမ်းအမြန်အလိုရှိသည်

၁။ Project Engineer ကျား/မ (၅)ဦး
- M.E,B.E(Civil) ပြည်တွင်း၊ ပြည်ပတွင် အထပ်မြင့်ဆောက်လုပ်ရေး အတွေ့အကြုံ (၅)နှစ် အထက်ရှိသူ
- Auto Cad,MS Office ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။

၂။ Senior Engineer ကျား/မ (၅)ဦး
- B.E,A.G.T.I (Civil,Electrical,Mechanical)ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ် အထက်ရှိသူ
- Auto Cad,MS Office ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။

၃။ Surveyor ကျား (၅)ဦး
- BE,A.G.T,I(Civil)တက္ကသိုလ်မှ ဘွဲ့ရရှိသူ၊ Survey လုပ်ငန်းအတွေ့အကြုံ (၃)နှစ်အထက်ရှိသူ

၄။ Site Manager ကျား (၅)ဦး
- ဘွဲ့ရအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဒီပလိုမာရရှိထားသူ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်အထက်ရှိသူ

၅။ Field Engineer ကျား/မ (၁၀)ဦး
- M.E,B.E(Civil,Electrical,Mechanical)ဘွဲ့ရပြီးသူ၊ အသက်(၂၆)နှစ်အောက် လုပ်ငန်းအတွေ့အကြုံရှိရန် မလိုပါ။

၆။ Junior Accountant မ (၂)ဦး
- B.Com,B.A(Eco), Any Gratuade(LCCI III)အောင်မြင်ပြီးသူ၊ အစမ်းရှင်းတမ်း ရေးဆွဲတတ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်၊ အသက်(၃၀)နှစ်အထက် ဖြစ်ရမည်။

၇။ Sale & Marketing ကျား/မ (၁၀)ဦး
- ဘွဲ့ရကွန်ဒိုတိုက်ခန်းများနှင့် Shopping Center တို့၏ ဈေးကွက်နှင့်အရောင်းလုပ်ငန်း အတွေ့အကြုံ(၃)နှစ်ရှိသူ
- ရုပ်ရည်ပြေပြစ်ကာ စကားပြောချိုသာပြီး ဆက်ဆံရေးကောင်းမွန်သူ ဖြစ်ရမည်။
- အသက်(၂၅)နှစ်အောက် ဖြစ်ရမည်။

၈။ Receptionist မ (၂)ဦး
- တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးသူ၊ ရုပ်ရည်ချောမောပြေပြစ်ကာ သွက်လက်ထက်မြက်မှုရှိရမည်။
- လူမှုဆက်ဆံရေးကောင်းမွန်ကာ ယဉ်ကျေးစွာ ပြောဆိုတတ်ရမည်။ မြန်မာ၊ အင်္ဂလိပ်လို ပြေပြစ်စွာ ပြောဆိုနိုင်ရမည်။

၉။ Driver ကျား (၅)ဦး
- ယာဉ်မောင်းလိုင်စင်သက်တမ်း (၃)နှစ်ရှိရမည်။ ရန်ကုန်မြို့တွင် ကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။
- အသက်(၃၅)နှစ်အထက် ဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင် CV Form၊ ပညာအရည်အချင်းထောက်ခံစာမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ တစ်လအတွင်း ရယူထားသော ရပ်ကွက်ထောက်ခံစာမူရင်း၊ ကာလာဓာတ်ပုံ (၁)ပုံ၊ အခြားတင်ပြလိုသော အထောက်အထားစာရွက်များနှင့်တကွ လူကိုယ်တိုင်(သို့) E-mail ဖြင့် ၅-၁၀-၂၀၁၄ ရက် နောက်ဆုံးထားပြီး လျှောက်ထားနိုင်သည်။

**လျှောက်ထားရမည့်လိပ်စာ-Htun Myat Aung Co.,ltd**
**အမှတ်(၅/၆)၊ ရွှေကိန္နရီအိမ်ရာ၊ လေးထောင့်ကန်လမ်းမကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၇၂၄၅၆၊ ၀၁-၅၆၄၅၃၀**
**Email address:htunmyataung.co@gmail.com**

## Vacancy Announcement

**(For Myanmar Nationals Only)**

We are inviting to the interested candidates who are eligible for the following position.

| | |
|---|---|
| Title: | **M-Health Project Manager (Mobile Health)** |
| Number of opening: | **One** |
| Duty Station: | **Yangon** |
| Duration: | 12 months full time initially (with three months probation) |
| Closing Date : | **26 September 2014** |

**Person Specification**

- Post-graduate qualifications in public health or relevant field
- Minimum 3 years experience in management positions for health and development projects/programmes preferably
- Strong background in sexual and reproductive health and HIV
- Previous experience working with mHealth programming is a plus
- Understanding of gender issues and a commitment to gender equality
- Understanding of diversity, non discriminatory work, and community mobilization
- Experience in coordination with different stakeholders, working in partnership with other actors
- Experience in financial management
- Strong leadership, planning, organizing, and problem solving skills
- Ability to conduct travels including to remote locations
- Excellent interpersonal, communication and presentation skills.
- Well developed computer literacy and experience in using MS Office
- Excellent oral and written English language skills

Interested persons should submit an application letter, curriculum vitae with relevant documents, NRC copy and a recent photo, to send email or to the following address.
Only short listed candidates will be contacted.

**Address: 524/10, New University Avenue Road, Saya San Ward, Bahan Township, Yangon.**
**Ph:01-544423,705657,4412409.Email:hrm.msim@gmail.com**

## ဝန်ထမ်းအလိုရှိသည်

**CRYSTAL DIAMOND LIVESTOCK CO.,LTD.**

**(Diamond Quality Chick & Feed)**

CRYSTAL DIAMOND LIVESTOCK CO.,LTD(Diamond Quality Chick & Feed)သည် မြန်မာနိုင်ငံ၏ မွေးမြူရေးရှေ့ဆောင်ကုမ္ပဏီတစ်ခုဖြစ်ပြီး အရည်အသွေးမြင့် မွေးမြူရေးအစားအစာများ၊ မွေးမြူရေး အသားစားကြက်မျိုးရင်းများ၊ ကြက်သားပေါက်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် သွက်လက်၊ နိုးကြား တက်ကြွသော အောက်ပါဝန်ထမ်းများ အလိုရှိသည်။

| | | |
|---|---|---|
| 1. Supervisor (မျိုးရင်းကြက်ခြံ) | B.V.Sc | Male(3)Posts |
| 2. Technician (မျိုးရင်းကြက်ခြံ) | B.V.Sc | Male(5)Posts |
| 3. Supervisor (မွေးမြူရေးအစားအစာ) | B.V.Sc (or) Any Graduate | Male(5)Posts |

- မွေးမြူရေးလုပ်ငန်း အတွေ့အကြုံရှိသူများကို ဦးစားပေးမည်။
- လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ဘွဲ့လက်မှတ်မိတ္တူ၊ ဓာတ်ပုံတစ်ပုံတို့နှင့်အတူ ၃၀-၉-၂၀၁၄ ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာများအတိုင်း ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**လျှောက်လွှာလက်ခံမည့်နေရာများ**

**ရန်ကုန် - စ(၄၁)၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၀၁-၆၈၂၉၈၅၊ ၀၉-၇၃၀၄၉၃၇၉၊ ၀၉-၃၁၀၆၂၅၂၉**

**မန္တလေး - ၃၅ လမ်း၊ ၇၄×၇၅ ကြား၊ ချမ်းအေးသာဇံမြို့နယ်။**
**ဖုန်း-၀၂-၆၁၅၀၉၊ ၀၂-၃၆၃၀၉**

**နေပြည်တော် - ပ(၁၅၇)၊ ပွဲရုံတန်း၊ ဘောဂသီရိကားဝင်း။**
**ဖုန်း-၀၆၇-၂၇၀၀၈၊ ၀၉-၃၁၀၀၅၉၄၅**


(လစာကောင်းကောင်းပေးမည်။)

**78 Spa** မှ ဝန်ထမ်းအလိုရှိသည်။

၁။ ခြေထောက်နှိပ်နယ်ခြင်း **(Foot Reflexology)**

၂။ လက်သည်းခြေသည်း **(Manicure/Pedicure)**

**အမှတ်(၈၉/၉၁)၊ ဗိုလ်ချုပ်လမ်း၊ တတိယထပ်၊ လသာမြို့နယ်။**

**၀၉-၅၁၆၅၂၁၈၊ ၀၉-၇၃၁၂၂၉၉၉၊ ၀၉-၄၂၁၁၆၈၉၉**

